# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက် | ၂၀၂၁ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၀၈)


# ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်



**နေပြည်တော် ဧပြီ ၂၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များကို ယနေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး၊ လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးသည် အရေးကြီးကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှု မူဝါဒအမြန်ချမှတ် အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်


စာမျက်နှာ ၄ ကော်လံ ၁ ❋


# ရန်ကုန်မြို့ တိုင်းရင်းသားကျေးရွာကို မေ ၃ ရက်တွင် ဖွင့်လှစ်မည်

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်မြို့နေ ပြည်သူများ အပန်းဖြေအနားယူနိုင်ရန် သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာကို မေလ ၃ ရက်နေ့မှ စတင်၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မေလ ၂ ရက်နေ့တွင် ဖွင့်ပွဲကျင်းပမည်ဖြစ်ပြီး ၃ ရက်နေ့၌ အများပြည်သူ လာရောက်လည်ပတ်နိုင်မည်ဖြစ်ရာ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ အချိန်နှစ်ချိန်ခွဲ၍ ဖွင့်လှစ်မည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်အညီ နှာခေါင်းစည်း တပ်ဆင်ခြင်း၊ တစ်ဦးနှင့် တစ်ဦး ခြောက်ပေအကွာ တန်းစီဝင်ရောက်ခြင်း၊ လက်ဆေးကန်တွင် လက်ကိုဆေးကြောခြင်း၊ တိုင်းရင်းသားနေအိမ်သို့ ဝင်ရောက်ပါက လက်သန့်ဆေးရည်သုတ်လိမ်း၍


စာမျက်နှာ ၄ ကော်လံ ၅ ✻




# အနုပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်မည်

**နေပြည်တော် ဧပြီ ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များ၊ ပန်းချီပန်းပု ပညာရပ်များနှင့် တိုင်းရင်းသားများ၏ ဓလေ့ထုံးစံများအား ထိန်းသိမ်းဖော်ထုတ်မြှင့်တင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် အနုပညာမျိုးဆက်သစ်များ လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အနုပညာမျိုးဆက်သစ်များ ပေါ်ထွန်းလာစေရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာအထက်တန်းကျောင်း (ရန်ကုန်) ကို ၁၉၅၂ ခုနှစ်တွင်လည်းကောင်း၊ အနုပညာအထက်တန်းကျောင်း(မန္တလေး)ကို ၁၉၅၃ ခုနှစ်တွင်လည်းကောင်း စတင်ဖွင့်လှစ်၍ ပန်တျာသင်တန်းနှင့် ပန်းချီပန်းပုသင်တန်းများကို သင်ကြားပေးလျက်ရှိသည်။

ပန်တျာသင်တန်းတွင် အက (အမျိုးသား၊ အမျိုးသမီး)၊ ဆိုင်း၊ နှဲ၊ တယော၊ စန္ဒရား၊ စောင်းနှင့် ပတ္တလားဘာသာရပ်များကို သင်ကြားပို့ချပြီး မသင်မနေရ ဘာသာရပ်အဖြစ် သင်္ကေတ၊ ကဗျာနှင့် အဆို ပညာရပ်များကို လည်းကောင်း၊ ပန်းချီပန်းပုသင်တန်းတွင် အခြေခံပန်းချီ၊ လုပ်ငန်းပန်းချီ၊ ရသပန်းချီ၊ မြန်မာ့ရိုးရာပန်းချီနှင့်


စာမျက်နှာ ၄ ကော်လံ ၅ ◆

# ဖောင်းပွထားသည့် ကိန်းဂဏန်းများ

လူ့သဘာဝအရ စိတ်ခံစားမှုသည် အလွယ်တကူ ဖြစ်နိုင်သော်လည်း ဆင်ခြင်စဉ်းစားရန်အတွက်မှာမူ အလေ့အထလည်း ရှိပါမှ၊ ဆင်ခြင်စဉ်းစားနိုင်သည့် ဉာဏ်အရည်အသွေးလည်း ရှိပါမှ ဖြစ်နိုင်သည်။ သို့ဖြစ်သည့်အတွက် လူအများစုမှာ စိတ်ခံစားမှုကိုသာ ဦးစားပေးတတ်ကြသည်။ နောက်ထပ် လူ့သဘာဝတစ်ခုမှာ ကောင်းသတင်းထက် ဆိုးသတင်းကို လည်းကောင်း၊ အပြုအဖြစ်သတင်းထက် အပျက်အဖျက်သတင်းကိုလည်းကောင်း ပို၍စိတ်ဝင်စားတတ်ကြခြင်းဖြစ်သည်။ နောက်ထပ် လူ့သဘာဝတစ်ခုမှာ အမှားတစ်ခုကို အမှန်အဖြစ် အကြိမ်ကြိမ်အထပ်ထပ် ကြားသိလာရသည်နှင့်အမျှ အမှန်ဟူ၍ လက်ခံလာတတ်ကြခြင်းဖြစ်သည်။

ဆိုခဲ့ပါ လူ့သဘာဝတို့ကို အသုံးချကာ နိုင်ငံရေးအဖွဲ့အစည်းများ၊ ကျင့်ဝတ်နှင့်သိက္ခာမဲ့သည့် သတင်းမီဒီယာများက ၎င်းတို့၏ ဝါဒဖြန့်ချိရေးလုပ်ငန်းများ၊ သတင်းဖြင့် စီးပွားရှာသည့် လုပ်ငန်းများ တွင်ကျယ်အောင်မြင်ရေး၊ ရည်မှန်းချက်ပေါက်မြောက်ရေးအတွက် ဆောင်ရွက်လေ့ရှိကြသည်။ မိမိတို့နိုင်ငံတွင် လူသုံးများသည့် လူမှုကွန်ရက်မီဒီယာဖြစ်သည့် ဖေ့စ်ဘုတ်တွင် ရေးသားဖော်ပြမှုများ၊ မှတ်ချက်ပြုမှုများကို ကြည့်လျှင် လူတို့၏သဘာဝကို ထင်ထင်ရှားရှား တွေ့နိုင်သည့်အလျောက် ဖေ့စ်ဘုတ်မှတစ်ဆင့် ဝါဒဖြန့်ချိမှု၊ အမှားကို အမှန်လုပ်မှု၊ သတင်းအတုအယောင်၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ အကြိမ်ကြိမ်အထပ်ထပ် ဖော်ပြမှုတို့ကို တွေ့ရှိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းမှစကာ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့သူများ၏ အရေအတွက်ကို မြန်မာနိုင်ငံအတွင်း၌ မရှိသည့် တရားမဝင်အဖွဲ့အစည်းတစ်ခုက အခြေအမြစ်မဲ့ဖော်ပြခဲ့ပြီး ၎င်းအရေအတွက်ကိုပင် ပြည်ပသတင်းဌာနအချို့က ကိုးကားဖော်ပြခဲ့သည်။ ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများကို အင်အားသုံးဖိနှိပ်ဖြိုခွင်းသတ်ဖြတ်ခဲ့သည့် အနေအထားမျိုး သတင်းတွင် ပုံဖော်ခဲ့ကြခြင်းလည်းဖြစ်သည်။ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် နိုင်ငံတကာနှင့် ပြည်သူလူထုက အထင်အမြင်လွဲမှားလာစေရန် ရည်ရွယ်၍ အစိုးရယန္တရားကို ပျက်ပြားစေလိုသည့် အဖျက်သမား သောင်းကျန်းသူများနှင့် ၎င်းတို့ကို ထောက်ခံအားပေးသည့် ပြည်ပလက်ဝေခံ မီဒီယာများ၏ လုပ်ကြံမှုပင်ဖြစ်သည်။

လူမှုကွန်ရက်တွင် တင်ထားသော အခြေအမြစ်မရှိသည့် သတင်းအတု၊ သတင်းအမှားများကို အခြေခံ၍ စုစည်းထားသည့် ကိန်းဂဏန်းများကို မြန်မာပြည်တွင်း၌ မရှိသော တရားမဝင်အဖွဲ့အစည်းတစ်ခုက အမှန်တကယ်သေဆုံးသည့်စာရင်းအဖြစ် ထုတ်ပြန်နေခြင်းဖြစ်ပြီး စနစ်တကျ မှတ်တမ်းတင်ထားသည့် စာရင်းထက် သုံးဆခန့် ပိုမိုဖောင်းပွနေသည့် ထိုအတုအယောင်စာရင်းကိုပင် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးကို မလိုလားသည့် မီဒီယာများက ရည်ရွယ်ချက်ရှိရှိ အသုံးပြုနေခြင်းပင်ဖြစ်သည်။

မည်သည့်နိုင်ငံမဆို မြို့ရွာများ တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့ ဆောင်ရွက်ကြရာတွင် အခြေအနေအပေါ်လိုက်၍ လိုအပ်သလို ဆောင်ရွက်ကြရစမြဲပင်ဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ဆူပူအကြမ်းဖက် လူစုလူဝေးများကို ထိန်းသိမ်းရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရုန်းရင်းဆန်ခတ်မှု လက်စွဲဥပဒေ (၁၉၅၆)ခုနှစ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်း လက်စွဲစာစောင် (၂၀၁၅) ခုနှစ်ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်လျက်ရှိသည်။ ရဲစခန်းများကို လူစုလူဝေးဖြင့် စီးနင်းခြင်း၊ သေစေနိုင်သည့် လက်နက်ခဲယမ်းများ စွဲကိုင်၍ ရင်ဆိုင်တိုက်ခိုက်ခြင်းတို့ကိုမူ ၎င်းတို့၏ အတိုင်းအတာအလိုက် အကန့်အသတ်ဖြင့် တုံ့ပြန်ပစ်ခတ်ခြင်းသာဖြစ်သည်။

အကြမ်းဖက်သူ လူစုလူဝေးများက “ငါနှင့်မတူ ငါ့ရန်သူ” ဟူ၍သဘောထားကာ အေးချမ်းစွာနေလိုသူ အပြစ်မဲ့ပြည်သူများအား ဒလန်/သတင်းပေးဟု စွပ်စွဲပြီး ရက်စက်စွာသတ်ဖြတ်ခြင်း၊ လူ့ဂုဏ်သိက္ခာဆုံးရှုံးစေသည်ထိ လူမဆန်စွာပြုမူခြင်းတို့ကြောင့် သေဆုံး/ဒဏ်ရာရသူများ၊ ဖျက်ဆီးခံရသည့် အိမ်ရာများ၏ ကိန်းဂဏန်းအရေအတွက်တို့မှာမူ တစ်ဖက်စောင်းနင်း မီဒီယာများက မသိကျိုးကျွန်ပြုကာ နှုတ်ဆိတ်နေကြသည့် ကိန်းဂဏန်းများဟုဆိုရမည် ဖြစ်ပါကြောင်း။ ။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## AIBD မှ ကျင်းပသည့် ဒစ်ဂျစ်တယ်လုံခြုံမှုနှင့် ပတ်သက်သည့် အွန်လိုင်းဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများတက်ရောက်




နေပြည်တော် မေ ၂၈

အာရှပစိဖိတ်ဒေသတွင်း ရုပ်သံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း Asia– Pacific Institute for Broadcasting Development (AIBD) မှ UNESCO's IPDC နှင့် ပူးပေါင်း၍ သတင်းထောက်များ၊ မီဒီယာလုပ်ငန်း လုပ်ကိုင်နေသူများ ဆိုက်ဘာလုံခြုံရေး ကိစ္စရပ်များတွင် ပိုမိုသိရှိလိုက်နာနိုင်ရန်၊ ဒစ်ဂျစ်တယ်လုံခြုံမှုနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ယနေ့တွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ သတင်းထောက် ၃၀ ကျော် တက်ရောက်ခဲ့ပြီး ဒစ်ဂျစ်တယ်အသုံးပြုမှုတွင် လုံခြုံစိတ်ချရစေရန် ဆောင်ရွက်ရမည့် အချက်များကို ထည့်သွင်းဆွေးနွေးကြသည်။

အဆိုပါ သင်တန်းသည် ယနေ့ခေတ်၌ တွင်ကျယ်စွာ အသုံးပြုနေသည့် အင်တာနက် အသုံးပြုမှုနှင့် ပတ်သက်သည့် အချက်အလက်များ လုံခြုံစိတ်ချနိုင်ရေး၊ ဘေးအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့်အချက်များ၊ ဆော့ဝဲများ အသုံးပြုမှုတွင် လုံခြုံစိတ်ချရသည့် ဆော့ဝဲများကို ပိုမိုအသုံးပြုရန်နှင့် အီးမေးလ် အသုံးပြုမှုတွင် ယုံကြည်စိတ်ချရသည့် အခြေအနေများတွင်သာ တတ်နိုင်သမျှ အသုံးပြုနိုင်ရန် အချက်များကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် မိုဘိုင်းဖုန်းနှင့် ကွန်ပျူတာများကို ဝင်ရောက်တတ်သည့် ဗိုင်းရပ်စ်များအကြောင်း၊ မိမိတို့ အသုံးပြုသည့် Account Password ထားရှိရာတွင် သိသင့်သိထိုက်သည့် အချက်များကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲကို အွန်လိုင်းမှ တစ်ဆင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မေ ၂၈ ရက်မှ ၂၉ ရက် အထိ နှစ်ရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

○ **လူငယ်အချို့ဟာ နယ်ခြဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

## အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ခြင်းသာဖြစ်ပြီး အာဏာသိမ်းခြင်းမဟုတ်

မဲစာရင်းမသမာမှုကိစ္စကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရှင်းလင်းပေးရန် ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှုမရှိခဲ့ကြောင်း၊ တပ်တွင်းမဲရုံများ ပြင်ပ၌ထားရှိရန်ကိစ္စကိုလည်း မိမိအနေဖြင့် ချက်ချင်းသဘောတူခဲ့ကြောင်း၊ သို့သော်လည်း တပ်မဲရုံများပါဝင်သည့် မြို့နယ်၏ မဲစာရင်းအားကြည့်ရှုရန် တောင်းခံသည့်အခါ မပေးခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ် ဖွဲ့စည်းပြီးနောက် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမှ မြို့နယ် ၉၈ မြို့နယ်တွင် မဲစာရင်းများ စစ်ဆေးဆောင်ရွက်ခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မဲစာရင်းနှင့် လဝကမဲစာရင်း ၄ သန်းလောက် ကွာခြားနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးထားသူ ၁ သန်းကျော်ရှိပြီး ၉၈ မြို့နယ်အတွင်း မဲလက်မှတ်များ ရေတွက်ကြည့်ချိန်တွင် ထုတ်ယူမှု ၁၄ သန်း ကျော်ရှိသော်လည်း အသုံးပြုမှု ၉ သန်း ကျော်ရှိကြောင်း၊ မဲလက်မှတ် ၅ သောင်းကျော် ပျောက်ဆုံးနေသည်ကိုတွေ့ရကြောင်း၊ တပ်မတော်မှတွေ့ရှိခဲ့သည့် မဲမသမာမှုနှင့်စပ်လျဉ်း၍ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကိုခေါ်ယူ၍ ဖြေရှင်းပေးရန် စာပို့ခဲ့သော်လည်း ဥပဒေအရ ဆောင်ရွက်၍မရဟု အကြောင်းပြခဲ့ကြောင်း၊ အဓိကမှာ လွှတ်တော်ကျင်းပမှုကို ရက်ရွှေ့ပေးရန် တတိယအဖွဲ့အစည်းတစ်ခု အပါအဝင် စစ်ဆေးရေးအဖွဲ့ဖြင့် မဲစာရင်းစစ်ဆေးရန် တောင်းဆိုခဲ့သော်လည်း လက်မခံခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယာယီသမ္မတ၏ တာဝန်ပေးချက်အရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ခြင်းသာဖြစ်ကြောင်း၊ အာဏာသိမ်းခြင်း မဟုတ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဧပြီ ၂၈**

ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ပူးပေါင်းပါဝင်**

ရှေးဦးစွာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က အဖွင့်အမှာ စကားပြောကြားရာတွင် ကျောင်းသုံးစာအုပ်များ ပုံနှိပ်ဖြန့်ချိခြင်း လုပ်ငန်းတာဝန်သည် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့အပြင် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစရှိသည့် အစိုးရဌာနများ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရသည့် နိုင်ငံလုံးဆိုင်ရာ ကျယ်ပြန့်သော တာဝန်ကြီးဖြစ်ပါကြောင်း။

အားလုံး စည်းလုံးညီညွတ်စွာ ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ခဲ့ကြသဖြင့် နှစ်စဉ်နှစ်တိုင်း အောင်မြင်ချောမောခဲ့ပါကြောင်း၊ အခြေခံပညာကျောင်းများရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၏ လက်ဝယ်သို့ အချိန်မီအရောက် ပို့ဆောင်နိုင်ရေးမှာ ပို့ဆောင်ရေးဌာနများ (မီးရထား၊ ကုန်ကား၊ ရေကြောင်းသာမက ဝေးလံခေါင်ဖျားဒေသများသို့ လေကြောင်းတို့ဖြင့်) လက်တွဲ လုပ်ဆောင်ခဲ့ရကြောင်း၊ စာသင်နှစ်အမီ နောက်မကျအောင် စီမံလုပ်ဆောင်ခဲ့ကြပါကြောင်း။

**အဓိကတာဝန်ရှိ**

ပုံနှိပ်ရေးအပိုင်းတွင် မှန်ကန်ရေးနှင့် အရည်အသွေးစံချိန်စံညွှန်းကိုက်ညီရေး၌ ပြန်ကြားရေးဝန်ကြီးဌာနတွင် အပြည့်အဝတာဝန်ရှိသကဲ့သို့ ဖြန့်ချိရေး၊ အချိန်မီ ရောက်ရှိရေးသည် ခရိုင်၊ မြို့နယ်အသီးသီး၌ ရှိကြသော ပညာရေးဝန်ထမ်း အဆင့်ဆင့် အပါအဝင် ပညာရေးဝန်ကြီးဌာနက အဓိကတာဝန်ရှိပါကြောင်း၊ နှစ်လွှာပေါင်းမှ တစ်ရွက်မည်သော စွယ်တော်ရွက်ပမာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့သည် အစဉ်အဆက် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အခက်အခဲအမျိုးမျိုးကို ဖြေရှင်းအောင်မြင်ခဲ့ကြောင်း၊ ဆက်လက်၍ တက်ရောက်လာသော ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက ရင်းနှီးပွင့်လင်းစွာ အကြံပေးဆွေးနွေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင် က ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီ၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေး ဆပ်ကော်မတီ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါ လက်ခံရေးနှင့် စိစစ်ရေး ကော်မတီ၊ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ အရည်အသွေးစိစစ်ရေးအဖွဲ့၊ မျက်မြင်စစ်ဆေးရေးအဖွဲ့တို့၏ လက်ရှိဖွဲ့စည်းထားရှိမှုနှင့် ပြင်ဆင်ရန်လျာထားမှု အခြေအနေကိုလည်းကောင်း၊ ယခုနှစ် ကျောင်းသုံးစာအုပ်ရိုက်နှိပ်ခဲ့မှုနှင့် လက်ရှိကြုံတွေ့ရသည့် အခက်အခဲများ၊ ကျော်လွှားနိုင်မည့် နည်းလမ်းများကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းစဉ်များကို လည်းကောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း တို့က ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များနှင့် သင်ရိုးသစ်အတန်းများအတွက် ကျောင်းသုံးစာအုပ်များ အရည်အသွေးပြည့်မီစွာ အချိန်မီရိုက်နှိပ်ဖြန့်ချိနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကျောင်းသုံးစာအုပ်များရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် အမြန်ဆုံးစီမံဆောင်ရွက်မည်

**နေပြည်တော် ဧပြီ ၂၈**

ဒေသဝမ်းစာဖူလုံရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မူဝါဒများချမှတ်ပေးထားရာ တိုးချဲ့မြို့ပြ စီမံကိန်းများနှင့် စီးပွားရေးအထူးဇုန်များကို စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်း မရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် အချက်များလည်း အပါအဝင်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး က ပြောကြားသည်။

ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။



### အထူးဂရုပြုစိစစ်ဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးအပါအဝင် လုပ်ငန်းအသီးသီး ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့် အသုံးပြုခွင့်များကို မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိအသုံးချနိုင်ရေးအတွက် အမြန်ဆုံးစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့် အသုံးပြုခွင့် လျှောက်ထားမှုများတွင် မြေများအပေါ် လက်ဦးရယူခြင်းနှင့် ရောင်းကုန်ဈေးကွက်သဖွယ် ဆောင်ရွက်ခြင်းများ မဖြစ်စေရေးအတွက် သက်ဆိုင်ရာကော်မတီအဆင့်ဆင့်က အထူးဂရုပြုစိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်နှင့် ဗဟိုကော်မတီဝင်များ စုံညီစွာတက်ရောက်ကြပြီး ဗဟိုကော်မတီအတွင်းရေးမှူး ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းစာတွဲများကို တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းအကြောင်းအရာ တစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ပထမအကြိမ် ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးတွင် တိုင်းဒေသကြီး ပြည်နယ် စီမံခန့်ခွဲရေးကော်မတီအချို့က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၃-က နှင့်အညီ တင်ပြလာသည့် တိုင်းဒေသကြီး ပြည်နယ် စီမံခန့်ခွဲရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရမည့် ဒေသခံလူမျိုးစုကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းကိုယ်စားလှယ်များ ၊ သင့်လျော်သည့် ပညာရှင်များ၏ စာရင်းများနှင့် ပတ်သက်၍လည်းကောင်း၊ ယခင်အစိုးရကာလ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားမှတ်ချက်ပြန်ကြားလာသည့် အမှုတွဲများကိုစိစစ်ခြင်း၊ လက်ရှိကာလတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက် တောင်းခံထားသည့် အမှုတွဲများကို စိစစ်ခြင်း ၊ ဗဟိုကော်မတီသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ ပုဒ်မ ၈-က(ခ) အရ အယူခံ ဝင်ရောက်လာသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### ထိရောက်စွာ အရေးယူ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် ယခင်ကာလများက မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများကို လုပ်ကိုင်အသုံးပြုရန် အကြောင်းအမျိုးမျိုးဖြင့် ရယူထားပြီး အကောင်အထည်ဖော်ရန် ခွင့်ပြုသတ်မှတ်ကာလ ကျော်လွန်နေသည့် ဧရိယာများကိုလည်း အထူးအဖွဲ့များဖွဲ့စည်း၍ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း၊ အလားတူ သတ်မှတ်မြေခွန်တော် ကင်းလွတ်ခွင့် ကာလကုန်ဆုံးခဲ့ပြီး နှစ်စဉ်ပုံမှန်မြေခွန်တော် ပေးဆောင်ရန် အချိန်စေ့ရောက်သော်လည်း ပျက်ကွက်နေမှုများအပေါ် မြေခွန်တော် ကြွေးကျန်မရှိစေရေးအတွက် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

✻ *ရှေ့ဖုံးမှ*

သွားရမည် ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အချိန်တိုတိုအတွင်း ရလဒ်ကောင်းများ ရရှိမည့် လုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသား ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးဌာနများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ဖြစ်ကြောင်း ပြောကြားသည်။

### ပြန်လည်ရှင်းလင်း

ထို့နောက် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ/ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌက မွန်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်နယ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီတို့မှ ခွင့်ပြုထားသော လုပ်ငန်းများ အနက်မှ ရပ်တန့်နေသော လုပ်ငန်းများ၊ လက်ရှိအခြေအနေမှ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များနှင့် လက်ရှိဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖြေရှင်းဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာတွေ့ဆုံ၍ တင်ပြလာသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

---

◆ *ရှေ့ဖုံးမှ*

ပန်းပုပညာရပ်များကို လည်းကောင်း၊ စာပေဘာသာရပ်နှင့် တွဲဖက်ကာ ၃ နှစ် သင်တန်းများအဖြစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ် သင်တန်းများအားလုံး ပြီးဆုံးခဲ့ပြီး ၂၀၂၀-၂၀၂၁ ပညာသင်နှစ် သင်တန်းများ စတင်ဖွင့်လှစ်ချိန်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် အနုပညာ အထက်တန်းကျောင်းများ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သင်တန်းများကို ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၃ ရက်မှစ၍ ရပ်နားထားခဲ့ရပါသည်။

ယခုအခါ အဆိုပါ ပန်တျာသင်တန်းနှင့် ပန်းချီပန်းပုသင်တန်းများအား ၂၀၂၁ ခုနှစ်၊ မေ ၃ ရက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်၊ တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် ဧပြီ ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော် ဆေးရုံများနှင့် ယာယီကုသရေး ဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၇၀၃၂၀၊ အတွင်းလူနာ ၄၄၆၄ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများ အနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၇၉၅၃ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၀၆၈ ဦး၊ စုစုပေါင်း ၁၂၀၂၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၄၁၂၆ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၆၃၅၈ ဦးကို သာမန်မွေးဖွား ပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၀၄၈၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော် အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

✻ *ရှေ့ဖုံးမှ*

တစ်ကြိမ်လျှင် ၁၀ ယောက် ဝင်ရောက်ကြည့်ရှုခြင်းတို့ကို လိုက်နာဆောင်ရွက်နိုင်ရန် တိုင်းရင်းသားကျေးရွာအတွင်း ဗီနိုင်းစာသားတို့ဖြင့် အများပြည်သူကို အသိပေးထားကြောင်း သိရသည်။

“တိုင်းရင်းသား ရှစ်မျိုးကို ပြသထားပါတယ်။ ပြီးတော့ တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေတဲ့ ဆလုံလူမျိုးတို့ရဲ့ နေထိုင်မှုပုံစံကို ပြသထားတယ်။ ပြီးတော့ နန်းမြို့မျှော်စင်မှာ တိုင်းရင်းသားတွေ ဝတ်စားဆင်ယင်ပုံနဲ့ ရိုးရာရုပ်တုပုံတွေကို ပြသထားတယ်။ အရိပ်အာဝါသ ကောင်းမွန်တဲ့အတွက် ရန်ကုန်မြို့ရဲ့ အပူဒဏ်ကို ရှောင်ရှားနိုင်တဲ့အပြင် လေကောင်းလေသန့်ရတာကြောင့် ကလေးတွေအတွက် ပိုပြီးပျော်ရွှင်စေမှာပါ။ ကလေးကစားကွင်းလည်း စီမံပေးထားတာကြောင့် အနားယူအပန်းဖြေနိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ” ဟု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) တာဝန်ခံအရာရှိ ဦးမျိုးဝင်းက ပြောသည်။

တိုင်းရင်းသားကျေးရွာဖွင့်ပွဲကို မေ ၂ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မေ ၃ ရက်မှ စတင်၍ ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းနှင့်အညီ အချိန်နှစ်ချိန်ခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ညိမ်းသူ၊ ဓာတ်ပုံ - ကနူး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သစ်တောများပြုန်းတီးရခြင်း အကြောင်းရင်းတစ်ခုဖြစ်သော မြေအသုံးချမှုပြောင်းလဲခြင်းကိုအထူးဂရုပြုဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်းအကွက်အမှတ် ၂၉၊ ၃၀ ရှိ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ လှူဒါန်းငွေဖြင့် စိုက်ပျိုး တည်ထောင်ခဲ့သော ၂၀၁၉ ခုနှစ်၊ ဂေဟစနစ် ဖြည့်တင်းရေး စိုက်ခင်းဧက ၁၀၀ နှင့် ၂၀၂၀ ပြည့်နှစ်၊ ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း ဧက ၁၀၀ တို့၏ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး၊ နေပြည်တော် ကောင်စီနယ်မြေက ဆောင်ရွက် ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**အထူးအလေးထား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်တောများ ကာကွယ် ထိန်းသိမ်းခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း အမြင့် နှစ်ပေခန့် ပျိုးပင်များဖြင့် စိုက်ပျိုး ဆောင်ရွက်ရန်နှင့် တစ်ပင်စိုက် တစ်ပင်ရှင်အောင် ကြိုးစား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရာသီဥတု



ပြောင်းလဲမှု Climate Change နှင့်ပတ်သက်၍ သစ်တောသစ်ပင်များ၏ အခန်းကဏ္ဍမှာ လွန်စွာ အရေးကြီးကြောင်း၊ တရားမဝင် သစ်ဖမ်းဆီးရေး ကိစ္စများအား အထူးအလေးထား ဆောင်ရွက်ရန်နှင့် လုံခြုံရေး သတိအမြဲရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် သစ်တောများ ပြုန်းတီးရခြင်း၏ အကြောင်းရင်း တစ်ခုဖြစ်သော မြေအသုံးချမှု ပြောင်းလဲခြင်းကိုလည်း အထူးဂရုပြု စိစစ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း လုပ်ငန်းများကိုလည်း ဆက်လက်ကြိုးစား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်-ကံပြားလမ်း၊ မြို့သစ်ကြိုးဝိုင်း အကွက်အမှတ် ၅ ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ စိုက်ပျိုးတည်ထောင်ထားသော ၂/၂၀၁၈ အခြားစိုက်ခင်း ဧက ၂၀ နှင့် ၂၀၁၉ ခုနှစ်၊ သစ်မျိုးစုံစိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေနံချောင်းမြို့နယ် မကွေး-ရေနံချောင်းကားလမ်း မိုင်တိုင် ၃၅၃/၀ အနီး ဖန်ခါးစမ်း ပျိုးဥယျာဉ်ရှိ ပျိုးပင် ၁ သိန်း ပျိုးထောင်ထားရှိမှုနှင့် အထူး စိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်း Greening Complex Zone တွင် စိုက်ပျိုးမည့် ပျိုးပင်ကြီးများ ပျိုးထောင်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရေနံချောင်းမြို့ရှောင်လမ်း မိုင်တိုင် ၆/၃ အနီး အထူးစိမ်းလန်း စိုပြည်ရေးဇုန်စီမံကိန်း Greening Complex Zone စီမံကိန်းဧရိယာအတွင်း ၂၀၂၀ ပြည့်နှစ်က ပျိုးပင်ကြီးများဖြင့် စိုက်ပျိုးခဲ့သော အပင်များ၏ ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးပြီး ၂၀၂၁ ခုနှစ်အတွက် မိုးကြို ရေလောင်းစိုက်ပျိုးမည့် အပင်များအတွက် ကြိုတင်အဖွင့် စိုက်ပျိုးပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချောက်မြို့နယ် ကျောက်တန်းအုပ်စု ကန်သာကျေးရွာရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တည်ထောင်ပေးထားသော ဂါလန် ၅၀၀၀ ဆံ့ မိုးရေစုကန်၏ ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချောက်မြို့နယ် ရွှေပုံတောင်အနီး ၂၀၂၀ ပြည့်နှစ်က မိုးကြိုရေလောင်းစိုက်ပျိုးခဲ့သည့် အထူးစိမ်းအပင်ကြီး ၂၄၃ ပင်၏ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ သစ်တောဦးစီးဌာနနှင့် Japan International Forestry Promotion and Cooperation Center - JIFPRO တို့ ပူးပေါင်းဆောင်ရွက်ထားသည့် လက်ထုတ်နှင့် ခက်လန်းကန် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခြင်း စီမံကိန်း ဧက ၂၄၀ ၏ ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူလူထု၏ စိတ်ဝင်စားမှု ပိုမိုရရှိအောင် ဆောင်ရွက်ရေး၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိစေရေးအတွက် ရရှိလာမည့် အကျိုးကျေးဇူးများကို ဒေသခံပြည်သူလူထုကို သိရှိနားလည်အောင် ရှင်းလင်း ဆောင်ရွက်သွားရန် မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညောင်ဦးမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းက တည်ထောင်ထားသော ပလင်းကမ်းသာယာဆင်စခန်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ တိုင်းတာဝန်ခံများက မိမိတို့ တိုင်းဒေသကြီးအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနက တည်ထောင်ထားသောနဘူးတောအမြဲတမ်း ပျိုးဥယျာဉ်ရှိ လူထုဖြန့်ပျိုးပင် ၆၅၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ရေဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၈**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့နံနက်ပိုင်း တွင် ရေဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) က စားသောက်ကုန်များ၊ သုတ၊ ရသ၊ စာအုပ်/စာစောင်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)က ရေဝတီရေတပ်စခန်း ဌာနချုပ်မှ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တရားဝင်အစိုးရ ဖြစ်ချင်တဲ့ ဝေဒနာ

## ထွန်းထွန်း(ခရေရိပ်)

ကိုလိုနီလက်သစ်ဝါဒီတွေနဲ့ ပူးပေါင်းပြီး နိုင်ငံတော်အာဏာကို ကိုယ်ကျိုးစီးပွားအတွက် ဖြတ်လမ်းမှ ရယူလိုသူ၊ သူ့ကိုယ်သူ ဘာတဲ့ -- Government ဆိုပြီး ဘဝင်မြင့်နေတဲ့ NLD , CRPH , NUG အုပ်စုတွေဟာ လေထဲမှာပဲ ဘာလုပ်ကြပါ၊ ညာလုပ်ကြပါ ရဲရဲတောက် ကြွေးကြော်ပေးပြီး အဝေးက ဆရာကြီးလုပ်နေတာ အခုဆိုရင် နှစ်လကျော်ကြာလာခဲ့ပါပြီ။ သူတို့ကြောင့် လူတွေသေရတာလည်း ရာကျော်လာပြီ။ ဘာမှလည်း ထူးခြားမလာပါ။

အစိုးရအခေါ်ခံချင်လို့ ဒုက္ခရောက်နေတဲ့သူကို လွတ်လပ်ရေးရစ မြန်မာခေါင်းဆောင်တွေက အမြော်အမြင်ရှိရှိ၊ သတ္တိရှိရှိနဲ့ ပထမဦးဆုံးစတင်ပြီး အသိအမှတ်ပြုခဲ့တဲ့ သမိုင်းတွေရှိခဲ့ဖူးပါတယ်။

၁၉၄၈-၄၉-၅၀ ခုနှစ် ဝန်းကျင်ကာလမှာ အသက် ၃၀ ကျော် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးခေါင်းဆောင်တွေက "တရုတ်ပြည်သူ့သမ္မတနိုင်ငံ" ကို ကမ္ဘာ့စင်မြင့်ထက်မှာ ခေါင်းမော့ရင်ကော့နိုင်အောင် ပထမဆုံး အသိအမှတ်ပြုခဲ့တဲ့ မြန်မာဆိုတာ နိုင်ငံတကာမှတ်တမ်းမှာ အထင်အရှားပါ။

### အမြော်အမြင်ကြီးမား

ဒီလိုပါပဲ။ အစ္စရေးနိုင်ငံ လွတ်လပ်ရေးစတင်ကြေညာတဲ့အခါမှာလည်း လွတ်လပ်တဲ့ နိုင်ငံတစ်ခုရဲ့ "အစ္စရေးအစိုးရအဖြစ်" ပထမဦးဆုံး အသိအမှတ်ပြုတာက မြန်မာနိုင်ငံ၊ အမြော်အမြင်ကြီးမားတဲ့ မြန်မာပါ။

နိုင်ငံတစ်နိုင်ငံအဖြစ် တရားဝင်ရပ်တည်နိုင်ဖို့အတွက် နိုင်ငံတကာ၊ ကမ္ဘာ့နိုင်ငံတွေရဲ့ အသိအမှတ်ပြုမှုလိုအပ်ပါတယ်။ နိုင်ငံ့အစိုးရ တစ်ရပ်ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ် အစိုးရပါဆိုပြီး တံဆိပ်ကပ်၊ ဆိုင်းဘုတ်ထောင်ရုံနဲ့ မရပါဘူး။

" နိုင်ငံတကာက လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရကို လက်မခံဘူးဆိုပြီး လူတွေ ဆူဆူပူပူ ဆက်လက်လုပ်ဆောင်ရဲအောင် မျှော်လင့်ချက်အမှားနဲ့ တမင်လိမ်လည်လှည့်စား (မှိုင်းသွင်း၊ ဂျင်းထည့်)တဲ့ စကားသက်သက်ပဲ" လို့ နိုင်ငံရေးလေ့လာ သုံးသပ်သူတစ်ဦးက ထောက်ပြခဲ့တာကို အမှတ်ရမိပါတယ်။

၂၀၂၁ ခုနှစ် ဧပြီ ၂၄ ရက်က အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပတဲ့ (မြန်မာနိုင်ငံအတွက် သီးသန့်ကျင်းပခဲ့တဲ့ ထူးထူးခြားခြား) အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးမှာ မြန်မာနိုင်ငံအစိုးရအဖွဲ့ရဲ့ အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ ကော်ဇောနီခင်းပြီး ထိပ်တန်းခေါင်းဆောင်ကြီးတစ်ဦးရဲ့ အဆောင်အယောင် အဆင့်အတန်းအပြည့်အဝနဲ့ ကြိုဆိုအသိအမှတ်ပြုခြင်းခံရတာ တစ်ကမ္ဘာလုံးက မျက်မြင်ထင်ရှားပါ။

"ဒီပွဲကို ဗိုလ်ချုပ်မှူးကြီး မတက်ရဲလောက်ပါဘူး။ တက်လာရင် R2P Director ဆိုတဲ့ ငနဲက ဖမ်းဆွဲထားလိုက်မယ်" ဆိုသူကဆို၊ စီးလာတဲ့ လေယာဉ်ကြီးကို ဘာလုပ်လိမ့်မယ်၊ ညာလုပ်လိမ့်မယ် ပြောသူက ပြော။

"မြန်မာနိုင်ငံအစိုးရ ခေါင်းဆောင်က သူ့ကို ဝိုင်းနှာ(ဝိုင်းဝန်းပြစ်တင်ရှုတ်ချ) ကြမယ့်ပွဲကို လုံးဝ မလာသင့်ဘူး။ ကိုယ်စားတစ်ယောက်ယောက် တက်ရင် ပြီးတာပဲ" လို့ ဆိုသူကဆို။

"Zoom Meeting အွန်လိုင်းဆွေးနွေးပွဲအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နေပြည်တော်ကနေ တက်တော့မယ်။ ဧပြီ ၂၄ ရက် အစည်းအဝေးကို မလာတော့ပါ"လို့ ဆိုသူက ဆိုပြန်ပါတယ်။

ဒါက တပ်မတော်ရဲ့ အတက်အဆုတ်၊ ဘာလုပ်ရင် သူဘာလုပ်မလဲ Search Fire ပစ်လွှတ်တာလည်း ဖြစ်ကောင်းဖြစ်မယ်။ မင်းတို့ ကစားတာလောက်တော့ ရယ်တာပေါ့လို့ နောက်ပြောင်တာလည်း ဖြစ်ချင်ဖြစ်မယ်။ အနောက်အုပ်စုက မတက်စေချင်လို့ တမင်သက်သက်လွှင့်တဲ့ သတင်းလည်း ဖြစ်နိုင်ပါတယ်။

### အကြောင်းမပြန်

ကြောင်စီစီဖြစ်အောင် အလုပ်ပေးလိုက်တော့ သူလျှိုစပိုင်၊ ဒလန်တွေ ပြေးရလွှားရ ဖြစ်သွားကြတာပေ့ါ။ CRPH, NUG က သူတို့ တက်ပါရစေလို့ စာပို့ပါတယ်။ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး လက်ခံကျင်းပမယ့် သက်ဆိုင်ရာ တာဝန်ရှိသူတွေက သူတို့စာကို ဖတ်ကြည့်ပုံတောင် မရပါဘူး။ ဘာမှ အကြောင်းမပြန်ခဲ့ပါဘူး။ ဘာများ အကြောင်းပြန်ကြားလာမလဲလို့ တမျှော်မျှော်နဲ့ ပြီးသွားပါလေရော။

CRPH, NUG မအောင်မြင်နိုင်ဘူးဆိုတာ အစောကြီးကတည်းက သုံးသပ်ပေးထားပြီးသားပါ။ လောလောဆယ် အခြေအနေအရဆိုရင်လည်း မအောင်မြင်တော့တာ ထင်ထင်ရှားရှား ပိုမြင်တွေ့လာရပါပြီ။ ဘယ်သူကမှ အရေးမလုပ်ကြဘူးဆိုတာ အရှင်းကြီးပါ။ အနောက်အုပ်စုက ဘယ်လိုပဲ ဝင်ရောက်မွှေနှောက်ပေမယ့် အာရှဟာ အာရှပါပဲ။ မြန်မာအစိုးရကို အသိအမှတ်မပြုရင် မြန်မာအစိုးရကလည်း အဲဒီနိုင်ငံသံရုံးကို မြန်မာနိုင်ငံမှာ ဖွင့်ခွင့်ပိတ်ပြီး မောင်းထုတ်လိုက်ရုံပဲ ရှိပါတယ်။ အသိအမှတ်မပြုဘူးဆိုရင် အဲဒီနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးကို ပိတ်ရဲသလား။ ဖြစ်နိုင်တဲ့၊ လုပ်လို့ရတဲ့ သဘောကို ပြောပြတာပါ။

### မရိုးသားမှုကို ရှက်ရကောင်းမှန်းမသိ

သို့ပေမယ့် ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နိုင်ငံကမှ မြန်မာနိုင်ငံအစိုးရကို အသိအမှတ်မပြုဘဲ မျက်နှာမလွှဲပါဘူး။ ရူးသွပ်နေတဲ့ နိုင်ငံရေးပါးမဝတဲ့ NLD, CRPH နဲ့ NUG အုပ်စုတွေကသာ ဗဟုသုတနည်းလွန်းလှတဲ့ တချို့လူတွေကို မှိုင်းတိုက်လိမ်ညာပြီး မဟုတ်မမှန်စကားတွေ၊ အရှက်မရှိ ပြောဆိုရေးသားနေတာပါ။ မရိုးသားမှုကို ရှက်ရကောင်းမှန်းမသိ၊ ကြောက်ရ ကောင်းမှန်းမသိ ဟီရိသြတ္တပ္ပဆိုတဲ့ လောကပါလတရားတွေ စောင့်ထိန်းမှုမရှိ အတော်လည်း မျက်နှာပြောင်တိုက်ကြပါပေတယ်။

စင်ပြိုင်အစိုးရဆိုပြီး တိုင်းပြည်ပျက်ချင် ပျက်ပလေ့စေ။ ကိုယ့်ပါတီ၊ ကိုယ့်အုပ်စု အာဏာရရေးအတွက် ပြည်သူ့သွေးနဲ့ လမ်းခင်းချင် ခင်းရပါစေ။ တစ်ပါးကျွန်ဘဝ ဩဇာခံ၊ ရုပ်သေး အစိုးရလုပ်ပဲလုပ်ရလုပ်ရဆိုတဲ့ (လောဘ၊ မောဟ၊ မာန) လွန်ကဲလမ်းလွဲလမ်းမှား ခေါင်းဆောင်အချို့ကြောင့် မြန်မာပြည် ဒီလို နစ်နာနစ်မွန်းခဲ့ရဖူးပါတယ်။

သခင်သန်းထွန်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ကျော်ဇော၊ သခင်ဗသိန်းတင်တို့ရဲ့ ဇာတ်သိမ်း မကောင်းပုံကို ကြည့်။

သခင်နု၊ ဗိုလ်ရန်နိုင်၊ ဗိုလ်လက်ျာ၊ ပြည်ပြေးအုပ်စုရဲ့ နိဂုံးချုပ်ပုံကိုကြည့်။ ပြည်ပြေးစိန်ဝင်း NLD အုပ်စုကို ကြည့်။ အလားတူပါပဲ။ မထူးဆန်းလှပါဘူး။

မျက်မှောက်ကာလ ဒီနေ့ခေတ် ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေ၊ ကပြနေတဲ့ ဇာတ်လမ်းဇာတ်ထုပ်မျိုးတွေဟာ အသစ်အဆန်းတော့ မဟုတ်လှပါဘူး။ ပြည်ပအင်အား အကူအညီ အထောက်အပံ့တွေကို အဓိကအားပြုပြီး ပြည်သူတွေရဲ့ လက်တွေ့ဘဝ၊ ပကတိ အခြေအနေနဲ့ ဝေးကွာလွန်းတဲ့ အတွေးမှားတွေနဲ့ ဩဇာခံဘဝ ကျရောက်ခဲ့ရပုံတွေဟာ ခေါင်းဆောင်မှုညံ့ဖျင်းမှု(လောဘ၊ မောဟ၊ မာနလွန်ကဲခြင်း) အရင်းခံအကြောင်းရင်း အမှန်ပါပဲ။ မသိမှုမောဟကြောင့် အမှားသံသရာ (Vicious Circle) ထဲ ကျရောက်ခဲ့ရတာဖြစ်ပါတယ်။ ဘယ်သူမပြု မိမိမှုပါပဲ ။ ပြုရင် ခံရရုံသာ ရှိပါတယ်။

သိကြားမင်းလည်း မကယ်နိုင်ပါဘူး။ ကိုယ့်မိုက်ပြစ် ကိုယ်သာခံရမှာ ဖြစ်ပါတယ်။ ကိုယ်ပြုတဲ့ကံ ပွဲတင်သံ၊ ကိုယ့်ထံပြန်လာမယ်။ တိုင်းပြည်ကို ဖျက်ဆီးမီးရှို့မှုဟာ ကျွန်ုပ်တို့က ဘယ်လိုပင် ကျေအေးသည်းခံ ခွင့်လွှတ်စေကာမူ ကံ - ကံရဲ့ ဝိပါက အကျိုးဆက်က သူတို့ကို ခွင့်လွှတ်လိမ့်မယ် မဟုတ်။ ကမ္မနိယာမကို ဘုရားလောင်းသော်မှ မရှောင်လွှဲနိုင်။ ဝိပါက်ကြမ္မာ မလွတ်သာ။

### အစိုးရဖြစ်ချင်တဲ့ ဝေဒနာ

ပြုသူအသစ် ဖြစ်သူအဟောင်းတဲ့။ သူတို့ကို ဘယ်လိုပဲ ကိုယ်ချင်းစာနာ သနားပါသော်လည်း သူတို့ဝဋ်ကြွေးကို သူတို့သာပေးဆပ်ရမှာ ဖြစ်ပါတယ်။ ကိုယ့်လမ်း ကိုယ်သာ သွားရမှာပါ။ နိယာမကို ချိုးဖောက်သူတို့ရဲ့ ဖောက်ပြန်မိုက်မှားမှုက ဒိဋ္ဌ မျက်မြင်သက်သေပါ။ ဩော် - အစိုးရဖြစ်ချင်တဲ့ ဝေဒနာလို့သာ ဆိုချင်ပါတော့တယ်။

တိုင်းပြည်နဲ့ လူမျိုး ပြာပုံထဲ မွဲပေရှော့ဆိုပြီး မီးရှို့နေတာကို ငြိမ်းသတ်နေရတဲ့ အခြေအနေပါ။ မီးညွန့်တော့ ကျိုးနေပါပြီ။ သို့ပေမယ့် နောက်ထပ် မီးကြွင်းမီးကျန်က ထပ်ပြီး တောက်လောင်လာတာမျိုး မဖြစ်ရလေအောင် နိုင်ငံ့သူ နိုင်ငံ့သားအားလုံးက စည်းလုံးညီညာ တက်ညီလက်ညီ ဝိုင်းဝန်းပါဝင်ကြရင် အမြန်ဆုံးပူလောင် လောင်မြိုက်မှုတွေက ကင်းဝေးပြီး အေးချမ်းသာယာ ငြိမ်းချမ်းလာမှာပါ။ တည်ငြိမ်အေးချမ်းလာရင် လုံခြုံလာမယ်။ အဲဒီလို လုံခြုံတည်ငြိမ်လာရင် ဖွံ့ဖြိုးတိုးတက်ရေးကို ထူထောင်တည်ဆောက်နိုင်လာမယ်။

ညီညီညွတ်ညွတ်ထူထောင်ကြရင်၊ ၂၁ ရာစုမှာ အနှစ် ၂၀၊ ၅၀ စည်းစည်းလုံးလုံးကြိုးစားကြရင် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လာမှာပါ။ မြန်မာဆိုတာ လျင်မြန်ဖျတ်လတ် ကျန်းမာကြံ့ခိုင်သန်စွမ်း မာကျောသော လူမျိုးလို့ အဓိပ္ပာယ်ဖွင့်ဆိုလို့ရပါတယ်။ မြန်မာတို့ အောင်မြင်တိုးတက်အောင် လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ပျော်စရာနေ့သစ်တွေဟာ မဝေးတော့တဲ့ အနာဂတ်မှာ (လောဘ၊ ဒေါသ၊ မောဟ၊ မာန) လွန်ကဲ ရူးသွပ်သူတွေ ကင်းရှင်းသွားရင် ပိုမိုလှပနေမှာ သေချာပါတယ်။ ပြည်သူတွေကလည်း တပ်မတော်ရဲ့ စေတနာအမှန်ကို နားလည် သိမြင်လာကြပြီဆိုတော့ ပူးပေါင်းဆောင်ရွက်ကြပါတော့လို့သာ ဆိုချင်ပါတော့တယ်။ ။

**❊ CRPH, NUG မအောင်မြင်နိုင်ဘူးဆိုတာ အစောကြီးကတည်းက သုံးသပ်ပေးထားပြီးသားပါ။ လောလောဆယ် အခြေအနေအရဆိုရင်လည်း မအောင်မြင်တော့တာ ထင်ထင်ရှားရှား ပိုမြင်တွေ့လာရပါပြီ။ ဘယ်သူကမှ အရေးမလုပ်ကြဘူးဆိုတာ အရှင်းကြီးပါ။ အနောက်အုပ်စုက ဘယ်လိုပဲ ဝင်ရောက်မွှေနှောက်ပေမယ့် အာရှဟာ အာရှပါပဲ။ မြန်မာအစိုးရကို အသိအမှတ်မပြုရင် မြန်မာအစိုးရကလည်း အဲဒီနိုင်ငံသံရုံးကို မြန်မာနိုင်ငံမှာ ဖွင့်ခွင့်ပိတ်ပြီး မောင်းထုတ်လိုက်ရုံပဲ ရှိပါတယ်။ အသိအမှတ် မပြုဘူးဆိုရင် အဲဒီနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးကို ပိတ်ရဲသလား။ ဖြစ်နိုင်တဲ့၊ လုပ်လို့ရတဲ့ သဘောကို ပြောပြတာပါ**

**❒ မျက်မှောက်ကာလ ဒီနေ့ခေတ် ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေ၊ ကပြနေတဲ့ ဇာတ်လမ်းဇာတ်ထုပ်မျိုးတွေဟာ အသစ်အဆန်းတော့ မဟုတ်လှပါဘူး။ ပြည်ပအင်အား အကူအညီ အထောက်အပံ့တွေကို အဓိကအားပြုပြီး ပြည်သူတွေရဲ့ လက်တွေ့ဘဝ၊ ပကတိ အခြေအနေနဲ့ ဝေးကွာလွန်းတဲ့ အတွေးမှားတွေနဲ့ ဩဇာခံဘဝ ကျရောက်ခဲ့ရပုံတွေဟာ ခေါင်းဆောင်မှုညံ့ဖျင်းမှု(လောဘ၊ မောဟ၊ မာနလွန်ကဲခြင်း) အရင်းခံအကြောင်းရင်း အမှန်ပါပဲ။ မသိမှုမောဟကြောင့် အမှား သံသရာ (Vicious Circle) ထဲ ကျရောက်ခဲ့ရတာဖြစ်ပါတယ်။ ဘယ်သူမပြု မိမိမှုပါပဲ ။ ပြုရင် ခံရရုံသာ ရှိပါတယ်**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) မူကြမ်းရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၈**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅)မူကြမ်းရေးဆွဲခြင်းဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးကိုပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ရန်အတွက် မည်သို့ထည့်သွင်း ရေးဆွဲထားသည်ကို သိရှိရမည်ဖြစ်၍ စိတ်ဝင်စားမှု ရှိပါကြောင်း၊ မသန်စွမ်းမှု အမျိုးအစားများကို အခြေခံမူတည်ပြီး မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်း လုပ်ငန်းများနှင့်လည်း ဆက်စပ်နေပါကြောင်း၊ တစ်နိုင်ငံလုံးရှိ မသန်စွမ်းသူများ၏ စာရင်းဇယားများရရှိပြီး ယခုရေးဆွဲနေသော မဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ပါက မသန်စွမ်းသူများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုစေမည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြောကြားသည်။ **(အပေါ်ယာပုံ)**





ယနေ့နံနက်ပိုင်းတွင် ကျင်းပသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) မူကြမ်းရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ထိုသို့ပြောကြားခြင်းဖြစ်သည်။

### အလေးထားပြီး ဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာကို ၂၀၁၉ ခုနှစ်က စတင်ရေးဆွဲခဲ့ပြီး ကဏ္ဍအလိုက် အစည်းအဝေးများနှင့် လုပ်ငန်းစဉ်များ ညှိနှိုင်းအတည်ပြုပေးနိုင်ရေးလုပ်ငန်းများကို အလေးထားပြီး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ခြင်းသည် နောင်လာမည့်အစိုးရအတွက်လည်း ကြိုတင်ပြင်ဆင်ပေးခြင်းဖြစ်ပါကြောင်း၊ နောက်ဆုံး(မူကြမ်း)အဆင့်ကို ညှိနှိုင်းအတည်ပြုခြင်း၊ လုပ်ငန်းစဉ်များ ပြီးဆုံးပါက ပြည်သူသို့ အသိပေးတင်ပြခြင်းကို ဆောင်ရွက်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

### အကြံပြုချက် ရယူသင့်

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ(မူကြမ်း)ပါ အခန်းကဏ္ဍအလိုက် အခန်းကဏ္ဍတိုင်းတွင် ဦးစားပေးလုပ်ငန်းများကို ထည့်သွင်းရေးဆွဲရာ မသန်စွမ်းသူများ၏ အကျိုးစီးပွား၊ အခွင့်အရေးကို ဦးတည်စဉ်းစားရေးဆွဲ ထည့်သွင်းသင့်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်း အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် Technical Core Group နှင့် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ပြီး အကြံပြုချက်များ ရယူသင့်ပါကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးမှသာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ် စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြည့်စွက်ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲမှ ညွှန်ကြားရေးမှူးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅)နှစ် စီမံကိန်း (၂၀၂၁-၂၀၂၅) မူကြမ်းရေးဆွဲခြင်းနှင့် စပ်လျဉ်းသည့် နောက်ခံ အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အခြေခံစည်းမျဉ်းများ၊ နည်းလမ်းများ၊ ချိတ်ဆက်ဆောင်ရွက်မှုများ၊ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ ဆပ်ကော်မတီအလိုက် အစည်းအဝေးများ ကျင်းပခြင်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဖြည့်စွက်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ရှင်းလင်းတင်ပြသည့် အစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များမှာ Life Circle Approach ဖြစ်သဖြင့် မိခင်ဝမ်းတွင်းမှစ၍ သက်ကြီးရွယ်အိုများအထိ အကာအကွယ် ပေးနိုင်ရေး အရေးကြီးပါကြောင်း၊ Social Sector ဖြစ်သည့်အတွက် လုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနရှိ ဦးစီးဌာန(၃)ခုမှ ကော်မတီများ ဖွဲ့စည်းပြီး ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ကလေးစစ်သား အသုံးပြုမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ နောက်ဆက်တွဲစာရင်းမှ Delist ဖြစ်ပြီးဖြစ်သဖြင့် တပ်မတော်၏ ဂုဏ်သိက္ခာ၊ နိုင်ငံ၏ ဂုဏ်သိက္ခာအတွက် ကောင်းသောပုံရိပ် လက္ခဏာပင် ဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က လက်နက်ကိုင် ပဋိပက္ခများကြောင့် ကလေးသူငယ်များအပေါ် ထိခိုက်မှုများ ရှိပါကြောင်း၊ ကလေးသူငယ်များအနေဖြင့် ကိုယ်တိုင် ထိခိုက်ခံစားရခြင်းများ ရှိသကဲ့သို့ မိဘများ၊ မိသားစုဝင်များ ထိခိုက်ခံစားရခြင်းသည်လည်း ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သဖြင့် ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးကို ထိပါးခြင်းပင်ဖြစ်ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေး ဥပဒေကိုလည်း (၂၀၁၉)ခုနှစ်တွင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေးအတွက် ကြိုတင်ကာကွယ်ပေးခြင်း၊ ကာကွယ်စောင့်ရှောက်ကူညီပေးခြင်းနှင့် ကျူးလွန်ခံရသူများအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### ကော်မတီများဖွဲ့စည်းမှု ရှင်းလင်းတင်ပြ

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူက လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ် အကောင်အထည်ဖော်နိုင်ရေး အမျိုးသားအဆင့် ကော်မတီတို့ကို ဆက်လက်ဖွဲ့စည်း ဆောင်ရွက်သွားရန်နှင့် စောင့်ကြည့် စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း (Monitoring and Evaluation) လုပ်ငန်းတာဝန်ကို လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ အပေါ်ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ နေပြည်တော်အတွင်းရှိ တက္ကသိုလ်များနှင့် အသက်မွေးသိပ္ပံကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၈**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ပျဉ်းမနားမြို့နယ် အတွင်းရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အစိုးရ စက်မှုလက်မှု သိပ္ပံကျောင်း (နေပြည်တော်)၊ အစိုးရနည်းပညာ အထက်တန်း ကျောင်းများ ပြန်လည် ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နန်းဆိုင်ဟွမ်းက လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မာမာဝင်းက လည်းကောင်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ ရိုစီနေဝင်းတို့က လည်းကောင်း၊ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေး သိပ္ပံကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမာသန်းက လည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (နေပြည်တော်) ကျောင်းအုပ်ဆရာကြီး ဒေါက်တာ မင်းမင်းထွန်းက လည်းကောင်း၊ အစိုးရနည်းပညာ



အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးညိုချောက လည်းကောင်း၊ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် သင်ကြားရေး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ နေထိုင်စားသောက်ရေးတို့နှင့် ကျောင်းများဖွင့်လှစ်နိုင်ရန် ကြိုတင်စီမံထားရှိမှုများကို သက်ဆိုင်ရာ တက္ကသိုလ်များနှင့် ကျောင်းများအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးကို စီစဉ်ဆောင်ရွက်ရန်လိုကြောင်း၊ ကိုဗစ်- ၁၉ ကာကွယ်ဆေး မထိုးနှံရသေးသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို စာရင်းတိကျစွာ ကောက်ယူပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံနိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအား ထူးချွန်ထက်မြက်ပြီး တတ်မြောက် ကျွမ်းကျင်သည့် ပညာရှင်များဖြစ်ရေးအတွက် ပြုစုပျိုးထောင် သင်ကြားပေးစေလိုကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာ တက္ကသိုလ် ကျောင်းအသီးသီးရှိ စာသင်ဆောင်များ၊ ဓာတ်ခွဲခန်း၊ အိပ်ဆောင်များ၊ စာကြည့်တိုက်များနှင့် လက်တွေ့သင်ကြားမည့် သင်တန်းခန်းမများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘာသာရပ်ဆိုင်ရာစာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် Assembly Hall ၌ ကျင်းပသည်။ **(ယာပုံ)**






စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာခင်နိုင်ဦး၊ ဦးအောင်ကျော်သန်းနှင့် ဒေါက်တာလင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးအောင်အောင်၊ ဒေါ်တင်မိုးမိုး၊ ဦးဝင်းမြင့်၊ ဦးမျိုးမင်းနှင့် အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက ယခုကဲ့သို့ ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဌာန အသီးသီးမှ လုပ်ငန်း ဆောင်ရွက်မှုများကို အပြန်အလှန် သိရှိစေရန်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ လုပ်ကိုင် ဆောင်ရွက်မှုများကို နားလည်သိရှိရန် ဖြစ်ကြောင်း၊ သို့ပါ၍ စာတမ်းဖတ်ပွဲများကို စဉ်ဆက်မပြတ် လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**အထောက်အကူပြုနိုင်မည်**

သို့ပါ၍ ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အာဆီယံ၊ အေစီယူ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့်ကမ္ဘာ့ဘဏ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို သိရှိခြင်းဖြင့် အသိပညာများ တိုးပွားလာပြီး မိမိအဖွဲ့အစည်းအတွက်သာမက နိုင်ငံတော်အတွက်ပါ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နှင့်သက်ဆိုင်သည့် ဘာသာရပ်ဆိုင်ရာ လုပ်ငန်းများကို ဖတ်ကြားဆွေးနွေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘဏ်လုပ်ငန်းကြီးကြပ် စစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်သီတာမင်းက **"အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေးလုပ်ငန်းကော်မတီ (WC-ABIF)၏ ဆောင်ရွက်ဆဲကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များ"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်လင်းအောင်က **" ဆုံးရှုံးနိုင်ခြေ အခြေခံသော ဘဏ်လုပ်ငန်း ကြီးကြပ်စစ်ဆေးခြင်း သင်တန်း (Training on Risk-Based Banking Supervision) သို့ တက်ရောက်ခဲ့သည့် အစီရင်ခံစာ"** ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌများ၊ ဒါရိုက်တာ အဖွဲ့ဝင်များနှင့် အရာထမ်းများမှ အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဝန်ထမ်းများ စာအုပ်စာစောင်များအလွယ်တကူဖတ်ရှုနိုင်ရန် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးလျက်ရှိ

**နေပြည်တော် မေ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ကြီးဌာနအသီးသီးရှိ ဝန်ထမ်းများ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်ရေးအတွက် ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးလျက်ရှိရာ မေ ၂၅ ရက် နံနက် ၁၀ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ လည်းကောင်း ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့သည်။

အဆိုပါ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးခြင်းကို **"အားလပ်ချိန်မှာ စာဖတ်ပါ"** ဆောင်ပုဒ်နှင့်အညီ ဝန်ထမ်းများ အားလပ်ချိန်တွင် စာအုပ်စာပေများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန်၊ ဝန်ထမ်းများ စာပေနှင့် အဆက်မပြတ် ထိတွေ့မှုရှိစေရန် ရည်ရွယ်၍ ဝန်ကြီးဌာန ၂၄ ရုံးနှင့် ဦးစီးဌာန ၂ ရုံး၊ စုစုပေါင်း ဌာန ၂၆ ရုံးတွင် ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် ရုံးဖွင့်ရက်များတွင် သတ်မှတ်နေ့ရက်များအတိုင်း စာအုပ်များ ငှားရမ်းပေးလျက်ရှိသည်။ **(ယာပုံ)**




အဆိုပါ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်တွင် သုတ/ရသစာအုပ်ပေါင်း ၆၆၀၀ ဖြင့် ဝန်ကြီးဌာနရုံးများအရောက် ငှားရမ်းပေးသည့်အတွက် စာဖတ်သူများအနေဖြင့် စာအုပ်များကို အချိန်မကုန် အလုပ်အကိုင်မပျက်ဘဲ စာပေဖတ်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးခြင်းနှင့်ပတ်သက်၍ "ယခင်က ဝန်ထမ်းတွေအနေနဲ့ စာအုပ်စာပေကို ဖတ်ရှုလေ့လာလိုသော်လည်း နေပြည်တော်မှာ စာအုပ်အငှားဆိုင်တွေ မရှိသလောက် ရှားပါတယ်။ ဒါကြောင့် စာအုပ်ငှားရမ်း ဖတ်ရှုဖို့ အင်မတန် ခက်ခဲပါတယ်။ စာအုပ်အရောင်းဆိုင်ရှိတဲ့အတွက် အလွန်ကြိုက်နှစ်သက်တဲ့စာအုပ်ကိုတော့ အပိုင်ဝယ်ယူတာတွေ ရှိတာပေါ့။ အခုလို ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်နဲ့ စာအုပ်အမျိုးအစား စုံလင်စွာနဲ့ ရုံးဌာနအရောက် အခမဲ့လာရောက် ငှားရမ်းပေးတဲ့အတွက် စာအုပ်မျိုးစုံကို အလွယ်တကူဖတ်ရှုခွင့်ရတယ်။ အားလပ်ချိန်မှာ အကျိုးရှိတဲ့စာပေတွေကို အလွယ်တကူ ဖတ်ရှုရတဲ့အတွက် အသိပညာတွေလည်း ရရှိပါတယ်။ အခုလို စာအုပ်တွေ ဖတ်ရှုခွင့်ရတဲ့အတွက် ကိုယ်မသိသေးတဲ့ အကြောင်းတွေကိုလည်း စာအုပ်စာပေတွေကနေတစ်ဆင့် သိရှိရတယ်။ ဗဟုသုတလည်းရပါတယ်။ ငွေမကုန်၊ အချိန်မကုန်ဘဲ စာအုပ်စာပေကောင်းတွေကို အလွယ်တကူ ဖတ်ရှုခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေနဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကို ကျေးဇူးတင်ပါတယ်။

စာအုပ်စာစောင်ကောင်းတွေကိုလည်း ထပ်မံဖြည့်ဆည်းပေးပါလို့ အကြံပြုလိုပါတယ်" ဟု အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ စာအုပ်ငှားသူတစ်ဦးက ပြောသည်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဝန်ထမ်းများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် ဝန်ကြီးဌာနရှစ်ရုံးနှင့် ဦးစီးဌာနတစ်ရုံးတို့တွင်လည်း သံစာအုပ်စင်သုံးစင်နှင့် စာအုပ်ပေါင်း အုပ် ၃၀၀ စီ ပေးပို့ထားရှိပြီး သုံးလလျှင် တစ်ကြိမ် လဲလှယ်ဖတ်ရှုနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ပြိုင်ဘက် ရိုးမားအသင်းကလည်း ယခုနှစ်အတွင်း ယှဉ်ပြိုင်ကစားထားသည့် ယူရိုပါလိဂ် ခြောက်ပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ တစ်ပွဲသရေကျပြီး ငါးပွဲအထိ အနိုင်ရရှိထားသောကြောင့် ပုံမှန်ခြေစွမ်း ပြသထားနိုင်သည့် အသင်းဖြစ်သည်။

မန်ယူအသင်းနှင့် ရိုးမားအသင်းတို့ နောက်ဆုံးတွေ့ဆုံခဲ့သည်မှာ ၂၀၁၄ ခုနှစ်က နိုင်ငံတကာချန်ပီယံ ဖလားပြိုင်ပွဲတွင်ဖြစ်ပြီး မန်ယူအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ထို့အပြင် မန်ယူအသင်းနှင့် ရိုးမားအသင်းတို့ တွေ့ဆုံခဲ့သည့် နောက်ဆုံးခြောက်ကြိမ်တွင် မန်ယူအသင်းကသာ အသာရထားပြီး တစ်ကြိမ်သရေကျကာ ငါးကြိမ်အထိ ရိုးမားအသင်းကို အနိုင် ရရှိထားသည်။ ထို့ကြောင့် ရိုးမားအသင်းအနေဖြင့် မန်ယူအသင်းနှင့်တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားနေမှုကို ယနေ့ပွဲစဉ်တွင် ချေဖျက်ကာ ရလဒ်ကောင်း ရယူထားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

ဗီလာရီးရဲအသင်းသည် ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဒိုင်နမိုဇာဂရက် အသင်းနှင့်တွေ့ဆုံခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက် အာဆင်နယ်အသင်းက အဆိုပါ အဆင့်တွင် ချက်ကလပ် ပရာ့ဂ်အသင်းနှင့် တွေ့ဆုံခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။ ဗီလာရီးရဲအသင်းနှင့် အာဆင်နယ်အသင်းတို့ နောက်ဆုံးတွေ့ဆုံခဲ့သည်မှာ ၂၀၀၉ ခုနှစ်က ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဖြစ်ပြီး အာဆင်နယ်အသင်းက သုံးဂိုး- ဂိုးမရှိဖြင့် ဗီလာရီးရဲအသင်းကို အနိုင်ရရှိထားသည်။

ထို့အပြင် အဆိုပါ နှစ်သင်းတွေ့ဆုံခဲ့သည့် နောက်ဆုံး လေးကြိမ်တွင် အာဆင်နယ်အသင်းက အသာရထားပြီး နှစ်ကြိမ်သရေကျကာ နှစ်ကြိမ်နိုင်ပွဲ ရရှိထားသည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် ယခုအကြိမ်တွင်လည်း ဗီလာရီးရဲအသင်းကို ထပ်မံအသာစီး ရယူထားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

❄ *ကျောဖုံးမှ*

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့် အညီ ပြန်လည်ဖွင့်လှစ်ရန် ညွှန်ကြားချက်အရ ပန်းခြံများနှင့် အားကစားကွင်းများအားလုံးကို မြို့တော်သူ၊ မြို့တော်သားများ ကိုယ်လက်လှုပ်ရှားကျန်းမာရေး ပြုလုပ်နိုင်ရန် ဇန်နဝါရီ ၂၁ ရက်မှစ၍ နံနက် ၅ နာရီမှ ၉ နာရီခွဲအထိ အချိန်အကန့်အသတ်ဖြင့် ဖွင့်လှစ်ပေးခဲ့သည်။

**စည်းကမ်းချက်နှင့်အညီဖွင့်လှစ်ပေး**

ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းလာပြီး မြို့တော်သူ၊ မြို့တော်သားများ မိမိတို့အားလပ်ချိန်များတွင် ပန်းခြံများ၌ အပန်းဖြေအနားယူနိုင်ရန် မဟာဗန္ဓုလပန်းခြံမပါ ရန်ကုန်မြို့ရှိ ပန်းခြံများနှင့် အားကစားကွင်းများအားလုံးကို မေ ၂၃ ရက်မှစ၍ နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**အာကာလင်း**

# ကိုဗစ်အလွန် ရာသီဥတုနှင့်လိုက်လျောညီထွေသော လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေး

ဦးမိုးဃန်း(လယ်ဝန်)

"လောကတွင် လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်" ဆိုသော ဆိုရိုးစကားတစ်ခု ရှိပါသည်။ လွယ်လွယ်လေးပါပဲဟု ထင်ရသော်လည်း တကယ့်လက်တွေ့တွင်မူ- အလွန်ခက်ခဲသော သဘာဝရှိတတ်သကဲ့သို့- တိမ်တိမ်လေးပါပဲဟု မြင်နေရသော်လည်း ပကတိအမှန်တွင် အထင်နှင့်အမြင် တက်တက်စင်အောင်လွဲမှားရသော အခြေအနေများလည်း ရှိတတ်မြဲဖြစ်ပါသည်။ ထိုဆိုရိုးစကားနှင့် ကိုက်ညီသော လုပ်ငန်းများစွာအနက်- လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးသည် ထိပ်ဆုံးမှ ပါဝင်နေပါသည်။ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူလူထု၏ဘဝ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူသားအားလုံး၏ စားဝတ်နေရေးနှင့်သက်ဆိုင်၊ ဆက်စပ်ပတ်သက်နေသော လယ်ယာကဏ္ဍကိုအောက်ဆုံးအဆင့်မှ- အထက်အဆင့်ဆင့်များဆီသို့ ပြုပြင်ပြောင်းလဲဖော်ဆောင်သွားနိုင်ရေးသည် မိမိတို့နိုင်ငံအတွက် အလွန်ပင် အရေးကြီးလှပါသည်။

ခေတ်အဆက်ဆက်နိုင်ငံတော်ကို စီမံအုပ်ချုပ်သွားကြကုန်သော အစိုးရမင်းများသည် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲ တိုးတက်စေရေးကို ခေတ်ကာလအခြေအနေနှင့်အညီ အကောင်အထည်ဖော်ရန် ကြိုးစားအားထုတ်ခဲ့ကြပါသည်။ ထိုသို့ စေတနာဖြင့် ဆောင်ရွက်ပေးခဲ့ကြသော်လည်း ယနေ့အချိန်အခါအထိ ထိရောက်အောင်မြင်သော လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးကို မမြင်ရသေးကြောင်း၊ မရောက်ခဲ့ကြသေးကြောင်း - ဝမ်းနည်းစွာတွေ့မြင်နေရပါသည်။

### မတွေ့ကြုံခဲ့ရသော ဆိုးကျိုးနှစ်မျိုး

ယနေ့ကာလတွင် ယခင်အခါနှင့်မတူသော အခြေအနေဆိုးများကို မြန်မာအပါအဝင် ကမ္ဘာ့ပြည်သူလူထုရင်ဆိုင်တွေ့ကြုံနေကြရပါပြီ။ ဘယ်သောအခါက - မတွေ့ကြုံခဲ့ရသော ဆိုးကျိုးနှစ်မျိုးကို လက်တွေ့ရင်ဆိုင်နေခဲ့ကြရခြင်း ဖြစ်ပါသည်။ ပထမဆိုးကျိုးမှာ COVID-19 ဆိုသော - အကျပ်အတည်း ဖြစ်ပါသည်။ ကိုဗစ်ကြီးသည် ကမ္ဘာ့နိုင်ငံများရှိပြည်သူလူထုကို အလွန်ဆိုးရွားစွာ ဒုက္ခပေးလျက်ရှိပါသည်။ နယူးနော်မယ်(New-Normal) ဟူသော စကားကိုပင် တီထွင်သုံးစွဲလျက် ရေရှည်ဆက်လက်တည်တံ့လာရန်ရှိသော ပြောင်းလဲလာသည့် အခြေအနေဆိုးနှင့်အညီ ပြုပြင်ပြောင်းလဲ နေထိုင်ကျင့်သုံးရန် ကမ္ဘာ့နိုင်ငံအများ ကြိုးပမ်းလျက်ရှိကြပါသည်။

ထို့အတူ ကမ္ဘာကြီးတစ်ခုလုံး၌ လူသားတို့၏ လက်လွတ်စပယ်၊ မဆင်မခြင်ပြုမူနေထိုင် ကျင့်ကြံလုပ်ကိုင်မှုများကြောင့် နောက်ဆက်တွဲဆိုးကျိုးဖြစ်ပေါ်ပြီး ရာသီဥတုကြီးတစ်ခုလုံး ပျက်စီးသွားခဲ့ရပြီး ဖြစ်ပါသည်။

### နှစ်စဉ်ပြုစုထုတ်ပြန်

မိမိတို့၏ဌာန- " လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန " ( ယခင်အခေါ်-ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန)တွင် ရာသီဥတုနှင့်ကောက်ပဲသီးနှံအစီရင်ခံစာ ( အလွယ်ခေါ်- "ရာကောက်စာရင်း") ကို အင်္ဂလိပ်တို့ခေတ်- လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ဝန်းကျင်ဆီကပင် နှစ်စဉ်ပြုစုထုတ်ပြန်ခဲ့ကြပါသည်။ အဆိုပါ ရာကောက်စာရင်းများတွင် ရာကောက်- ၁ သည် မိုးရေချိန်စာရင်းများကို ပြုစုမှတ်တမ်းတင်ခြင်းဖြစ်ပါသည်။ ရာကောက်-၁ စာရင်းသည် အလွန်တန်ဖိုးကြီးသော စာရင်းတစ်ခု ဖြစ်ပါသည်။ မိုး/ဇလမှရရှိသော စာရင်းများ၊ စိုက်ပျိုးရေးဦးစီးဌာန၏ မိုးရေချိန်တိုင်းထွာရေးစခန်းများနှင့် အခြားသောရရှိနိုင်သမျှ တိုင်းထွာရေးစခန်းများမှ သတင်းအချက်အလက်စုဆောင်းရယူလျက် ရာကောက်-၁ အဖြစ် မှတ်တမ်းထား စုစည်းဆောင်ရွက်ခဲ့ကြပါသည်။ အဆိုပါစာရင်းသည် နှစ်ကြာလေ တန်ဖိုးကြီးလေဖြစ်ပါသည်။ အဆိုပါ ရာကောက်-၁ စာရင်းမှ စုစည်းထားသော မိုးရေချိန်စာရင်းများကို လေ့လာနိုင်ရန် နမူနာ ၁၀ နှစ်စာ တင်ပြပါမည်။

> **❒ ကိုဗစ်၏ ရိုက်ခတ်မှု၊ ရာသီဥတုဖောက်ပြန်ပျက်စီးမှုနှင့် အလွန်ပင် ကျယ်ပြန့်ခက်ခဲလှသော လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို မည်ကဲ့သို့ချိတ်ဆက်၊ စဉ်းစား၊ ဆောင်ရွက်ကြမည်နည်းဆိုသည့် မေးခွန်းသည် ယခုအခါ ထင်ထင်ရှားရှား ပေါ်ပေါက်နေပါပြီ**

**မိုးရေချိန် (၁၀) နှစ်စာစာရင်း**

| စဉ် | ခုနှစ် | အကြောင်းအရာ | နေပြည်တော် | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | ပြည်ထောင်စုချုပ် | ရှေ့နောက်ခုနှစ်နှစ်ခု၏ကွာခြားချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂၀၂၀ | မိုးရွာရက် | ၅၉ | ၉၉ | ၆၀ | ၉၇ | ၉၃ | ၇၁ | ၁၂၈ | ၈၉ | ၅၂ | ၄၁ | ၁၂၀ | ၁၁၈ | ၉၄ | ၁၀၇ | ၁၀၂ | ၈၉ | -၁ |
| | | မိုးရေချိန်လက်မ | ၃၇.၂၂ | ၈၉.၈၈ | ၃၁.၆၄ | ၈၅.၇၆ | ၆၅.၄၅ | ၅၁.၂၄ | ၁၅၃.၀၉ | ၆၄.၈၂ | ၂၉.၂၃ | ၂၉.၀၁ | ၁၄၃.၇၇ | ၁၆၁.၄၀ | ၉၀.၃၉ | ၄၈.၂၄ | ၈၃.၆၀ | ၇၇.၆၅ | ★-၁၆.၉၂ |
| ၂ | ၂၀၁၉ | မိုးရွာရက် | ၆၅ | ၉၂ | ၆၅ | ၁၀၈ | ၈၈ | ၈၂ | ၁၃၅ | ၈၉ | ၅၃ | ၄၄ | ၁၂၆ | ၁၀၃ | ၁၁၅ | ၉၀ | ၁၀၁ | ၉၀ | -၁၃ |
| | | မိုးရေချိန်လက်မ | ၄၁.၆၉ | ၈၆.၁၂ | ၃၂.၄၂ | ၁၃၃.၁၂ | ၅၃.၃၀ | ၅၈.၃၆ | ၂၀၄.၂၆ | ၇၉.၆၇ | ၃၁.၄၄ | ၂၇.၄၂ | ၂၁၉.၅၉ | ၁၇၀.၉၁ | ၁၃၅.၃၈ | ၄၂.၅၅ | ၁၀၂.၂၈ | ၉၄.၅၇ | ★ -၈.၃၇ |
| ၃ | ၂၀၁၈ | မိုးရွာရက် | ၈၀ | ၁၀၆ | ၈၈ | ၁၂၅ | ၉၈ | ၈၅ | ၁၅၁ | ၉၆ | ၆၂ | ၆၀ | ၁၃၂ | ၁၁၇ | ၁၁၂ | ၁၂၅ | ၁၀၅ | ၁၀၃ | -၃ |
| | | မိုးရေချိန်လက်မ | ၄၉.၆၂ | ၁၀၃.၀၇ | ၄၀.၇၅ | ၁၄၇.၅၅ | ၆၈.၄၉ | ၆၁.၈၉ | ၂၃၇.၉၂ | ၈၃.၉၈ | ၄၃.၈၂ | ၃၃.၅၇ | ၂၀၉.၁၉ | ၁၇၈.၆၆ | ၁၁၈.၉၂ | ၆၀.၃၈ | ၁၀၆.၃၁ | ၁၀၂.၉၄ | ၆.၇၅ |
| ၄ | ၂၀၁၇ | မိုးရွာရက် | ၇၇ | ၁၂၃ | ၈၈ | ၁၂၅ | ၁၀၆ | ၈၇ | ၁၅၁ | ၁၁၀ | ၆၅ | ၅၈ | ၁၃၃ | ၁၂၅ | ၁၁၄ | ၁၁၅ | ၁၁၄ | ၁၀၆ | ၄ |
| | | မိုးရေချိန်လက်မ | ၅၂.၅၈ | ၉၅.၆၀ | ၄၁.၁၅ | ၁၁၄.၇၉ | ၇၈.၈၉ | ၆၈.၇၅ | ၁၈၇.၂၆ | ၈၅.၅၃ | ၄၂.၂၅ | ၄၃.၇၇ | ၁၆၂.၆၄ | ၁၉၁.၃၂ | ၁၂၄.၅၁ | ၅၆.၃၆ | ၉၇.၅၁ | ၉၆.၁၉ | ၂.၄၀ |
| ၅ | ၂၀၁၆ | မိုးရွာရက် | ၇၅ | ၁၂၂ | ၇၂ | ၁၁၇ | ၁၀၆ | ၇၈ | ၁၅၈ | ၉၆ | ၇၀ | ၆၀ | ၁၂၅ | ၁၂၁ | ၁၀၅ | ၁၁၈ | ၁၁၀ | ၁၀၂ | ၇ |
| | | မိုးရေချိန်လက်မ | ၄၇.၉၄ | ၈၇.၂၁ | ၃၃.၉၆ | ၁၁၁.၉၉ | ၇၄.၇၂ | ၆၂.၈၀ | ၁၈၇.၃၂ | ၇၈.၆၇ | ၄၃.၃၂ | ၄၅.၇၀ | ၁၆၈.၅၃ | ၁၇၁.၂၉ | ၁၂၁.၈၆ | ၅၅.၁၄ | ၁၁၆.၄၃ | ၉၃.၇၉ | ★ -၂.၃၇ |
| ၆ | ၂၀၁၅ | မိုးရွာရက် | ၆၆ | ၁၁၂ | ၆၃ | ၁၂၁ | ၉၉ | ၆၈ | ၁၄၀ | ၉၈ | ၆၀ | ၅၃ | ၁၃၂ | ၁၁၁ | ၁၀၄ | ၈၈ | ၁၀၄ | ၉၅ | ၃ |
| | | မိုးရေချိန်လက်မ | ၃၈.၂၅ | ၉၃.၆၀ | ၃၁.၂၅ | ၁၁၄.၂၆ | ၈၄.၀၉ | ၆၀.၅၄ | ၁၉၂.၄၁ | ၈၆.၂၈ | ၄၀.၁၅ | ၃၅.၄၆ | ၂၀၂.၈၉ | ၂၁၂.၀၅ | ၉၈.၉၂ | ၅၂.၄၇ | ၉၉.၇၉ | ၉၆.၁၆ | ၆.၃၄ |
| ၇ | ၂၀၁၄ | မိုးရွာရက် | ၅၉ | ၁၁၁ | ၆၈ | ၁၂၈ | ၈၉ | ၆၂ | ၁၄၆ | ၉၁ | ၅၁ | ၄၁ | ၁၃၃ | ၁၁၀ | ၁၀၃ | ၇၆ | ၁၀၆ | ၉၂ | -၁၀ |
| | | မိုးရေချိန်လက်မ | ၃၉.၁၄ | ၉၃.၂၂ | ၃၀.၂၆ | ၁၀၀.၄၃ | ၅၇.၄၄ | ၄၇.၉၂ | ၂၀၈.၅၁ | ၇၅.၆၈ | ၂၆.၉၄ | ၂၉.၆၇ | ၂၀၃.၉၂ | ၁၆၁.၂၉ | ၁၁၆.၃၁ | ၅၀.၈၁ | ၁၀၄.၈၂ | ၈၉.၈၂ | ★ -၅.၄၀ |
| ၈ | ၂၀၁၃ | မိုးရွာရက် | ၆၇ | ၁၁၅ | ၈၁ | ၁၂၈ | ၁၁၀ | ၆၅ | ၁၆၃ | ၁၀၇ | ၆၈ | ၆၀ | ၁၄၂ | ၁၂၃ | ၁၁၂ | ၉၃ | ၁၁၄ | ၁၀၂ | ၈ |
| | | မိုးရေချိန်လက်မ | ၄၄.၄၇ | ၈၅.၆၀ | ၄၂.၉၉ | ၁၄၁.၅၁ | ၈၀.၉၃ | ၅၁.၃၉ | ၂၀၈.၆၂ | ၈၆.၅၁ | ၄၂.၇၀ | ၃၆.၈၆ | ၂၁၀.၂၃ | ၁၈၆.၁၇ | ၁၁၂.၇၉ | ၆၁.၂၀ | ၁၀၄.၅၅ | ၉၅.၂၂ | ၅.၄၃ |
| ၉ | ၂၀၁၂ | မိုးရွာရက် | ၅၈ | ၁၁၃ | ၇၁ | ၁၁၁ | ၁၀၃ | ၆၀ | ၁၄၈ | ၉၇ | ၅၅ | ၃၉ | ၁၄၄ | ၁၂၀ | ၁၀၄ | ၈၁ | ၁၀၇ | ၉၄ | -၁၄ |
| | | မိုးရေချိန်လက်မ | ၃၆.၉၃ | ၉၆.၄၂ | ၃၂.၄၃ | ၁၄၈.၀၇ | ၇၃.၃၄ | ၄၂.၅၅ | ၂၀၀.၁၅ | ၈၁.၁၁ | ၂၆.၇၇ | ၂၁.၇၅ | ၂၀၆.၂၇ | ၁၉၅.၄၂ | ၁၀၉.၂၅ | ၄၉.၇၆ | ၁၁၆.၇၁ | ၈၉.၇၉ | ★-၁၅.၆၄ |
| ၁၀ | ၂၀၁၁ | မိုးရွာရက် | ၁၅၁ | ၁၁၈ | ၈၅ | ၁၂၆ | ၁၁၅ | ၈၁ | ၁၄၄ | ၁၁၅ | ၆၃ | ၁၃၇ | ၁၃၁ | ၁၀၄ | ၁၀၄ | ၈၉ | ၁၀၈ | ၁၀၈ | - |
| | | မိုးရေချိန်လက်မ | ၅၄.၃၇ | ၉၀.၃၁ | ၉၀.၃၁ | ၁၆၈.၂၈ | ၈၄.၇၂ | ၆၃.၅၈ | ၂၂၃.၈၉ | ၉၉.၉၈ | ၄၂.၉၇ | ၂၃၃.၉၉ | ၂၃၃.၆၉ | ၁၂၅.၄၉ | ၁၂၅.၄၉ | ၅၈.၄၆ | ၁၀၅.၄၃ | ၁၀၅.၄၃ | - |

မှတ်ချက်- မှတ်သုန်မိုးဦးတုကာလသည် ယခင်က မေ(၁၅)ရက်မှ အောက်တိုဘာ(၁၀)ရက်အထိဖြစ်၍ နောက်ပိုင်းကာလတွင် မေလ(၃၁)ရက်မှ စက်တင်ဘာ(၁၅)ရက်အထိသို့ ပြောင်းလဲလာသဖြင့် မူလမိုးဥတုကာလ(၁၅၇)ရက်မှ - ယခု (၁၁၇)ရက်သာကျန်ရှိသဖြင့် ရက်ကာလစုစုပေါင်း (၄၀)အထိ လျော့နည်းပြောင်းလဲသွားပြီဖြစ်ကြောင်း သိရှိရပါသည်။

အထက်တင်ပြပါ ရာကောက်-၁ စာရင်းအရ မြန်မာနိုင်ငံ၏ မိုးရွာသွန်းမှုဖောက်ပြန်လာခြင်းကို ၂၀၁၉ ခုနှစ်မှစတင်၍ သိသိသာသာ ခံစားလာနေရကြောင်း သိသာနိုင်ပါသည်။ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်များတွင် နှစ်နှစ်ဆက်တိုက် မိုးပိုမိုလျော့နည်းလာပြီး- ၂၀၂၀ ပြည့်နှစ်သည် ပိုမိုဆိုးရွားသောနှစ်အဖြစ် တွေ့ရှိရပါသည်။ ထို့ကြောင့် ကမ္ဘာ့ပြည်သူ လူထုနှင့်အတူ မြန်မာ့တိုင်းသူပြည်သားများသည် လည်း- ရာသီဥတု ဖောက်ပြန်ပျက်စီးမှုကို လက်တွေ့ကျကျ ရင်ဆိုင်နေကြရပါပြီ။

ကိုဗစ်၏ ရိုက်ခတ်မှု၊ ရာသီဥတုဖောက်ပြန်ပျက်စီးမှုနှင့် အလွန်ပင် ကျယ်ပြန့်ခက်ခဲလှသော လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို မည်ကဲ့သို့ချိတ်ဆက်၊ စဉ်းစား၊ ဆောင်ရွက်ကြမည်နည်းဆိုသည့် မေးခွန်းသည် ယခုအခါ ထင်ထင်ရှားရှား ပေါ်ပေါက်နေပါပြီ။ တိုင်းပြည်၏ကံကြမ္မာကို ပြုပြင်ဖော်ဆောင်ပေးမည့်၊ ဖွဲ့စည်းတော့မည့် အစိုးရအသစ်ကြီးကိုလည်း ထိုမေးခွန်းသည် မျက်စပစ်လျက်ရှိပါပြီ။

### မေးခွန်းနှစ်ခုကို အဓိကထားစဉ်းစား

မည်သည့်နယ်ပယ်၌မဆို လက်တွေ့အကောင်အထည်ဖော်ကြတော့မည်ဆိုလျှင် မေးခွန်းနှစ်ခုကို အဓိကထား စဉ်းစားကြရပါသည်။ What to do? ဘာတွေလုပ်မှာလဲ၊ ဆိုသည့်မေးခွန်းနှင့် How to do? မည်ကဲ့သို့ ဆောင်ရွက်မည်နည်း၊ ဆိုသည့်မေးခွန်းများ ဖြစ်ပါသည်။ စာရေးသူအနေဖြင့် ဆရာသမားများ အပါအဝင် မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ပတ်ဝန်းကျင်ရှိ တွေ့ကြုံနေရသော ပုဂ္ဂိုလ်များ၊ နောက်ဆုံးတောင်သူလယ်သမားများနှင့် ထိတွေ့ခဲ့လေတိုင်း ၎င်းတို့၏အတွေးအမြင်များကို ဤမေးခွန်းနှစ်ခုဖြင့် ချဉ်းကပ်မေးမြန်းခဲ့ဖူးပါသည်။ ထိုသို့ မေးမြန်းစူးစမ်းခဲ့ရာတွင်- များသောအားဖြင့် What to do? ကိုသာ အားပါးတရ ပညာခန်းပြလျက် ဖြေဆိုကြပြီး- How to do? ကိုမူ ဒီမေးခွန်းက ဘာခက်လို့လဲဗျာ- လက်တွေ့အကောင်အထည်ဖော်မည့်သူများကို " မင်းတို့ ဒါတွေလုပ်ကြရမယ်- ဒီအတိုင်းဖြစ်အောင်လုပ်ပါ" ဟု ခိုင်းလိုက်လျှင် ပြီးသွားမှာပါဟု အလွယ်ဖြေတတ်ကြသည်ကို သတိပြုမိပါသည်။

What to do? နှင့် How to do? မေးခွန်းနှစ်ခုစလုံးသည် အလွန်ပင် အရေးကြီးပါသည်။ What to do? ကို သာမန်လေ့လာရုံ၊ စာဖတ်ရုံ၊ သူများလုပ်နေတာကြည့်ရုံဖြင့် လွယ်လွယ်ကူကူ ပြောဆိုနိုင်ကြသော်လည်း-သူတို့ရရှိထားသော What to do? ကိုမည်သည့်လုပ်ငန်းစဉ်များဖြင့် How to do? မည်ကဲ့သို့ အကောင်အထည်ဖော်ကြမည်ကိုမူ- ခေါင်းစားအောင် မစဉ်းစားမိကြပါ၊ မစဉ်းစားချင်ကြပါ။ မဟာဗျူဟာ- နည်းဗျူဟာဟူ၍ ခွဲခြားမပြောလိုပါ။ အလွယ်ဖြစ်အောင်သာ မေးခွန်းနှစ်ခုဖြင့် ဆန်းစစ်ခြင်းဖြစ်ပါသည်။ သို့သော် အလွယ်မေးခွန်းကိုပင် အောင်မြင်သည့်သူ နည်းပါးပါသည်။

မြတ်စွာဘုရားတရားတော်များကို သိနားလည်သူ လောကတွင် များနေကြသော်လည်း လက်တွေ့ နိဗ္ဗာန်သို့ရောက်ရှိအောင် မည်သို့ အမှန်ကျင့်ကြံရမည်ကို မသိကြသကဲ့သို့ ရှိသည်ဟုပင် စာရေးသူက မဝံ့မရဲ နှိုင်းယှဉ်တင်ပြလိုပါသည်။ အမှန်ကျင့်ကြံမည့်နည်းလမ်းကို သိပင်သိပြားနေသော်လည်း- အမှန်တရားရအောင် ကျင့်ကြံနိုင်သည့်သူ များစွာနည်းလှပါသည်။ ဤသို့ အဆင့်ကွာခြားလှပါသည်။ ၎င်းအချက်သည် အလွန်အရေးကြီးသော What to do? နှင့် How to do? ကွာခြားချက်ဖြစ်ပါသည်။

What to do? နှင့် How to do? ကို လူအခြေခံဖြင့်သာ ဆောင်ရွက်ကြရမြဲဖြစ်ပါသည်။ အရည်အချင်းပြည့်ဝသော လူအခြေခံအဖွဲ့အစည်းသည်-၎င်းလုပ်ငန်းစဉ်(၂)မျိုးလုံးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စွမ်းရှိပါသည်။ လူအခြေခံနှင့်ပတ်သက်၍ သိနားလည်ထားသင့်သော Skill များရှိပါသည်။

### Skill (၅)မျိုးလိုအပ်

စာရေးသူအနေဖြင့် မည်သည့် လုပ်ငန်းနယ်ပယ်၌မဆို Skill (၅) မျိုးလိုအပ်ကြောင်း လက်ခံယုံကြည်ထားပါသည်။ အလျဉ်းသင့်၍ တင်ပြရမည်ဆိုလျှင် အဆိုပါ Skill (၅)မျိုး၏ ပထမ Skill သည် Reading Skill ဖြစ်ပါသည်။ Reading Skill တွင်လည်း (၃)မျိုး ထပ်မံခွဲခြားနားလည်ပါသည်။ ဆရာကြီးဦးရွှေအောင် စာဖတ်နည်း (၃)နည်းနှင့်ဆက်စပ်နားလည်လျက်- ပထမစာဖတ်နည်းမှာ- နောက်ကလိုက်၍ စာဖတ်ခြင်းဖြစ်ပါသည်။ စာအုပ်စာပေ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများတွင် ဖော်ပြရေးသားထားသော စာလုံးပေါင်း၊ အက္ခရာများအလိုက် အတိအကျ ဖတ်ရှုလေ့လာမှတ်သားပြီး နားလည်သဘောပေါက်ဆောင်ရွက်သော စာဖတ်နည်းဖြစ်ပါသည်။ ဤနည်းသည် အချို့သောကိစ္စရပ်များတွင် အတိအကျ လိုအပ်ပါသည်။ ဥပမာအားဖြင့် ဥပဒေတစ်ခုကို လေ့လာချဉ်းကပ်ရာတွင် ဥပဒေပါပြဋ္ဌာန်းစာသား၊ စာလုံး၊ အက္ခရာများအတိုင်း အတိအကျ လုံးကောက်ဘာသာပြန် နားလည်မှုရယူပြီး လက်တွေ့နယ်ပယ်၌ ချင့်ချိန်တိုင်းထွာဆောင်ရွက်ခြင်းမျိုး ဖြစ်ပါသည်။

ဒုတိယစာဖတ်ခြင်း နည်းလမ်းမှာ- ရင်ပေါင်တန်းဖတ်နည်းဖြစ်ပါသည်။ ဤဥပဒေ ပြဋ္ဌာန်းချက်၊ အမိန့်ညွှန်ကြားချက်သည် ဘာကြောင့်ဖြစ်ပေါ်လာရသည်၊ ဘာကိုရည်ရွယ်၍ ရေးသားထားသည်၊ ဘယ်အဆင့်အထိပဲ ဖော်ပြထားသည် စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာလျက် စာတစ်ပုဒ်၏ နောက်ကြောင်း ရာဇဝင်အပါအဝင် ရည်ရွယ်ချက်ကို စူးစမ်းလေ့လာပြီး မှတ်သားသော စာဖတ်နည်း ဖြစ်ပါသည်။ ဤစာဖတ်နည်းသည်လည်း အမှန်လိုအပ်ပါသည်။ အချို့သော အခြေအနေများတွင် နောက်ကြောင်း ရာဇဝင်၊ ရည်ရွယ်ချက် စသည်တို့ကို သိရှိထားလျှင် လက်တွေ့အကောင် အထည်ဖော်သည့်နေရာ၌ များစွာအကျိုးပြုပြီး လုပ်ကိုင်ရသည်မှာလည်း တန်ဖိုးရှိပါသည်။

တတိယ စာဖတ်နည်းမှာ- ကျော်၍ ဖတ်ခြင်းဖြစ်ပါသည်။ ဥပဒေတစ်ခု၊ စာတစ်ပုဒ်၏ ဆိုလိုရင်း၊ အနှစ်သာရကို မြင်အောင် ထိုးထွင်းဉာဏ်ဖြင့် နက်နက်ရှိုင်းရှိုင်း စူးစမ်းထိုးဖောက်နားလည်သိမြင်ခြင်း ဖြစ်ပါသည်။ ဤအဆင့်ကို သာမန်လူတို့ မလုပ်ဆောင်နိုင်ကြပါ။ ထိုအနှစ်သာရကို ထိုးထွင်းဉာဏ်ဖြင့် နားလည်သဘောပေါက်ပြီး ဆုပ်ကိုင်လိုက်နိုင်ပြီဆိုလျှင်- ဤပညာရပ်တွင် ကျွမ်းကျင်ပိုင်နိုင်သူ ဆရာကြီးတစ်ဆူဖြစ်သွားပါပြီ။

*(ဆက်လက်ဖော်ပြပါမည်)*

၁ကျော်ဖုံးမှ

မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မတ္တရာမြို့နယ် | ၂၆၆ | ၂၂၇၁၇၁ | ၁၆၂၂၃၂ | ၆၄၉၃၉ | ၆၁၉၉၃ | ၃၅၆၈ | ၆၂၂ |
| ၂ | မိုးကုတ်မြို့နယ် | ၁၄၄ | ၁၆၃၈၅၃ | ၉၀၆၉၀ | ၇၃၁၆၃ | ၆၄၄၉၇ | ၉၃၁၂ | ၆၄၆ |
| ၃ | ဝမ်းတွင်းမြို့နယ် | ၃၁၈ | ၂၂၈၃၅၂ | ၁၆၃၃၀၉ | ၆၅၀၄၃ | ၅၈၁၆၈ | ၁၀၈၈၉ | ၄၀၁၄ |
| | စုစုပေါင်း | ၇၂၈ | ၆၁၉၃၇၆ | ၄၁၆၂၃၁ | ၂၀၃၁၄၅ | ၁၈၄၆၅၈ | ၂၃၇၆၉ | ၅၂၈၂ |

### မတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၃ အုပ်စု၊ မဲရုံပေါင်း ၂၆၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ **၂၂၇၁၇၁** ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၂၂၃၂၊ ကျန်ရှိရမည့်အရေအတွက်မှာ **၆၄၉၃၉** ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၁၉၉၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၁၂၅၅၀ | ၁၆၁၇၇၁ | ၅၀၇၇၉ | ၄၇၉၈၃ | ၃၄၁၈ | ၆၂၂ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၂၁ | ၄၆၁ | ၆၀ | ၆၀ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၄၁၀၀ | | ၁၄၁၀၀ | ၁၃၉၅၀ | ၁၅၀ | |
| | စုစုပေါင်း | ၂၂၇၁၇၁ | ၁၆၂၂၃၂ | ၆၄၉၃၉ | ၆၁၉၉၃ | ၃၅၆၈ | ၆၂၂ |

၆။ မတ္တရာမြို့နယ် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၃ အုပ်စု၊ မဲရုံပေါင်း ၂၆၆ ရုံတွင် မဲလက်မှတ်အရေအတွက် ၃၄၁၈ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၆၂၂ စောင် အပိုတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၁၄၁၀၀ ဖြစ်သော်လည်း မြေပြင်တွင် ၁၃၉၅၀ သာ ကျန်ရှိသဖြင့် ၁၅၀ စောင် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။

၇။ မတ္တရာမြို့နယ် ပန်းယျကျေးရွာအုပ်စု မဲရုံအမှတ်(၇) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၇၀၁ ဦး ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ မပါရှိဘဲ ဆန္ဒမဲပေးခွင့်ပြုထားသူ ၅၁၃ ဦးရှိကြောင်း တွေ့ရှိရပါသည်။ [ **ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ (၁) ၂ ရွက်ကို ပူးတွဲဖော်ပြထားပါသည်။**]

၈။ မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာအုပ်စု မဲရုံအမှတ် (၈) နှင့် သရက်ကန်(မြောက်)ကျေးရွာ မဲရုံအမှတ်(၁) တို့တွင် ဆန္ဒမဲပေးပြီး လက်ခံဖြတ်ပိုင်းများ မတွေ့ရှိသဖြင့် ဆန္ဒမဲလက်မှတ်များကိုသာ စစ်ဆေးခဲ့ရပါသည်။ သို့ဖြစ်၍ ကြိုတင်မဲလက်မှတ်အရေအတွက်နှင့် လက်ကျန်မဲအရေအတွက် စာရင်းအတိအကျ မရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

၉။ မတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | အမှတ်(၂)ရပ်ကွက် | ၁၁၃၅၀ | ၇၅၆၄ | ၃၇၈၆ | ၃၈၈၁ | | ၉၅ |
| ၂ | ရေနံ့သာကျေးရွာအုပ်စု | ၁၀၉၀၀ | ၇၇၈၄ | ၃၁၁၆ | ၂၆၂၅ | ၄၉၁ | |
| ၃ | သပြေသာကျေးရွာအုပ်စု | ၂၇၀၀ | ၂၀၁၀ | ၆၉၀ | ၄၉၀ | ၂၀၀ | |
| ၄ | မြစ်ကမ်းကျေးရွာအုပ်စု | ၂၄၀၀ | ၁၈၅၆ | ၅၄၄ | ၅၄၆ | | ၂ |
| ၅ | ဝွေးပင်ကျေးရွာအုပ်စု | ၆၀၀ | ၄၂၁ | ၁၇၉ | ၇၂ | ၁၀၇ | |
| ၆ | စကားပင်ကျေးရွာအုပ်စု | ၄၆၀၀ | ၃၁၉၄ | ၁၄၀၆ | ၁၃၅၆ | ၅၀ | |
| ၇ | စလေကျေးရွာအုပ်စု | ၈၅၀၀ | ၅၂၇၆ | ၃၂၂၄ | ၃၁၂၄ | ၁၀၀ | |
| ၈ | ဇီးဖြူကုန်းကျေးရွာအုပ်စု | ၂၅၅၀ | ၂၀၂၂ | ၅၂၈ | ၄၇၈ | ၅၀ | |
| ၉ | အထက်တောင်ကိုင်းကျေးရွာအုပ်စု | ၃၂၀၀ | ၂၄၉၅ | ၇၀၅ | ၇၀၅ | | |
| ၁၀ | ကျောင်းကုန်းကျေးရွာအုပ်စု | ၈၀၀ | ၆၅၅ | ၁၄၅ | ၁၄၅ | | |
| ၁၁ | ဆိပ်သာကျေးရွာအုပ်စု | ၂၉၀၀ | ၂၂၀၅ | ၆၉၅ | ၆၉၅ | | |
| ၁၂ | သဖန်းကိုင်းကျေးရွာအုပ်စု | ၃၁၀၀ | ၂၄၁၂ | ၆၈၈ | ၆၈၈ | | |
| ၁၃ | ကွေ့တောကျေးရွာအုပ်စု | ၁၇၅၀ | ၁၂၅၆ | ၄၉၄ | ၄၉၄ | | |
| ၁၄ | ရွေးစုကျေးရွာအုပ်စု | ၁၄၅၀ | ၁၁၄၈ | ၃၀၂ | ၃၀၂ | | |
| ၁၅ | လက္ကောင်းကြီးကျေးရွာအုပ်စု | ၆၁၅၀ | ၄၆၀၀ | ၁၅၅၀ | ၁၁၅၀ | ၄၀၀ | |
| ၁၆ | လမိုင်းကျေးရွာအုပ်စု | ၈၂၅၀ | ၆၆၅၃ | ၁၅၉၇ | ၁၅၉၉ | | ၂ |
| ၁၇ | ကြာပင်ကျေးရွာအုပ်စု | ၇၅၀ | ၆၁၆ | ၁၃၄ | ၁၃၄ | | |
| ၁၈ | ရေကြည်ကျေးရွာအုပ်စု | ၁၈၅၀ | ၁၅၁၂ | ၃၃၈ | ၃၃၈ | | |
| ၁၉ | ကြားကျေးရွာအုပ်စု | ၇၅၀ | ၄၇၂ | ၂၇၈ | ၇၈ | ၂၀၀ | |
| ၂၀ | စီတိုင်းကန်ကျေးရွာအုပ်စု | ၁၀၀၀ | ၈၄၈ | ၁၅၂ | ၁၅၂ | | |
| ၂၁ | ထန်းပင်ကုန်းကျေးရွာအုပ်စု | ၁၃၅၀ | ၁၀၉၂ | ၂၅၈ | ၂၅၈ | | |
| ၂၂ | တောင်ကန်ကျေးရွာအုပ်စု | ၅၄၅၀ | ၄၂၆၂ | ၁၁၈၈ | ၁၁၈၈ | | |
| ၂၃ | သမင်တွင်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၅၅၄ | ၃၄၆ | ၂၄၆ | ၁၀၀ | |
| ၂၄ | ဝက်ခဲကျေးရွာအုပ်စု | ၁၂၅၀ | ၉၆၈ | ၂၈၂ | ၂၈၂ | | |
| ၂၅ | ဝါးရင်းတုတ်ကျေးရွာအုပ်စု | ၇၅၀ | ၆၁၄ | ၁၃၆ | ၁၃၆ | | |
| ၂၆ | ကံဘဲ့ကျေးရွာအုပ်စု | ၁၂၀၀ | ၉၄၃ | ၂၅၇ | ၂၅၇ | | |
| ၂၇ | ကျုံးကျေးရွာအုပ်စု | ၁၇၅၀ | ၁၃၆၂ | ၃၈၈ | ၄၃၈ | | ၅၀ |
| ၂၈ | သိမ်ကုန်းကျေးရွာအုပ်စု | ၅၀၀ | ၄၂၇ | ၇၃ | ၇၃ | | |
| ၂၉ | ကမ်းတဘက်ကျေးရွာအုပ်စု | ၂၀၅၀ | ၁၆၉၉ | ၃၅၁ | ၄၀၁ | | ၅၀ |
| ၃၀ | လင်းမွေချောင်းကျေးရွာအုပ်စု | ၁၁၅၀ | ၉၄၅ | ၂၀၅ | ၂၀၅ | | |
| ၃၁ | သရက်ကန်(မြောက်)ကျေးရွာအုပ်စု | ၁၄၀၀ | ၁၀၉၄ | ၃၀၆ | | ၃၀၆ | |
| ၃၂ | သလွန်ဖြူကျေးရွာအုပ်စု | ၈၀၀ | ၅၉၅ | ၂၀၅ | ၁၀၅ | ၁၀၀ | |
| ၃၃ | သရက်ကန်(တောင်)ကျေးရွာအုပ်စု | ၉၀၀ | ၇၄၆ | ၁၅၄ | ၁၅၄ | | |
| ၃၄ | တောင်ပြုံးကျေးရွာအုပ်စု | ၃၀၀၀ | ၂၃၂၈ | ၆၇၂ | ၆၇၂ | | |
| ၃၅ | လွန်တောင်းကျေးရွာအုပ်စု | ၃၆၀၀ | ၃၀၂၀ | ၅၈၀ | ၆၃၀ | | ၅၀ |
| ၃၆ | ထီးတော်မိုးကျေးရွာအုပ်စု | ၁၄၀၀ | ၁၁၆၁ | ၂၃၉ | ၂၃၉ | | |
| ၃၇ | ကပိုင်ကျေးရွာအုပ်စု | ၁၄၅၀ | ၁၂၁၈ | ၂၃၂ | ၂၃၂ | | |
| ၃၈ | ရတနာဘုမ္မိကျေးရွာအုပ်စု | ၁၀၀၀ | ၈၃၁ | ၁၆၉ | ၁၆၉ | | |
| ၃၉ | ဝသုန္ဓရကျေးရွာအုပ်စု | ၁၄၀၀ | ၁၁၅၅ | ၂၄၅ | ၂၄၅ | | |
| ၄၀ | အမှတ်(၁)ရပ်ကွက် | ၁၁၀၀ | ၈၁၂ | ၂၈၈ | ၂၃၈ | ၅၀ | |
| ၄၁ | အမှတ်(၃)ရပ်ကွက် | ၁၃၀၀ | ၉၈၆ | ၃၁၄ | ၃၁၄ | | |
| ၄၂ | အမှတ်(၄)ရပ်ကွက် | ၂၁၅၀ | ၁၆၉၆ | ၄၅၄ | ၅၄၀ | | ၈၆ |
| ၄၃ | အမှတ်(၅)ရပ်ကွက် | ၅၂၅၀ | ၃၈၄၅ | ၁၄၀၅ | ၁၄၀၅ | | |
| ၄၄ | ပင်းလယ်အင်းကျေးရွာအုပ်စု | ၁၈၀၀ | ၁၃၃၅ | ၄၆၅ | ၄၇၅ | | ၁၀ |
| ၄၅ | ကောက်ရိုးပုံကျေးရွာအုပ်စု | ၁၉၀၀ | ၁၄၁၄ | ၄၈၆ | ၄၇၉ | ၇ | |
| ၄၆ | ညောင်အုပ်ကျေးရွာအုပ်စု | ၃၀၅၀ | ၂၄၅၃ | ၅၉၇ | ၅၉၆ | ၁ | |
| ၄၇ | မြွေပုန်ကန်ကျေးရွာအုပ်စု | ၃၆၅၀ | ၂၆၄၂ | ၁၀၀၈ | ၈၀၈ | ၂၀၀ | |
| ၄၈ | ကျောက်စရစ်ကုန်း(မ)ကျေးရွာအုပ်စု | ၆၇၀၀ | ၅၃၂၆ | ၁၃၇၄ | ၁၂၁၀ | ၁၆၄ | |
| ၄၉ | မြွေဟသ်ာကျေးရွာအုပ်စု | ၁၇၀၀ | ၁၃၂၈ | ၃၇၂ | ၃၇၂ | | |
| ၅၀ | စကျင်ကျေးရွာအုပ်စု | ၆၁၅၀ | ၄၉၉၉ | ၁၁၅၁ | ၁၁၅၃ | | ၂ |
| ၅၁ | မြွေရွှေခဲကျေးရွာအုပ်စု | ၂၃၅၀ | ၁၉၀၈ | ၄၄၂ | ၅၀၀ | | ၅၈ |
| ၅၂ | မြွေစွန်းကျေးရွာအုပ်စု | ၁၇၀၀ | ၁၂၈၂ | ၄၁၈ | ၄၁၈ | | |
| ၅၃ | တောပုကျေးရွာအုပ်စု | ၁၅၀၀ | ၁၂၅၁ | ၂၄၉ | ၂၅၁ | | ၂ |
| ၅၄ | ပန်းယျကျေးရွာအုပ်စု | ၄၇၅၀ | ၃၇၀၉ | ၁၀၄၁ | ၁၀၃၁ | ၁၀ | |
| ၅၅ | သရက်တောကျေးရွာအုပ်စု | ၁၃၀၀ | ၁၀၉၂ | ၂၀၈ | ၂၀၈ | | |
| ၅၆ | သဲကောကျေးရွာအုပ်စု | ၁၁၅၀ | ၉၆၁ | ၁၈၉ | ၁၈၉ | | |
| ၅၇ | သူရဲဇက်ကျေးရွာအုပ်စု | ၉၀၀ | ၈၀၇ | ၉၃ | ၉၃ | | |
| ၅၈ | ဟလင်းကျေးရွာအုပ်စု | ၆၀၀ | ၃၉၆ | ၂၀၄ | ၁၀၄ | ၁၀၀ | |
| ၅၉ | ဥဒိန်ကျေးရွာအုပ်စု | ၄၀၀၀ | ၂၉၁၁ | ၁၀၈၉ | ၉၁၈ | ၁၇၁ | |
| ၆၀ | ကျောက်စရစ်ကုန်း(တ)ကျေးရွာအုပ်စု | ၆၂၅၀ | ၄၆၉၁ | ၁၅၅၉ | ၁၅၅၉ | | |
| ၆၁ | ဝန်စုကျေးရွာအုပ်စု | ၃၄၅၀ | ၂၅၆၂ | ၈၈၈ | ၈၈၈ | | |
| ၆၂ | ပိုဝကျေးရွာအုပ်စု | ၂၁၀၀ | ၁၆၁၂ | ၄၈၈ | ၅၄၀ | | ၅၂ |
| ၆၃ | ဝေဟင်္ဂမကျေးရွာအုပ်စု | ၁၁၀၀ | ၉၁၉ | ၁၈၁ | ၁၃၁ | ၅၀ | |
| ၆၄ | သဲကျွန်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၆၅၁ | ၅၄၉ | ၆၈၀ | | ၁၃၁ |
| ၆၅ | တဲကုန်းကျေးရွာအုပ်စု | ၅၀၀ | ၄၄၇ | ၅၃ | ၅၃ | | |
| ၆၆ | ငယ်တိုးကျေးရွာအုပ်စု | ၃၈၀၀ | ၂၉၈၆ | ၈၁၄ | ၇၆၄ | ၅၀ | |
| ၆၇ | ဟသ်ာကုန်းကျေးရွာအုပ်စု | ၁၁၅၀ | ၈၉၀ | ၂၆၀ | ၂၆၀ | | |
| ၆၈ | ရှင်လှကျေးရွာအုပ်စု | ၁၆၀၀ | ၁၂၇၂ | ၃၂၈ | ၂၇၈ | ၅၀ | |
| ၆၉ | ပျဉ်ကာကျေးရွာအုပ်စု | ၁၀၅၀ | ၇၄၇ | ၃၀၃ | ၃၀၃ | | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၇၀ | အောက်တောင်ကိုင်းကျေးရွာအုပ်စု | ၂၁၀၀ | ၁၄၂၆ | ၆၇၄ | ၅၇၆ | ၉၈ | |
| ၇၁ | အိုင့်ဒိုင်ကျေးရွာအုပ်စု | ၁၆၀၀ | ၁၂၂၈ | ၃၇၂ | ၃၇၂ | | |
| ၇၂ | ရွှေဘိုးကြီးကျေးရွာအုပ်စု | ၁၂၅၀ | ၉၈၃ | ၂၆၇ | ၂၅၇ | ၁၀ | |
| ၇၃ | ရွှေချောင်းကျေးရွာအုပ်စု | ၂၄၀၀ | ၁၉၀၅ | ၄၉၅ | ၅၂၅ | | ၃၀ |
| ၇၄ | သုံးဆယ်ပေးကျေးရွာအုပ်စု | ၂၁၀၀ | ၁၄၅၁ | ၆၄၉ | ၅၅၁ | ၉၈ | |
| ၇၅ | ဆင်ကျွန်းကျေးရွာအုပ်စု | ၉၀၀ | ၇၅၅ | ၁၄၅ | ၁၄၅ | | |
| ၇၆ | ညောင်ကုန်းကျေးရွာအုပ်စု | ၃၆၅၀ | ၂၇၅၁ | ၈၉၉ | ၈၄၉ | ၅၀ | |
| ၇၇ | ကျွဲခြံကုန်းကျေးရွာအုပ်စု | ၃၅၀ | ၃၂၈ | ၂၂ | ၂၂ | | |
| ၇၈ | ဆူးကားကျေးရွာအုပ်စု | ၁၆၀၀ | ၁၂၂၂ | ၃၇၈ | ၃၈၀ | | ၂ |
| ၇၉ | ရွှေဘောင်ကျေးရွာအုပ်စု | ၁၈၅၀ | ၁၃၃၇ | ၅၁၃ | ၅၁၃ | | |
| ၈၀ | နန်းတော်ကျွန်းကျေးရွာအုပ်စု | ၂၄၀၀ | ၁၉၅၀ | ၄၅၀ | ၃၅၅ | ၉၅ | |
| ၈၁ | ကုန်းတန်းကြီးကျေးရွာအုပ်စု | ၂၄၀၀ | ၁၅၈၇ | ၈၁၃ | ၇၁၃ | ၁၀၀ | |
| ၈၂ | ချောင်းပေါက်ကျေးရွာအုပ်စု | ၃၅၀ | ၃၁၉ | ၃၁ | ၃၁ | | |
| ၈၃ | ပေါက်ဝဲကျေးရွာအုပ်စု | ၁၅၀၀ | ၁၂၅၁ | ၂၄၉ | ၂၄၉ | | |
| ၈၄ | လှိုင်ကျွန်းကျေးရွာအုပ်စု | ၈၅၀ | ၆၆၈ | ၁၈၂ | ၁၈၂ | | |
| ၈၅ | ဘေးမဲ့ကျေးရွာအုပ်စု | ၆၀၀ | ၅၂၉ | ၇၁ | ၇၁ | | |
| ၈၆ | မြစ်ကောက်ကျေးရွာအုပ်စု | ၅၀၀ | ၄၁၇ | ၈၃ | ၈၃ | | |
| ၈၇ | ရှမ်းတောကျေးရွာအုပ်စု | ၈၅၀ | ၆၈၇ | ၁၆၃ | ၁၆၃ | | |
| ၈၈ | စက်ထိပ်ကျေးရွာအုပ်စု | ၁၂၅၀ | ၁၀၃၄ | ၂၁၆ | ၂၀၆ | ၁၀ | |
| ရပ်/ကျေးချုပ်စုစုပေါင်း | | ၂၁၂၅၅၀ | ၁၆၁၇၇၁ | ၅၀၇၇၉ | ၄၇၉၈၃ | ၃၄၁၈ | ၆၂၂ |
| မြို့နယ်ကြိုတင်မဲလက်မှတ် | | ၅၂၁ | ၄၆၁ | ၆၀ | ၆၀ | | |
| မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၄၁၀၀ | | ၁၄၁၀၀ | ၁၃၉၅၀ | ၁၅၀ | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၂၂၇၁၇၁ | ၁၆၂၂၃၂ | ၆၄၉၃၉ | ၆၁၉၉၃ | ၃၅၆၈ | ၆၂၂ |

## မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၀။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်တွင် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၈ အုပ်စု၊ မဲရုံပေါင်း ၁၄၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၆၃၈၅၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၀၆၉၀ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၃၁၆၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၄၄၉၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၅၅၆၅၀ | ၈၉၈၆၀ | ၆၅၇၉၀ | ၅၇၁၉၇ | ၉၂၃၉ | ၆၄၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၉၀၃ | ၈၃၀ | ၇၃ | | ၇၃ | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၇၃၀၀ | | ၇၃၀၀ | ၇၃၀၀ | | |
| | စုစုပေါင်း | ၁၆၃၈၅၃ | ၉၀၆၉၀ | ၇၃၁၆၃ | ၆၄၄၉၇ | ၉၃၁၂ | ၆၄၆ |

၁၁။ မိုးကုတ်မြို့နယ် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၈ အုပ်စုမှ မဲရုံပေါင်း ၁၄၄ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၉၃၁၂ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၆၄၆ အပိုတွေ့ရှိရသည်။ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် ကြိုတင်မဲလက်မှတ် လက်ကျန်များ မတွေ့ရှိသဖြင့် ၇၃ စောင် ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၁၂။ မိုးကုတ်မြို့နယ်ရှိ မဲရုံပေါင်း ၁၄၄ ရုံတွင် ညောင်ပင်သာကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ညောင်ထောက်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ပိန်းပြစ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ မြို့မရပ်ကွက် မဲရုံအမှတ် (၁၃) တို့၌ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ တွေ့ရှိရခြင်းမရှိဘဲ ခိုင်လုံမဲ၊ ပယ်မဲလက်မှတ်များသာ တွေ့ရှိရပါသည်။ ကသဲကျေးရွာအုပ်စု မဲရုံအမှတ်(၈)တွင် လွှတ်တော်အားလုံးတွင် အသုံးပြုသော ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း၊ ခိုင်လုံမဲ၊ ပယ်မဲ၊ ပုံစံ(၁)စာအုပ်၊ ပုံစံ (၁၆-၁) အပ်နှံစာရွက်စာတမ်းများ တွေ့ရှိရခြင်းမရှိဘဲ ပျောက်ဆုံးနေကြောင်း တွေ့ရှိရပါသည်။

၁၃။ မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | မြို့မရပ်ကွက် | ၂၂၁၅၀ | ၁၁၆၃၉ | ၁၀၅၁၁ | ၉၉၀၇ | ၆၀၄ | |
| ၂ | ရှောလီဝိုင်းရပ်ကွက် | ၃၃၃၅၀ | ၁၇၆၁၀ | ၁၅၇၄၀ | ၁၃၅၄၁ | ၂၁၉၉ | |
| ၃ | လယ်ဦးရပ်ကွက် | ၁၂၈၅၀ | ၇၃၉၆ | ၅၄၅၄ | ၅၂၉၂ | ၁၆၂ | |
| ၄ | ပိန်းပြစ်ကျေးရွာအုပ်စု | ၃၃၅၀ | ၂၀၅၀ | ၁၃၀၀ | ၈၆၆ | ၄၃၄ | |
| ၅ | ကျောက်ဝါကျေးရွာအုပ်စု | ၁၄၅၀ | ၈၈၅ | ၅၆၅ | ၃၁၅ | ၂၅၀ | |
| ၆ | လီရှောကျောက်ပုံကျေးရွာအုပ်စု | ၁၄၀၀ | ၇၆၂ | ၆၃၈ | ၆၃၈ | | |
| ၇ | ကြက်နှစ်ဖကျေးရွာအုပ်စု | ၅၅၀ | ၃၄၇ | ၂၀၃ | ၂၀၃ | | |
| ၈ | ဟိုဝိတ်ကျေးရွာအုပ်စု | ၄၀၀ | ၂၃၃ | ၁၆၇ | ၁၆၆ | ၁ | |
| ၉ | ဝက်ဘာကျေးရွာအုပ်စု | ၆၀၀ | ၂၆၈ | ၃၃၂ | ၃၃၂ | | |
| ၁၀ | ညောင်ပင်သာကျေးရွာအုပ်စု | ၃၅၀ | ၂၀၇ | ၁၄၃ | | ၁၄၃ | |
| ၁၁ | ညောင်ထောက်ကျေးရွာအုပ်စု | ၇၀၀ | ၃၇၂ | ၃၂၈ | ၃၆၂ | | ၃၄ |
| ၁၂ | မင်းတံတားရပ်ကွက် | ၅၀၅၀ | ၃၂၂၉ | ၁၈၂၁ | ၁၆၂၁ | ၂၀၀ | |
| ၁၃ | ရေပူရပ်ကွက် | ၅၄၅၀ | ၃၄၆၃ | ၁၉၈၇ | ၁၄၈၆ | ၅၀၁ | |
| ၁၄ | သဒ္ဒတ်သျှိုကျေးရွာအုပ်စု | ၃၁၅၀ | ၂၁၆၅ | ၉၈၅ | ၇၁၅ | ၂၇၀ | |
| ၁၅ | လွယ်ငင်းကျေးရွာအုပ်စု | ၂၀၀ | ၁၂၄ | ၇၆ | ၇၆ | | |
| ၁၆ | ကျောက်တလုံးကျေးရွာအုပ်စု | ၆၀၀ | ၃၆၈ | ၂၃၂ | ၂၄၂ | | ၁၀ |
| ၁၇ | ကသဲကျေးရွာအုပ်စု | ၁၅၃၀၀ | ၉၄၉၅ | ၅၈၀၅ | ၄၄၅၂ | ၁၃၅၃ | |
| ၁၈ | ပင်သပြေကျေးရွာအုပ်စု | ၂၅၀ | ၁၆၄ | ၈၆ | ၈၆ | | |
| ၁၉ | ပြောင်းပြင်ကျေးရွာအုပ်စု | ၇၅၀ | ၄၇၄ | ၂၇၆ | ၂၇၆ | | |
| ၂၀ | ကျောက်ဆင်ကျေးရွာအုပ်စု | ၁၈၅၀ | ၁၂၂၀ | ၆၃၀ | ၃၈၀ | ၂၅၀ | |
| ၂၁ | ဘော့လုံးကြီးကျေးရွာအုပ်စု | ၂၅၅၀ | ၁၇၂၈ | ၈၂၂ | ၉၇၂ | | ၁၅၀ |
| ၂၂ | ကပိုင်ကျေးရွာအုပ်စု | ၂၄၅၀ | ၁၇၅၆ | ၆၉၄ | ၇၉၄ | | ၁၀၀ |
| ၂၃ | ရေအေးကျေးရွာအုပ်စု | ၂၈၅၀ | ၂၀၈၈ | ၇၆၂ | ၁၀၆၂ | | ၃၀၀ |
| ၂၄ | လောင်းစင်ကျေးရွာအုပ်စု | ၇၀၀ | ၄၁၆ | ၂၈၄ | ၂၃၄ | ၅၀ | |
| ၂၅ | ကင်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၄၁၅ | ၇၈၅ | ၅၃၅ | ၂၅၀ | |
| ၂၆ | ရွှေညောင်ပင်ကျေးရွာအုပ်စု | ၃၂၅၀ | ၁၉၄၃ | ၁၃၀၇ | ၁၂၅၇ | ၅၀ | |
| ၂၇ | အုန်ဒန်ကျေးရွာအုပ်စု | ၉၀၀ | ၆၃၁ | ၂၆၉ | ၂၆၉ | | |
| ၂၈ | ကျပ်ပြင်ကျေးရွာအုပ်စု | ၂၂၇၀၀ | ၁၃၂၆၇ | ၉၄၃၃ | ၇၃၅၉ | ၂၀၇၄ | |
| ၂၉ | တောင်ဒွန်းကျေးရွာအုပ်စု | ၃၅၀ | ၁၂၇ | ၂၂၃ | ၁၇၃ | ၅၀ | |
| ၃၀ | ချောင်းကြီးကျေးရွာအုပ်စု | ၁၅၅၀ | ၉၀၄ | ၆၄၆ | ၅၄၆ | ၁၀၀ | |
| ၃၁ | လီရှောလယ်ဦးကျေးရွာအုပ်စု | ၂၃၀၀ | ၁၀၆၈ | ၁၂၃၂ | ၁၀၈၂ | ၁၅၀ | |
| ၃၂ | ဗမွန်ကျေးရွာအုပ်စု | ၁၃၅၀ | ၈၃၂ | ၅၁၈ | ၅၂၀ | | ၂ |
| ၃၃ | ဖြူရောင်ကျေးရွာအုပ်စု | ၇၀၀ | ၄၉၀ | ၂၁၀ | ၂၆၀ | | ၅၀ |
| ၃၄ | ရွာသာယာကျေးရွာအုပ်စု | ၂၀၅၀ | ၇၂၄ | ၁၃၂၆ | ၁၁၇၈ | ၁၄၈ | |
| ရပ်/ကျေးချုပ်စုစုပေါင်း | | ၁၅၅၆၅၀ | ၈၉၈၆၀ | ၆၅၇၉၀ | ၅၇၁၉၇ | ၉၂၃၉ | ၆၄၆ |
| မြို့နယ်ကြိုတင်မဲလက်မှတ် | | ၉၀၃ | ၈၃၀ | ၇၃ | | ၇၃ | |
| မြို့နယ်လက်ကျန်မဲလက်မှတ် | | ၇၃၀၀ | | ၇၃၀၀ | ၇၃၀၀ | | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၁၆၃၈၅၃ | ၉၀၆၉၀ | ၇၃၁၆၃ | ၆၄၄၉၇ | ၉၃၁၂ | ၆၄၆ |

## ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၄။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်တွင် ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၈ အုပ်စု၊ မဲရုံပေါင်း ၃၁၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၂၂၈၃၅၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၃၃၀၉ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၆၅၀၄၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၈၁၆၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၂၂၇၄၇ | ၁၆၂၇၀၄ | ၆၀၀၄၃ | ၅၀၂၄၃ | ၁၀၈၈၉ | ၁၀၈၉ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၆၀၅ | ၆၀၅ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၅၀၀၀ | | ၅၀၀၀ | ၇၉၂၅ | | ၂၉၂၅ |
| | စုစုပေါင်း | ၂၂၈၃၅၂ | ၁၆၃၃၀၉ | ၆၅၀၄၃ | ၅၈၁၆၈ | ၁၀၈၈၉ | ၄၀၁၄ |

၁၅။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ဝမ်းတွင်းမြို့နယ်၊ ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၈ အုပ်စု၊ မဲရုံပေါင်း ၃၁၈ ရုံတွင် မဲလက်မှတ်အရေအတွက် ၁၀၈၈၉ ပျောက်ဆုံးနေပြီး ၁၀၈၉ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် အရေအတွက် ၆၀၅ အသုံးပြုထားပြီး စောင်ရေ ၅၀၀၀ အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။ မြို့နယ် မြေပြင်လက်ကျန် မဲလက်မှတ်အရေအတွက် ၇၉၂၅ စောင်အနက်မှ ၂၉၂၅ စောင်သည် ရပ်/ကျေးမှ မြို့နယ်သို့ ပြန်လည် အပ်နှံထားသော မဲလက်မှတ်များဖြစ်သည်ကို စစ်ဆေးတွေ့ရှိရပါသည်။

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ



ဝမ်းတွင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။




မိုးကုတ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၁၆။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက် / ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | သဲတော(၁)ရပ်ကွက် | ၅ | ၃၈၀၀ | ၂၇၂၀ | ၁၀၈၀ | ၉၀၈ | ၁၇၂ | |
| ၂ | သဲတော(၂)ရပ်ကွက် | ၃ | ၂၁၄၉ | ၁၅၄၃ | ၆၀၆ | ၅၁၁ | ၉၅ | |
| ၃ | သဲတော(၃)ရပ်ကွက် | ၆ | ၄၅၅၀ | ၃၁၃၃ | ၁၄၁၇ | ၁၁၇၃ | ၂၄၄ | |
| ၄ | ရွာတန်းကျေးရွာအုပ်စု | ၉ | ၇၃၄၂ | ၅၇၅၁ | ၁၅၉၁ | ၁၃၄၅ | ၂၄၆ | |
| ၅ | မြင်ကြီးကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၅၂၆ | ၆၂၄ | ၅၇၅ | ၄၉ | |
| ၆ | ဒိုင်ကောင်းကုန်းကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၇၂၂ | ၇၂၈ | ၆၃၀ | ၉၈ | |
| ၇ | ကိုင်းကျေးရွာအုပ်စု | ၈ | ၅၀၀၆ | ၃၅၁၂ | ၁၄၉၄ | ၁၂၂၁ | ၂၇၃ | |
| ၈ | ဆင်ချီတိုင်ကျေးရွာအုပ်စု | ၃ | ၂၄၀၄ | ၁၇၄၅ | ၆၅၉ | ၄၆၀ | ၁၉၉ | |
| ၉ | ရာသချာကျေးရွာအုပ်စု | ၃ | ၁၂၄၈ | ၁၄၈၉ | -၂၄၁ | ၅၆၈ | | ၈၀၉ |
| ၁၀ | ရွှေတောင်ကျေးရွာအုပ်စု | ၄ | ၃၁၀၀ | ၂၂၂၀ | ၈၈၀ | ၇၆၈ | ၁၁၂ | |
| ၁၁ | သခွတ်မြင့်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၉၄၃ | ၆၀၇ | ၅၀၃ | ၁၀၄ | |
| ၁၂ | ညောင်ပင်ကျေးရွာအုပ်စု | ၂ | ၉၉၉ | ၆၃၆ | ၃၆၃ | ၃၀၄ | ၅၉ | |
| ၁၃ | ထန်းပင်ကုန်းကျေးရွာအုပ်စု | ၃ | ၂၃၉၈ | ၁၇၅၁ | ၆၄၇ | ၄၉၈ | ၁၄၉ | |
| ၁၄ | အင်္ကန်းကြီးကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၄၆၅ | ၆၃၅ | ၄၈၅ | ၁၅၀ | |
| ၁၅ | အင်္ကန်းကုန်းကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၀၈၀ | ၅၂၀ | ၃၇၀ | ၁၅၀ | |
| ၁၆ | သနပ်ခါးတောကျေးရွာအုပ်စု | ၆ | ၃၈၀၆ | ၂၈၉၆ | ၉၁၀ | ၆၅၅ | ၂၅၅ | |
| ၁၇ | သဃ်္န်းဆွဲကျေးရွာအုပ်စု | ၅ | ၄၀၆၀ | ၃၀၈၇ | ၉၇၃ | ၇၂၁ | ၂၅၂ | |
| ၁၈ | ဘုရားဖြူကျေးရွာအုပ်စု | ၈ | ၅၉၉၉ | ၄၆၈၆ | ၁၃၁၃ | ၁၁၁၄ | ၁၉၉ | |
| ၁၉ | ဂုဏ်ရွာကျေးရွာအုပ်စု | ၄ | ၂၉၉၁ | ၂၃၃၂ | ၆၅၉ | ၆၁၀ | ၄၉ | |
| ၂၀ | ဆူးပန်းကျေးရွာအုပ်စု | ၇ | ၆၀၅၀ | ၄၃၄၂ | ၁၇၀၈ | ၉၆၀ | ၇၄၈ | |
| ၂၁ | ရိုးစုံကျေးရွာအုပ်စု | ၆ | ၄၆၅၂ | ၃၄၂၈ | ၁၂၂၄ | ၁၀၆၆ | ၁၅၈ | |
| ၂၂ | ကုန်းရွာကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၆၂ | ၃၃၈ | ၂၈၈ | ၅၀ | |
| ၂၃ | ညောင်အုပ်ဖီးကျေးရွာအုပ်စု | ၉ | ၆၇၅၆ | ၄၉၃၇ | ၁၈၁၉ | ၁၅၆၈ | ၂၅၁ | |
| ၂၄ | ရေတွင်းကျေးရွာအုပ်စု | ၄ | ၂၃၀၆ | ၁၇၀၃ | ၆၀၃ | ၄၄၇ | ၁၅၆ | |
| ၂၅ | ကြွယ်ကန်ကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၉၃၆ | ၄၆၄ | ၄၆၄ | | |
| ၂၆ | ရွဲသီးကျေးရွာအုပ်စု | ၄ | ၂၄၉၆ | ၁၈၄၁ | ၆၅၅ | ၅၀၅ | ၁၅၀ | |
| ၂၇ | တမာကန်ကျေးရွာအုပ်စု | ၅ | ၃၉၀၄ | ၂၈၅၄ | ၁၀၅၀ | ၇၉၅ | ၂၅၅ | |
| ၂၈ | သဘွတ်ကုန်းကျေးရွာအုပ်စု | ၄ | ၃၁၀၄ | ၂၂၄၈ | ၈၅၆ | ၆၅၄ | ၂၀၂ | |
| ၂၉ | နတ်ကန်ကျေးရွာအုပ်စု | ၃ | ၂၁၅၂ | ၁၅၇၇ | ၅၇၅ | ၅၂၅ | ၅၀ | |
| ၃၀ | မြေတိုင်ကန်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၃၆ | ၃၆၄ | ၂၁၄ | ၁၅၀ | |
| ၃၁ | ညောင်ပင်သာကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၆၁ | ၃၃၉ | ၂၄၁ | ၉၈ | |
| ၃၂ | ခင်ကြီးကျေးရွာအုပ်စု | ၄ | ၃၅၀၄ | ၂၅၅၄ | ၉၅၀ | ၄၅၉ | ၄၉၁ | |
| ၃၃ | ခင်ဘန်းကျေးရွာအုပ်စု | ၁ | ၄၉၈ | ၃၇၅ | ၁၂၃ | ၁၂၃ | | |
| ၃၄ | ရေဆုံးကျေးရွာအုပ်စု | ၄ | ၂၄၄၈ | ၁၇၈၄ | ၆၆၄ | ၆၁၆ | ၄၈ | |
| ၃၅ | ဘုရားစုကျေးရွာအုပ်စု | ၁၁ | ၆၀၀၀ | ၅၁၁၁ | ၈၈၉ | ၅၉၁ | ၂၉၈ | |
| ၃၆ | ဝမ်းတွင်း(၁)ရပ်ကွက် | ၉ | ၆၆၄၉ | ၄၈၇၁ | ၁၇၇၈ | ၁၆၂၉ | ၁၄၉ | |
| ၃၇ | ဝမ်းတွင်း(၂)ရပ်ကွက် | ၈ | ၆၉၀၄ | ၅၀၄၂ | ၁၈၆၂ | ၁၇၆၂ | ၁၀၀ | |
| ၃၈ | ဝမ်းတွင်း(၃)ရပ်ကွက် | ၅ | ၄၆၀၀ | ၃၀၈၇ | ၁၅၁၃ | ၁၄၆၁ | ၅၂ | |
| ၃၉ | ပန်းကြိုင်ကျေးရွာအုပ်စု | ၂ | ၁၀၅၄ | ၇၇၀ | ၂၈၄ | ၂၃၄ | ၅၀ | |
| ၄၀ | သဖန်းကျေးရွာအုပ်စု | ၅ | ၃၃၅၂ | ၂၃၈၆ | ၉၆၆ | ၈၁၅ | ၁၅၁ | |
| ၄၁ | ဂျမ်းလုံကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၄၂ | ၃၅၈ | ၃၀၆ | ၅၂ | |
| ၄၂ | ရွှေဖလားကန်ကျေးရွာအုပ်စု | ၄ | ၂၄၅၂ | ၁၈၅၈ | ၅၉၄ | ၃၄၆ | ၂၄၈ | |
| ၄၃ | အိုမတွေ့ကျေးရွာအုပ်စု | ၅ | ၂၈၅၀ | ၂၀၂၅ | ၈၂၅ | ၆၆၂ | ၁၆၃ | |
| ၄၄ | အောင်ချမ်းသာကျေးရွာအုပ်စု | ၄ | ၂၄၅၂ | ၁၇၄၃ | ၇၀၉ | ၅၀၇ | ၂၀၂ | |
| ၄၅ | ကျောင်းကုန်းကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၂၀၅၇ | ၆၉၃ | ၄၇၄ | ၂၁၉ | |
| ၄၆ | တောင်ဆည်ကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၅၃၉ | ၆၁၁ | ၅၁၀ | ၁၀၁ | |
| ၄၇ | အင်းယင်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၅၀ | ၃၅၀ | ၃၀၀ | ၅၀ | |
| ၄၈ | မလွှပင်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၂၆ | ၁၂၄ | ၇၈ | ၄၆ | |
| ၄၉ | ဖလန်ကျင်းကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၂၃၈ | ၇၆၂ | ၅၁၁ | ၂၅၁ | |
| ၅၀ | ရှောက်တောကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၁၉၃၁ | ၆၆၉ | ၉၁၉ | | ၂၅၀ |

စာမျက်နှာ ၁၅ သို့





# သီရိလင်္ကာနိုင်ငံတွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု စတင်

ကိုလံဘို ဧပြီ ၂၈

**သီရိလင်္ကာကျန်းမာရေးအာဏာပိုင်များသည် ဧပြီ ၂၈ ရက်က ကျန်းမာရေးဝန်ထမ်းများနှင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေးတွင် ရှေ့တန်းမှ ပါဝင်နေသူများကို ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ကြောင်း၊ ပထမအကြိမ် ကာကွယ်ဆေးထိုးပေးပြီးနောက် ရက်ပေါင်း ၉၀ အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပေးခဲ့ခြင်းဖြစ်ကြောင်း အစိုးရက ပြောကြားလိုက်သည်။**

ကျန်းမာရေးဝန်ထမ်းများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ကိုလံဘိုမြို့ မာလီဂါဝက်တီဆင်ခြေဖုံးရှိဆေးရုံတွင် စတင်ခဲ့ကြောင်း ဆေးဝါးထုတ်လုပ်ရေး၊ ထောက်ပံ့ရေးနှင့် ကြီးကြပ်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီး ချန်နာ ဂျာရာဆူမနာက သတင်းထောက်များကို ပြောကြားလိုက်သည်။

သီရိလင်္ကာအစိုးရသည် ၎င်း၏ နိုင်ငံသားများအား ကာကွယ်ဆေးထိုးနှံခြင်းများကို အနောက်ပိုင်းပြည်နယ်၌ ဇန်နဝါရီ ၂၉ ရက်တွင် စတင်ခဲ့သော်လည်း ကာကွယ်ဆေးပြတ်လပ်မှုကြောင့် ဧပြီလအစောပိုင်းတွင် ရပ်ဆိုင်းခဲ့သည်။

တရားဝင်ကိန်းဂဏန်း အချက်အလက်များအရ ၉၂၅၉၄၂ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခဲ့ကြောင်းနှင့် သီတင်းပတ် ၁၆ ပတ်ကြာပြီးနောက် ၎င်းတို့ကို ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးတော့မည်ဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာအာဏာပိုင်များသည် ဒုတိယအကြိမ် ကာကွယ်ဆေးအပြည့်အဝထိုးနှံပေးနိုင်ရန် အက်စ်ထရာဇနီကာကာကွယ်ဆေးထုတ်လုပ်သော တခြားနိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။ **ဆင်ဟွာ**



သီရိလင်္ကာနိုင်ငံရှိ သူနာပြုများက ကိုလံဘိုမြို့ရှိ ရှေ့တန်းကျန်းမာရေးလုပ်သားများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှုကို တွေ့ရစဉ်။



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ လမ်းမတစ်ခုပေါ်တွင် ပါးစပ်၊ နှာခေါင်းစည်းတပ် သွားလာနေသူများကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံတွင် အသွင်ပြောင်းကိုဗစ်-၁၉ မျိုးစိတ်သစ်ကြောင့် ကိုဗစ်-၁၉ ကူးစက်မှုပိုမိုဖြစ်ပွားကြောင်း ကျွမ်းကျင်သူများပြော

တိုကျို ဧပြီ ၂၈

ဂျပန်အာဏာပိုင်များသည် နိုင်ငံတော်အရေးပေါ်အခြေအနေပြဋ္ဌာန်းထားသော တိုကျို၊ အိုဆာကာနှင့် ခရိုင်နှစ်ခုတို့တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမြင့်တက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကြောင့် ကိုဗစ်-၁၉ ကူးစက်မှုပိုမိုဖြစ်ပွားလာသည့်အပေါ် ကျွမ်းကျင်သူများက ပြစ်တင်ပြောကြားလိုက်သည်။

ဧပြီ ၂၈ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၂၅ ဦးရှိကြောင်း ဂျပန်အာဏာပိုင်များက အတည်ပြုဖော်ပြခဲ့သည်။ သုံးလအတွင်း ပထမဆုံးအကြိမ်အဖြစ် ယခုလို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၀၀ ကျော်ရှိလာခဲ့ခြင်းဖြစ်သည်။ တိုကျိုဆေးရုံရှိ ၅၃ ဦးမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို အပြင်းအထန် ခံစားနေရသည်။

တိုကျိုတွင် ကိုဗစ်-၁၉ အခြေအနေများကို စောင့်ကြည့်နေသော ကျွမ်းကျင်သူများက ယခုလအစောပိုင်း၌တွေ့ရှိသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ထက်ဝက်ကျော်လောက်မှာ အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်မျိုးဖြစ်သည့် အင်န်ဖိုက်ဖ်ီးရိုးဝမ်းဝိုင်ကြောင့်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အဆိုပါမျိုးစိတ်သစ်ကို ပထမဆုံး ဗြိတိန်တွင် တွေ့ရှိခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်သေဆုံးသူ စံချိန်တင်လျက်ရှိပြီး ကျန်းမာရေးစနစ်ကိုဒုက္ခပေးလျက်ရှိ

နယူးဒေလီ ဧပြီ ၂၈

အိန္ဒိယနိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်သေဆုံးမှုအရေအတွက် မှတ်တမ်းတင်ရလောက်အောင် မြင့်တက်လျက်ရှိရာ ယင်းက နိုင်ငံ၏ ကျန်းမာရေးစနစ်ကြီး တစ်ခုလုံးကို ဒုက္ခပေးလျက်ရှိသည်။

ဧပြီ ၂၈ ရက်က အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၆၀၉၆၀ ရှိကြောင်း အတည်ပြုဖော်ပြခဲ့မှုနှင့် အတူ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ခုနစ်ရက်ဆက်တိုက် သုံးသိန်းကျော် ရှိလာခဲ့သည်။

ထို့အပြင် ဧပြီ ၂၈ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၂၉၃ ဦး စံချိန်တင်မြင့်တက်လျက်ရှိပြီး ပထမဆုံးအကြိမ်အဖြစ် ကိုဗစ်-၁၉ ကြောင့် တစ်ရက်အတွင်း သေဆုံးသူ ၃၀၀၀ ကျော် ရှိလာခဲ့သည်။

မြို့တော်နယူးဒေလီရှိ ဆေးရုံ၏ အထူးကြပ်မတ်ကုသဆောင်တွင် လူနာတင်ခုတင် ၄၇၀၀ ကျော်မှာ ပြည့်လုနီးပါးရှိနေပြီဖြစ်သည်။ ဆေးရုံတက်လိုက်သည့် ကိုဗစ်-၁၉ ဝေဒနာပြင်းထန်စွာ ခံစားနေရသူများသည် ကုသမှုမရရှိဘဲ သေဆုံးခဲ့ကြောင်း သိရသည်။

အောက်ဆီဂျင် ထောက်ပံ့မှု ပြတ်တောက်လျက်ရှိသောကြောင့် ကိုဗစ်-၁၉ လူနာများအနေဖြင့် အသက်ရှူ အထောက်အကူပြုကိရိယာအသုံးပြုရန် မဖြစ်နိုင်သောအခြေအနေနှင့် ကြုံတွေ့နေရသည်။ အစိုးရက ထုတ်လုပ်သူများကို အောက်ဆီဂျင်ပိုမိုထုတ်လုပ်ရန် တိုက်တွန်းပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**



အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင် ကိုဗစ်-၁၉ ရောဂါသည်တစ်ဦးအား ဆေးရုံသို့ ခေါ်ဆောင်လာသည်ကို တွေ့ရစဉ်။

## တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ လေးရက်ဆက်တိုက် ၇၀၀ ကျော်ရှိလာ

ဆိုးလ် ဧပြီ ၂၈

တောင်ကိုရီးယားနိုင်ငံတွင် ဧပြီ ၂၇ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၇၅ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၀၆၇၃ ဦးအထိ ရှိလာပြီဖြစ်သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့်ပမာဏသည် ယခင်နေ့ကထက် ၅၁၂ ဦး တိုးလာခဲ့ပြီး လေးရက်ဆက်တိုက် ၇၀၀ ကျော်ရှိလာခဲ့သည်။

ဆိုးလ်မြို့နှင့် အိမ်နီးချင်း ချုံဂျီပြည်နယ်တွင် အစုလိုက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများနှင့် နိုင်ငံခြားပြန် ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် လွန်ခဲ့သောနှစ် နိုဝင်ဘာ ၈ ရက်မှစကာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုအရေအတွက်သည် သုံးဆခန့် မြင့်တက်လာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ်သေဆုံးသူတစ်ဦး ထပ်မံတိုးလာခြင်းနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၈၂၁ ဦး ရှိလာခဲ့ပြီဖြစ်သည်။ **ဆင်ဟွာ**

## ချီလီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးသူ ၆ ဒသမ ၃ သန်းကျော်ရှိ

ဆန်တီယာဂို ဧပြီ ၂၈

ချီလီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ၆၃၂၈၇၄၃ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂၇ ရက်တွင် ပြောကြားလိုက်သည်။

သတ်မှတ်လူဦးရေ ၁၅ သန်းအနက် ၄၁ ဒသမ ၆ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပေးပြီးပြီဖြစ်ကြောင်း ချီလီကျန်းမာရေးဝန်ကြီး အန်းရစ်ပဲရစ်က ကြေညာချက်တွင် ပြောကြားခဲ့သည်။

သတ်မှတ်လူဦးရေ ၁၅ သန်းအနက် ၅၂ ဒသမ ၆ ရာခိုင်နှုန်း သို့မဟုတ် ၇၉၉၅၇၄၆ ဦးမှာ ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

**ဆင်ဟွာ**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၂၈**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ မိုးမိုးဆန်း (ပါမောက္ခ) | ရန်ကုန် ပြည်သူ့ဆေးရုံကြီး | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ ရီရီအောင် (ပါမောက္ခ) | ရန်ကုန် မျက်စိဆေးရုံကြီး | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ ကျော်လင်းသူ (လ/ထ ဆရာဝန်) | မော်လမြိုင် ပြည်သူ့ဆေးရုံကြီး | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ ပြည့်မှူးခင် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ ဟန်လင်းအောင် (လ/ထ ဆရာဝန်) | ရွှေကူ ပြည်သူ့ဆေးရုံ | ရွှေကူမြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ ဆွေဆွေအောင် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ စိုင်းတင်ထွန်းဝင်း (လ/ထ ဆရာဝန်) | ပုံပါကျင် တိုက်နယ်ဆေးရုံ | ပုံပါကျင်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ ခင်မျိုးနွယ် (အထူးကု) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ ကျော်သူရ (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ မြတ်မျိုးကျော် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် ရွှေဘိုပြည်သူ့ဆေးရုံမှ ဒေါက်တာ ခင်မျိုးနွယ် (အထူးကု) သည် "အောင်မြေ"ဆေးရုံ၌လည်းကောင်း၊ ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ကျော်သူရ(လ/ထ ဆရာဝန်) နှင့် ဒေါက်တာ မြတ်မျိုးကျော်(လ/ထ ဆရာဝန်) တို့သည် "စေတနာ" ဆေးရုံ၌လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိကဆေးရုံ/ ဆေးခန်းများတွင် သွားရောက် ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။




ဒေါက်တာ ခင်မျိုးနွယ်(အထူးကု၊ ရွှေဘိုပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "အောင်မြေ" ဆေးရုံ မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ခင်မျိုးနွယ်



ဒေါက်တာ ကျော်သူရနှင့် ဒေါက်တာ မြတ်မျိုးကျော်(လက်ထောက်ဆရာဝန်၊ ကျိုင်းတုံပြည်သူ့ဆေးရုံကြီး)တို့အား ဆေးကုသခွင့်ပေးထားသည့် "စေတနာ"ဆေးရုံ မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ကျော်သူရ



ဒေါက်တာ မြတ်မျိုးကျော်

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားပြီးမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိကဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂,၇၉၀ ရှိ

### (၂၈–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၇–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၇၃၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၇၂,၉၉၂) ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၇၉၀) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၅၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၀၉) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

*စာမျက်နှာ ၁၂ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၅၁ | ဒါးလှကျေးရွာအုပ်စု | ၅ | ၂၄၅၄ | ၁၇၀၅ | ၇၄၉ | ၆၀၁ | ၁၄၈ | |
| ၅၂ | ဇဝင်းကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၇၇၉ | ၄၂၁ | ၃၂၁ | ၁၀၀ | |
| ၅၃ | နေပူကုန်းကျေးရွာအုပ်စု | ၁၀ | ၆၀၅၂ | ၄၂၉၁ | ၁၇၆၁ | ၁၂၅၉ | ၅၀၂ | |
| ၅၄ | ဖလန်ကန်ကျေးရွာအုပ်စု | ၁ | ၈၉၆ | ၆၇၆ | ၂၂၀ | ၂၂၀ | | |
| ၅၅ | လူးခင်းကျေးရွာအုပ်စု | ၅ | ၃၂၅၄ | ၂၂၅၀ | ၁၀၀၄ | ၇၃၃ | ၂၇၁ | |
| ၅၆ | ကုလားရွာကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၇၃ | ၇၇ | ၇၇ | | |
| ၅၇ | ဖိုကုန်းကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၄၃၄ | ၇၆၆ | ၇၄၇ | ၁၉ | |
| ၅၈ | သုံးဒေါင့်အိုင်ကျေးရွာအုပ်စု | ၄ | ၂၆၅၂ | ၁၈၂၀ | ၈၃၂ | ၇၈၂ | ၅၀ | |
| ၅၉ | တဲစုကျေးရွာအုပ်စု | ၇ | ၄၇၀၂ | ၂၈၁၆ | ၁၈၈၆ | ၁၅၂၃ | ၃၆၃ | |
| ၆၀ | ပင်းတလဲကျေးရွာအုပ်စု | ၉ | ၆၂၀၀ | ၄၁၀၀ | ၂၁၀၀ | ၁၈၂၅ | ၂၇၅ | |
| ၆၁ | အောင်သာကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၁၁ | ၄၈၉ | ၄၃၉ | ၅၀ | |
| ၆၂ | မြောက်ဆည်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၀၆၈ | ၅၈၂ | ၄၈၄ | ၉၈ | |
| ၆၃ | ကုက္ကိုခါးလှကျေးရွာအုပ်စု | ၆ | ၄၀၅၂ | ၂၆၆၅ | ၁၃၈၇ | ၁၂၈၆ | ၁၀၁ | |
| ၆၄ | ခါးတက္ကုန်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၅၄ | ၂၉၆ | ၂၉၆ | | |
| ၆၅ | ညောင်တိုကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၄၇၇ | ၆၂၃ | ၅၂၃ | ၁၀၀ | |
| ၆၆ | ဗဒင်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၄၂ | ၂၅၈ | ၂၅၈ | | |
| ၆၇ | ကုက္ကိုစုကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၂၄၇ | ၆၀၃ | ၅၀၃ | ၁၀၀ | |
| ၆၈ | ပဲခင်းကျော်ကျေးရွာအုပ်စု | ၆ | ၄၆၀၂ | ၃၃၇၁ | ၁၂၃၁ | ၁၀၄၁ | ၁၉၀ | |
| ၆၉ | ထီးလှိုင်ကျေးရွာအုပ်စု | ၇ | ၄၈၀၀ | ၃၇၈၅ | ၁၀၁၅ | ၉၅၉ | ၅၆ | |
| ၇၀ | လိန်ပင်ကျေးရွာအုပ်စု | ၈ | ၅၅၄၆ | ၄၄၄၅ | ၁၁၀၁ | ၈၅၂ | ၂၄၉ | |
| ၇၁ | ကုန်းကြီးကျေးရွာအုပ်စု | ၂ | ၁၃၄၉ | ၉၆၇ | ၃၈၂ | ၃၃၁ | ၅၁ | |
| ၇၂ | တောင်ဘိုကျေးရွာအုပ်စု | ၂ | ၁၆၅၂ | ၁၂၆၉ | ၃၈၃ | ၂၈၃ | ၁၀၀ | |
| ၇၃ | ခံတောကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၆၃ | ၁၈၇ | ၂၁၇ | | ၃၀ |
| ၇၄ | ပဲနံ့သာကျေးရွာအုပ်စု | ၃ | ၁၉၄၉ | ၁၄၆၅ | ၄၈၄ | ၄၁၅ | ၆၉ | |
| ၇၅ | ရွာဝေကျေးရွာအုပ်စု | ၅ | ၃၆၀၂ | ၂၅၈၀ | ၁၀၂၂ | ၈၁၉ | ၂၀၃ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၃၁၈ | ၂၂၂၇၄၇ | ၁၆၂၇၀၄ | ၆၀၀၄၃ | ၅၀၂၄၃ | ၁၀၈၉၉ | ၁၀၈၉ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၆၀၅ | ၆၀၅ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၅၀၀၀ | | ၅၀၀၀ | ၇၉၂၅ | | ၂၉၂၅ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၃၁၈ | ၂၂၈၃၅၂ | ၁၆၃၃၀၉ | ၆၅၀၄၃ | ၅၈၁၆၈ | ၁၀၈၉၉ | ၄၀၁၄ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ၂၈-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၉၂၇၃၅၂ | ၂၅၅၂၁၉၁၃ | ၅၈၇၃၈၅ |
| ၂။ | အိန္ဒိယ | ၁၇၉၉၇၂၆၇ | ၁၄၈၁၇၃၇၁ | ၂၀၁၁၈၇ |
| ၃။ | ဘရာဇီး | ၁၄၄၄၆၅၄၁ | ၁၂၉၈၂၄၄၂ | ၃၉၅၃၂၄ |
| ၄။ | ပြင်သစ် | ၅၅၃၄၃၁၃ | ၄၄၄၁၉၈၆ | ၁၀၃၆၀၃ |
| ၅။ | ရုရှား | ၄၇၈၇၂၇၃ | ၄၄၁၁၀၉၈ | ၁၀၉၃၆၇ |
| ၆။ | တူရကီ | ၄၇၁၀၅၈၂ | ၄၁၆၇၂၆၃ | ၃၉၀၅၇ |
| ၇။ | ဗြိတိန် | ၄၄၀၉၆၃၁ | ၄၂၀၂၃၁၁ | ၁၂၇၄၅၁ |
| ၈။ | အီတလီ | ၃၉၈၁၅၁၂ | ၃၄၁၃၄၅၁ | ၁၁၉၉၁၂ |
| ၉။ | စပိန် | ၃၄၉၆၁၃၄ | ၃၁၈၆၉၆၇ | ၇၇၈၅၅ |
| ၁၀။ | ဂျာမနီ | ၃၃၂၆၇၇၈ | ၂၉၅၄၀၀၀ | ၈၂၆၉၈ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈ – ၄ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၅၇၀၃၅ | ၁၅၁၁၄၁၇ | ၄၅၁၁၆ |
| ဖိလစ်ပိုင် | ၁၀၂၀၄၉၅ | ၉၃၅၆၉၅ | ၁၇၀၃၁ |
| မလေးရှား | ၄၀၁၅၉၃ | ၃၇၃၃၉၇ | ၁၄၇၇ |
| မြန်မာ | ၁၄၂၇၉၀ | ၁၃၁၉၅၅ | ၃၂၀၉ |
| ထိုင်း | ၆၁၆၉၉ | ၃၄၄၀၂ | ၁၇၈ |
| စင်ကာပူ | ၆၁၀၈၆ | ၆၀၇၀၄ | ၃၀ |
| ကမ္ဘောဒီးယား | ၁၁၀၆၃ | ၃၇၀၄ | ၈၂ |
| ဗီယက်နမ် | ၂၈၆၅ | ၂၅၁၆ | ၃၅ |
| လာအို | ၆၀၄ | ၅၀ | ၀ |
| ဘရူနိုင်း | ၂၂၄ | ၂၁၅ | ၃ |

# ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များတွင် မှန်ကန်မှုမရှိသည့် သေဆုံးမှုစာရင်းများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နိုင်ငံ့တာဝန်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူပြီးနောက်ပိုင်း ဒီမိုကရေစီယဉ်ကျေးမှုအရ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှု (Peaceful Protests) များသည် တရားမဝင် ဖွဲ့စည်းထားသော CRPH၊ NLD ပါတီဝင်များနှင့် ၎င်းတို့အား ဝန်းရံထောက်ခံသူ အစွန်းရောက်များ၏ ဦးဆောင်ပါဝင်မှု၊ နောက်ကွယ်မှကြိုးကိုင်လှုံ့ဆော်မှုများကြောင့် လက်နက်ကိုင်အကြမ်းဖက်ဆူပူအုံကြွမှု (Insurrection) အဆင့်မှ အကြမ်းဖက် အဖျက်လုပ်ရပ်များ (Terrorist Acts)အထိ လုပ်ဆောင်လာသည်ကို တွေ့မြင်ရပါသည်။

ထိုသို့အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာတွင် အချို့မြို့ကြီးများ၌ လမ်းများကို အခိုင်အမာပိတ်ဆို့၍ အတားအဆီးများချထားခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ရယူပြီး ရဲစခန်းများ၊ တပ်ဌာနချုပ်များ၊ အုပ်ချုပ်ရေးမှူးရုံးများ၊ စာသင်ကျောင်းများ၊ အရပ်ဘက် စီးပွားရေးဆိုင်ရာအဆောက်အအုံများ၊ အများပြည်သူသွားလာနေသည့် နေရာများနှင့် အပြစ်မဲ့ပြည်သူများ၏နေအိမ်များကို လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်လုပ်ဗုံးများ၊ မီးကွင်း၊ မီးပုလင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေလျက်ရှိပါသည်။

NLD ပါတီဝင်များနှင့် ဝန်းရံထောက်ခံသူအစွန်းရောက်များသည် ဖေဖော်ဝါရီလ ၁ ရက်မှ ဧပြီလ ၁၅ ရက်အတွင်း ရဲစခန်း ၆၃ ခု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ၆၂ ရုံး၊ ရုံးဌာန ၅၂ ရုံး၊ လမ်းတံတား ၁၆ ခု၊ ဘဏ် ၁၃ ခု၊ စာသင်ကျောင်းနှင့် အခြားအဆောက်အအုံနေရာ ၁၀၅ ခု တို့ကို မီးပုလင်းများ၊ မီးကွင်းများ၊ လက်လုပ်ဗုံးများ၊ လက်လုပ်မိုင်းများနှင့် ပစ်ပေါက်၍ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည့်အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာစက်မှုဇုန်များ၊ ရွှေပြည်သာစက်မှုဇုန်များနှင့် အင်းစိန်မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံ ၁၃ ရုံတို့ကို မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။

### ၁-၂-၂၀၂၁ မှ ၁၅-၄-၂၀၂၁ ထိ ဖျက်ဆီးတိုက်ခိုက်ခံရမှု အခြေအနေ

| စဉ် | တိုင်း/ပြည်နယ် | ရဲစခန်းများ | ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ | ရုံး/ဌာနများ | လမ်း/တံတားများ | ဘဏ်များ | အခြား နေရာများ |
|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၁ | ၁ | ၁ | | | ၅ |
| ၂ | ကချင် | | | ၂ | ၃ | | ၃ |
| ၃ | ကယား | | | ၁ | | | ၁ |
| ၄ | ကရင် | | ၆ | | | ၁ | ၆ |
| ၅ | ချင်း | | | ၁ | | ၁ | ၁ |
| ၆ | စစ်ကိုင်း | ၁၂ | | ၁၃ | ၁၀ | ၂ | ၂၈ |
| ၇ | တနင်္သာရီ | ၁ | ၄ | ၃ | | | ၆ |
| ၈ | ပဲခူး | ၄ | | ၃ | | | ၁၁ |
| ၉ | မကွေး | ၄ | ၂ | ၃ | ၁ | | ၄ |
| ၁၀ | မန္တလေး | ၂၆ | ၅ | ၄ | | ၄ | ၁၃ |
| ၁၁ | မွန် | | ၅ | ၃ | | | ၁ |
| ၁၂ | ရခိုင် | | | | | | |
| ၁၃ | ရန်ကုန် | ၆ | ၃၇ | ၁၁ | ၂ | ၅ | ၁၀ |
| ၁၄ | ရှမ်း | ၆ | ၁ | ၄ | | | ၁၃ |
| ၁၅ | ဧရာဝတီ | ၃ | ၁ | ၃ | | | ၃ |
| | စုစုပေါင်း | ၆၃ | ၆၂ | ၅၂ | ၁၆ | ၁၃ | ၁၀၅ |

ထို့အပြင် NLD ပါတီဝင်များနှင့် ဝန်းရံထောက်ခံသူ အစွန်းရောက်များသည် အပြစ်မဲ့ ပြည်သူများအား "ငါနှင့်မတူ ငါ့ရန်သူ" ဟု သဘောထား၍ ဒလန်/ သတင်းပေးဟု စွပ်စွဲပြီး လူစုလူဝေးဖြင့် အတင်းအဓမ္မဖမ်းဆီးကာ ရက်စက်စွာသတ်ဖြတ်ခြင်း၊ လူ့ဂုဏ်သိက္ခာ ဆုံးရှုံးစေသည်အထိ အရှက်ရစေရန် လူမဆန်သည့် အပြုအမူများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ဧပြီလ ၁၅ ရက်နေ့အထိ အပြစ်မဲ့ပြည်သူ ၁၇ ဦး ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရပြီး ၃၀ ဦး ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့ပါသည်။

### ၁-၂-၂၀၂၁ ရက်မှ ၁၅-၄-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဒလန်ဟုစွပ်စွဲ၍ သေဆုံး/ဒဏ်ရာရသူများ၏ ဖြစ်စဉ်ဦးစီးဇယား

| စဉ် | တိုင်း/ပြည်နယ် | သေဆုံး | ဒဏ်ရာရ | ဆံပင်ရိတ် | ဆေးမှင်ကြောင် | ခြောက်လှန့် | နေအိမ်ဖျက်ဆီး | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | | | | | ၁ | | |
| ၂ | ကချင် | | | | | | | |
| ၃ | ကယား | | | | | | | |
| ၄ | ကရင် | | | | | | | |
| ၅ | ချင်း | | | | | | | |
| ၆ | စစ်ကိုင်း | ၇ | ၆ | ၂ | ၁ | | ၄ | |
| ၇ | တနင်္သာရီ | ၂ | ၂ | ၁ | | | | |
| ၈ | ပဲခူး | ၁ | ၁ | | | | ၁ | |
| ၉ | မကွေး | | | | | | ၁ | |
| ၁၀ | မန္တလေး | ၁ | ၅ | | | ၁ | ၃ | |
| ၁၁ | မွန် | | | | | | | |
| ၁၂ | ရခိုင် | | | | | | | |
| ၁၃ | ရန်ကုန် | ၆ | ၁၂ | ၁ | | ၁ | ၂ | |
| ၁၄ | ရှမ်း | | | | | | | |
| ၁၅ | ဧရာဝတီ | | ၄ | | | | | |
| | စုစုပေါင်း | ၁၇ | ၂၀ | ၄ | ၁ | ၃ | ၁၁ | |

ထို့ကြောင့် ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လမ်းပိတ်အတားအဆီးများကို ဖယ်ရှားခြင်း၊ နေ့ညမပြတ် လှည့်ကင်းများ ဆောင်ရွက်ခြင်း၊ ရပ်ရွာများ၏ တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပြုနေသော ဆူပူအကြမ်းဖက်သမားများအား ဖမ်းဆီးခြင်းများအပြင် ဆူပူအကြမ်းဖက်သမား လူစုလူဝေးများကိုလည်း တားဆီးထိန်းသိမ်းလျက်ရှိပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူအကြမ်းဖက်သမား လူစုလူဝေးများကို ထိန်းသိမ်းရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ရုန်းရင်းဆန်ခတ်မှုလက်စွဲဥပဒေ (၁၉၅၆) ခုနှစ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူစုလူဝေးအားကြီးကြပ်ထိန်းသိမ်းခြင်း လက်စွဲစာစောင် (၂၀၁၅) ခုနှစ်ပါ ပြဋ္ဌာန်းချက်များအတိုင်းသာ ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် NLD ပါတီဝင် အစွန်းရောက်များ၏ ဦးဆောင်မှုဖြင့် ဆူပူအကြမ်းဖက်သမားများက ရဲစခန်းများအား လူစုလူဝေးဖြင့်ဝင်ရောက်စီးနင်းခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်သေနတ်၊ လက်လုပ်ဗုံးများ၊ လက်နက်ခဲယမ်းအစစ်များ အသုံးပြုတိုက်ခိုက်ခြင်းများပြုလုပ်လာသဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ဆောင်မှု အတိုင်းအတာအပေါ် မူတည်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သလို အကန့်အသတ်ဖြင့် တုံ့ပြန်ပစ်ခတ်မှုများ ဆောင်ရွက်ခဲ့ရပြီး ထိုသို့ဆောင်ရွက်စဉ်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် တပ်မတော်သား ၇ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးပြီး တပ်မတော်သား ၄၅ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၂၅၃ ဦးနှင့်အထက် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

### ၁-၂-၂၀၂၁ ရက်နေ့မှ ၁၅-၄-၂၀၂၁ ရက်နေ့အထိ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များ သေဆုံး/ဒဏ်ရာရရှိမှု အခြေအနေ

| စဉ် | တိုင်း/ ပြည်နယ် | တပ်မတော်သား | | | | ရဲတပ်ဖွဲ့ဝင် | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | သေဆုံး | ဒဏ်ရာရ | | | သေဆုံး | ဒဏ်ရာရ | | | |
| | | | စိုးရိမ်ရ | မစိုးရိမ်ရ | ပေါင်း | | စိုးရိမ်ရ | မစိုးရိမ်ရ | ပေါင်း | |
| ၁ | နေပြည်တော် | | | | | | ၈ | ၂၆ | ၃၄ | |
| ၂ | ကချင် | | | ၃ | ၃ | | ၆ | ၁၁ | ၁၇ | |
| ၃ | ကယား | | | | | | | ၁၈ | ၁၈ | |
| ၄ | ကရင် | | ၁ | ၁ | ၂ | | | ၃ | ၃ | |
| ၅ | ချင်း | | | | | | | | | |
| ၆ | စစ်ကိုင်း | ၁ | | ၅ | ၅ | ၇ | ၂ | ၂၂ | ၂၄ | |
| ၇ | တနင်္သာရီ | ၁ | ၁ | ၄ | ၅ | | | ၂ | ၂ | |
| ၈ | ပဲခူး | | | | | ၂ | ၁ | ၃၂ | ၃၃ | |
| ၉ | မကွေး | | | ၇ | ၇ | | ၁ | ၂၆ | ၂၇ | |
| ၁၀ | မန္တလေး | ၁ | ၁ | ၅ | ၆ | ၄ | ၇ | ၂၉ | ၃၆ | |
| ၁၁ | မွန် | | | | | ၂ | ၁ | ၇ | ၈ | |
| ၁၂ | ရခိုင် | | | | | | | | | |
| ၁၃ | ရန်ကုန် | | | ၉ | ၉ | ၂ | ၅ | ၂၄ | ၂၉ | |
| ၁၄ | ရှမ်း | ၄ | | ၆ | ၆ | | | ၇ | ၇ | |
| ၁၅ | ဧရာဝတီ | | | ၂ | ၂ | | | ၁၅ | ၁၅ | |
| | စုစုပေါင်း | ၇ | ၃ | ၄၂ | ၄၅ | ၁၇ | ၃၀ | ၂၂၂ | ၂၅၃ | |

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိမိကိုယ်ကိုခုခံပိုင်ခွင့်အရ ဆူပူအကြမ်းဖက်သမားများ၏ ရန်ပြုတိုက်ခိုက်ခြင်းများကို တုံ့ပြန်ဆောင်ရွက်ခဲ့ရာတွင် မလွှဲမရှောင်သာ နစ်ဖက်ထိခိုက်သေဆုံး ဒဏ်ရာရရှိမှုများရှိခဲ့သော်လည်း မီဒီယာကျင့်ဝတ်၊ ဥပဒေများနှင့် မညီညွတ်သဖြင့် နိုင်ငံတော်က တရားဥပဒေနှင့်အညီ ပိတ်သိမ်းထားခြင်းခံရသည့် တရားမဝင်မီဒီယာများက မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာဆန္ဒပြမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်စက်စွာ ကျည်စစ်ကျည်မှန်များဖြင့် ပစ်ခတ်နေကြောင်း အခြေအမြစ်မရှိသောသတင်းအမှား၊ သတင်းအတုများကို တစ်ဖက်သတ်လုပ်ကြံ စွပ်စွဲရေးသား ဖော်ပြလျက်ရှိပါသည်။

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ










နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် နိုင်ငံတကာနှင့် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားနေကြပြီး တစ်ဖက်တွင်လည်း ၎င်းတို့ရေးသားသည့် သတင်းအမှားများကို နိုင်ငံတော်အစိုးရယန္တရားပျက်ပြားလိုသည့်အဖျက်သမားများက လူမှုကွန်ရက်မှတစ်ဆင့် ပိုမိုပျံ့နှံ့အောင် လုပ်ဆောင်နေကြကြောင်း တွေ့မြင်နေရပါသည်။

အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုများကြောင့် သေဆုံးသူများ၏ စာရင်းအား လူမှုကွန်ရက်ပေါ်တွင် အခြေအမြစ်မရှိသောသတင်းအတု၊ သတင်းအမှားများကို အခြေခံ၍ စုစည်းထားသည့် ကိန်းဂဏန်းများဖြင့် ထိုင်းနိုင်ငံအခြေစိုက် တရားမဝင်အဖွဲ့ အစည်းတစ်ခုဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အမှန်တကယ်သေဆုံးသူများ စာရင်းအဖြစ် ထုတ်ပြန်လျက်ရှိပါသည်။ ၎င်းတို့၏ ထုတ်ပြန်ချက်အရ ဧပြီလ ၁၅ ရက်နေ့အထိ သေဆုံးသူ ၇၂၆ ဦးအထိ ရှိကြောင်း ဖော်ပြထားပါသည်။

## လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိသော သတင်းအမှားများ




## လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိသော သတင်းအမှားများ




လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပစ်ခတ်မှုကြောင့်သေဆုံးမှုများရှိလာပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သေမှုသေခင်းဖွင့်ပြီး စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိသလို သေဆုံးသူအလောင်းများ (Dead Bodies) အား မြှုပ်နှံသင်္ဂြိုဟ်ပြီးသည်အထိ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကာ သေဆုံးသူတိုင်း၏ မှုခင်းဆိုင်ရာမှတ်တမ်းများအား စနစ်တကျထိန်းသိမ်းထားရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စနစ်တကျမှတ်တမ်းတင်ထားသော စာရင်းများအရ ဖေဖော်ဝါရီလ ၁ ရက်မှ ဧပြီလ ၁၅ ရက်အထိ သေဆုံးသူစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ၁-၂-၂၀၂၁ မှ ၁၅-၄-၂၀၂၁ ထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆူပူဆန္ဒပြသူသေဆုံးမှုအခြေအနေ

| စဉ် | တိုင်း/ပြည်နယ် | လမ်းပိတ်ဆို့မှုများရှင်းလင်းသည့်ဖြစ်စဉ်များတွင် ပစ်ခတ်မှုကြောင့် သေဆုံး(ဦးရေ) | လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုသဖြင့် တုံ့ပြန်ပစ်ခတ်၍ သေဆုံး(ဦးရေ) | ဆန္ဒပြသူအချင်းချင်း ရန်ဖြစ်ခြင်း၊ အချင်းချင်း သတ်ဖြတ်ခြင်းကြောင့် သေဆုံး(ဦးရေ) | တရားခံဖမ်းဆီးစဉ် မတော်တဆမှုကြောင့် သေဆုံး(ဦးရေ) | ဆန္ဒပြသူအချင်းချင်း ပတ်ခတ်မှုကြောင့် သေဆုံး(ဦးရေ) | ဆန္ဒပြရင်း ရောဂါဖြင့် သေဆုံး(ဦးရေ) | အခြားနည်းဖြင့် သေဆုံး(ဦးရေ) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | | ၁ | | | ၁ | | |
| ၂ | ကချင် | | ၉ | | | | ၁ | |
| ၃ | ကယား | | ၁ | | | | | |
| ၄ | ကရင် | | | | | | | |
| ၅ | ချင်း | | | | | | | |
| ၆ | စစ်ကိုင်း | | ၂၂ | | | | ၁ | |
| ၇ | တနင်္သာရီ | | ၁၃ | | | | | |
| ၈ | ပဲခူး | ၂ | ၁၈ | ၁ | | | | |
| ၉ | မကွေး | ၁ | ၁၄ | | ၁ | | | |
| ၁၀ | မန္တလေး | ၃ | ၃၃ | | | ၁ | ၁ | |
| ၁၁ | မွန် | | ၂ | | | | | |
| ၁၂ | ရခိုင် | | | | | | | |
| ၁၃ | ရန်ကုန် | | ၁၀၅ | | | | ၂ | ၂ |
| ၁၄ | ရှမ်း | | ၁၅ | | | | | |
| ၁၅ | ဧရာဝတီ | ၁ | ၇ | | | | | |
| | စုစုပေါင်း | ၇ | ၂၄၀ | ၁ | ၁ | ၂ | ၅ | ၂ |

မှတ်ချက်။ (၁) ရောဂါဖြင့် သေဆုံးသူ ၅ ဦးတွင် နှလုံးရောဂါ ၄ ဦး၊ Covid ရောဂါ ၁ ဦးဖြစ်ပါသည်။
(၂)ဆန္ဒပြသူအချင်းချင်း ပစ်ခတ်မှုကြောင့်သေဆုံးသူ ၂ ဦးမှာ နေပြည်တော်မှ မြသွဲ့သွဲ့ခိုင်နှင့် မန္တလေးမှ ကြယ်စင်တို့ဖြစ်ပါသည်။
(၃) အခြားနည်းဖြင့် သေဆုံးသူ ၂ ဦးမှာ ရန်ကုန်မှ ဇော်မြတ်လင်းနှင့် လျှံဇွားလီးတို့ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စုစုပေါင်းသေဆုံးသူ ၂၅၈ ဦးတွင် အတားအဆီးရှင်းလင်းစဉ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုတိုက်ခိုက်လာမှုကြောင့် ပြန်လည်တုံ့ပြန်ရာမှ သေဆုံးသူမှာ ၂၄၇ ဦးသာရှိပြီး ကျန် ၁၁ ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းမဟုတ်ဘဲ အခြားအကြောင်းအရာများကြောင့် သေဆုံးရခြင်းဖြစ်ပါသည်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ မိမိဘာသာအိမ်ပေါ်မှခုန်ချရာမှ သေဆုံးခဲ့သူ ဦးဇော်မြတ်လင်း



လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ တိုက်ပေါ်မှ ပြုတ်ကျသေဆုံးသူ မလျှံဇွားလီး



လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ နှလုံးရောဂါဖြင့် သေဆုံးခဲ့သူ ဒေါ်တင်နွဲ့ရီ

လူမှုကွန်ရက်များတွင် ပျံ့နှံ့နေသော AAPP မှ ထုတ်ပြန်သည့် သေဆုံးစာရင်း ၇၂၆ ဦး စာရင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့်မဟုတ်ဘဲ မြသွဲ့သွဲ့ခိုင်၊ မကြယ်စင်တို့ကဲ့သို့ ဆန္ဒပြသူများအချင်းချင်းပစ်ခတ်မှုကြောင့် သေဆုံးသူများ၊ ဦးဇော်မြတ်လင်းနှင့် မလျှံဇွားလီးတို့ကဲ့သို့ အခြားနည်းဖြင့် သေဆုံးသူများ၊ ဦးကိုကိုလေးနှင့် ဒေါ်တင်နွဲ့ရီတို့ ကဲ့သို့သော နှလုံးရောဂါဖြင့် သေဆုံးသူများ၊ ရာဇာအောင်ကဲ့သို့ ကိုဗစ်ရောဂါဖြင့် သေဆုံးသူများနှင့် အကြမ်းဖက်မှုဆောင်ရွက်နေသူများက အချင်းချင်းသတ်ဖြတ်

စာမျက်နှာ ၁၈ သို့

# ငွေချေးသက်သေခံလက်မှတ်စာရင်း တစ်ခု ဖွင့်လှစ်ခြင်း

ပြည့်ဖြိုးအောင် (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်၌ စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို အရောင်းအဝယ် ပြုလုပ်ကြသည်မှာ ၂၀၁၆ ခုနှစ်က စတင်ခဲ့ရာ ခြောက်နှစ်တာကာလသို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။ ယခုဆိုလျှင် ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်အတွင်း လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ကုမ္ပဏီ၊ အဖွဲ့အစည်းများစွာတို့အကြား Account ဖွင့်လှစ်ထားရှိ၍ အရောင်းအဝယ်ပြုလုပ်လျက်ရှိသည့် ငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account) စုစုပေါင်းမှာ ၄၀၀၀၀ ကျော်ခန့် ရှိပါသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ထုတ်ပြန်ထားသည့် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းရွှေ့ပြောင်းရလဒ်များပါ စာရင်းအရ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော် စာရင်းရှိ၍ အဆိုပါ Securities Account အရေအတွက်မှာ စတော့အိတ်ချိန်း ဖွင့်လှစ်သည့် ခြောက်နှစ်တာကာလနှင့် နှိုင်းယှဉ်ပါက အင်မတန်နည်းပါးလှသည်ဟု ဆိုနိုင်ပါသည်။ သို့ဖြစ်ရာ မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ ဘဏ္ဍာရေးဈေးကွက်ဆိုင်ရာ၊ အရင်းအနှီးဈေးကွက်ဆိုင်ရာ၊ စတော့ဈေးကွက် အရောင်းအဝယ်ဆိုင်ရာ၊ အစုရှယ်ယာဆိုင်ရာ အစရှိသည့် အသိပညာများကို ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်စေရေး နည်းလမ်းမျိုးစုံအသုံးပြု၍ ပညာပေးအစီအစဉ်များ ပိုမိုလုပ်ဆောင်ဖို့ လိုအပ်နေပါသေးသည်။

စာရင်းဝင်ကုမ္ပဏီခြောက်ခုနှင့် လည်ပတ်လျက်ရှိသည့် ဈေးကွက်တစ်ခုလုံး၏တန်ဖိုး (Market Capitalization) ကိုကြည့်လျှင် ၂၀၂၁ ခုနှစ် မတ်လရှိ အချက်အလက်များအရ ကျပ် ၆၈၅ ဘီလီယံကျော် ရှိသည်ဟု ဆိုနိုင်ပါသည်။ အစုရှယ်ယာဈေးကွက်ကို စိတ်ပါဝင်စားကြသည့် မိမိတို့နိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများစွာရှိကြသော်လည်း အချို့မှာငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account)တစ်ခု၏အကြောင်း၊ မည်ကဲ့သို့ဖွင့်လှစ်ရမည်၊ မည်သည့်အဖွဲ့အစည်းများသို့ ဆက်သွယ်ဆောင်ရွက်ဖွင့်လှစ်ရမည်ကို သိရှိမှုနည်းပါးနေသေးသည်ဟု ထင်မြင်မိ၍ ရန်ကုန်စတော့အိတ်ချိန်း၏ ဈေးကွက်အတွင်း လက်ရှိစာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို တစ်ကြိမ်တစ်ခါမှ အရောင်းအဝယ် မပြုလုပ်ဖူးသေးသူများ လွယ်ကူရှင်းလင်းစွာ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ တင်ပြအပ်ပါသည်။

### ငွေချေးသက်သေခံလက်မှတ်စာရင်း ဆိုသည်မှာ...

ငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account) ဆိုသည်မှာ ဘဏ်တစ်ခု (သို့မဟုတ်) အကျိုးဆောင်အဖွဲ့အစည်းတစ်ခု (သို့မဟုတ်) ကိုယ်စားလှယ်ဖြစ်သူမှ ရင်းနှီးမြှုပ်နှံသူကိုယ်စား ငွေချေးသက်သေခံလက်မှတ်ကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာ ပိုင်ဆိုင်မှုများကို မှတ်တမ်းတင် သိမ်းဆည်းပေးထားသောစာရင်းတစ်ခုဟု အလွယ်တကူ သဘောပေါက်နားလည်နိုင်ပါသည်။ ငွေချေးသက်သေခံလက်မှတ်ဟုဆိုလျှင် ဥပဒေပါဖွင့်ဆိုချက်များအတိုင်း အစုရှယ်ယာများ၊ ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊ ရွေးချယ်ခွင့်များ (Option)၊ ဝရမ်းများ (Warrant) စသကဲ့သို့ များစွာရှိသည့်အတွက်ကြောင့် အခြားကွဲပြားခြားနားသည့် စာရင်းပုံစံများလည်း ရှိနိုင်ပါသေးသည်။ အိတ်ချိန်းရှိ စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို ယခုမှစတင်၍ အရောင်းအဝယ် ပြုလုပ်မည့်သူ၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသူ တစ်ဦးအနေနှင့် စာရင်းတစ်ခု ဖွင့်လှစ်ရန် မည်ကဲ့သို့စတင်ပြီး လုပ်ဆောင်ရမည်နည်းဟု သိလိုစိတ်ပြင်းပြစွာ ရန်ကုန်စတော့အိတ်ချိန်း (သို့မဟုတ်) သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ မကြာခဏ စုံစမ်းမေးမြန်းလေ့ရှိတတ်ပါသည်။




ရန်ကုန်စတော့အိတ်ချိန်းသို့ အရောင်းအဝယ်အမှာစာများပေးပို့သည့်ပုံစံ

ပထမဦးစွာ မဖြစ်မနေ သိရှိထားရမည်မှာ ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက်အတွင်းရှိကုမ္ပဏီများ၏ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လိုလျှင် ငွေချေးသက်သေခံ လက်မှတ်စာရင်းတစ်ခုကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(Securities Company) တစ်ခု၌ မဖြစ်မနေဖွင့်လှစ်ရမည် ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သလို ငွေချေးသက်သေခံလက်မှတ်စာရင်းဆိုသည်မှာ မိမိတို့၏ အစုရှယ်ယာ ပိုင်ဆိုင်မှုကို မှတ်တမ်းတင် ဖော်ပြထားသည့် စာရင်းတစ်ခုဖြစ်ပြီး အဆိုပါ စာရင်းများကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ အသီးသီး၌ ထိန်းသိမ်းထားရှိပါသည်။

ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေဖြင့် အစုရှယ်ယာဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်မည်ဆိုပါက မိမိ၏ကိုယ်ပိုင်ငွေချေးသက်သေခံလက်မှတ်စာရင်းကို ဘဏ်စာရင်းနှင့် ချိတ်ဆက်၍ အသုံးပြုပြီး အဆိုပါ စာရင်းဖွင့်လှစ်ထားရှိသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှတစ်ဆင့် ရန်ကုန်စတော့အိတ်ချိန်းသို့ အရောင်းအဝယ် အမှာစာ (Sell / Buy Order) များကို ပေးပို့ရပါသည်။

မကြာခဏဆိုသလို ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ခြင်းအား မည်သည့်ဘဏ်သို့ ဆက်သွယ်ဆောင်ရွက်ရမည်နည်း၊ ငွေစုဘဏ်စာရင်း (Saving Account) ကိုအသုံးပြု၍ အရောင်းအဝယ်ပြုလုပ်၍ရသလားဟု မေးမြန်းစုံစမ်းလေ့ရှိကြပါသည်။ သာမန်အားဖြင့် ငွေချေးသက်သေခံ လက်မှတ်စာရင်းသည် ငွေစုဘဏ်စာရင်း (Bank Saving Account) နှင့် အလားသဏ္ဍာန်ဆင်တူသည်ဟုထင်မြင်ရသော်လည်း လုပ်ဆောင်ပုံမတူညီပါ။ ငွေချေးသက်သေခံလက်မှတ်စာရင်းများကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၌ ဖွင့်လှစ်ကြရပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းငွေချေးသက်သေခံလက်မှတ်စာရင်းကို အသုံးပြု၍ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှတစ်ဆင့် စတော့အိတ်ချိန်းသို့ အစုရှယ်ယာ အရောင်းအဝယ်အမှာစာ (Sell/ Buy Order) များကို ပေးပို့၍ အရောင်းအဝယ်ပြုလုပ်နိုင်သောကြောင့် ဖြစ်ပါသည်။

### Securities Account တစ်ခု ဖွင့်လှစ်ခြင်း

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်ရှိ စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို အရောင်းအဝယ် ပြုလုပ်လိုလျှင် ပထမဦးစွာ

*စာမျက်နှာ ၂၂ သို့*

**❖ ငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account) ဆိုသည်မှာ ဘဏ်တစ်ခု (သို့မဟုတ်) အကျိုးဆောင်အဖွဲ့အစည်းတစ်ခု (သို့မဟုတ်) ကိုယ်စားလှယ်ဖြစ်သူမှ ရင်းနှီးမြှုပ်နှံသူကိုယ်စား ငွေချေး သက်သေခံလက်မှတ်ကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာ ပိုင်ဆိုင်မှုများကို မှတ်တမ်းတင် သိမ်းဆည်းပေးထားသောစာရင်းတစ်ခုဟု အလွယ်တကူ သဘောပေါက်နားလည်နိုင်**

---

*စာမျက်နှာ ၁၇ မှ*

မှုကြောင့် သေဆုံးသူများ ပါရှိနေသကဲ့သို့ အမှန်တကယ်သေဆုံးသည်ဟု အတည်မပြုနိုင်သော ပျောက်ဆုံးနေသူများ၊ ဒဏ်ရာရရှိမှုကြောင့် တပ်မတော်ဆေးရုံများတွင် ကုသမှုခံယူနေသူများ၊ နယ်စပ်ဒေသများ သို့ ထွက်ပြေးတိမ်းရှောင်သွားသူများ၊ စာရင်းများ ဖောင်းပွနေအောင် လိပ်စာအတု၊ နာမည်အတုများဖြင့် ဖော်ပြထားသူများ ပါရှိနေနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

| No. | Name | Sex | Age | Father's Name | Date of Incident | Deceased Date | Organiza tion | Place of Incidents | Home Address | Townshi p | States/ Regions |
|---|---|---|---|---|---|---|---|---|---|---|---|
| 2 | Mya Thwate Thwate Khaing | F | 19 | unknown | 9-Feb-21 | 19-Feb-21 | Civilian | NayPyi Taw | Hlaykhwintaung, Lower Paunglaung Hydro Power Project | Zeyathiri | NayPyiTaw Region |
| 28 | Kyal Sin Lin @ Kyar Shi | F | 19 | Daw Aye Aye Myint | 3 Mar 21 | 3-Mar-21 | Student | 84 Street and 30 Street | 15x16, 65 Road | Mandalay City | Mandalay Region |
| 60 | Zaw Myat Linn | M | 46 | U Sein Tun -Daw Sein Nyunt | 9 Mar 21 | 9-Mar-21 | NLD (Shwepyitha Township) | YGN Interrogation Center | 9 147 Myanmizzu road, 25 waroad, Bokone Shay | Shwepyitha | Yangon Region |
| 275 | Zuah @ Malan Zwale | F | 35 | unknown | 21 Mar 21 | 21-Mar-21 | Civilian | Her fifth floor apartment, Mingalar Taung Nyunt | Fifth floor, Kan Taw Lay, 91 street | Mingala Taungnyunt | Yangon Region |
| 624 | 76 Unknown Name | | | Unknown Name | 9 Apr 21 | 9 Apr 21 | Civilian | Maggatic Road | | Bago | Bago Region |

ထို့အပြင် AAPP စာရင်းထဲတွင် ပါဝင်နေသော အချို့သောသူများမှာ အမှန်တကယ် ရှိ/မရှိ အတည်ပြုစစ်ဆေးရန် နေရပ်လိပ်စာ၊ အဖအမည်ကဲ့သို့သော ခိုင်လုံသည့်အချက်အလက်များ ပါဝင်မှုမရှိခြင်း၊ သေဆုံးရသောအကြောင်းရင်း ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိသောသူများ အများအပြားပါဝင်နေခြင်း၊ ဧပြီလ ၉ ရက် ပဲခူးဖြစ်စဉ်တွင် မည်သည့်အချက်မှ ဖော်ပြခြင်းမရှိဘဲ သေဆုံးသူဟု အတည်မပြုနိုင်သူ ၇၆ ဦးအဖြစ် အရေအတွက်အများအပြားထည့်သွင်းဖော်ပြထားခြင်းကဲ့သို့သော အချက်များကိုလည်း တွေ့ရှိရသဖြင့် စာရင်းများမှာ အဆမတန်ဖောင်းပွနေကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ လူမှုကွန်ရက်ပေါ်တွင် ထုတ်ပြန်နေသော AAPP အဖွဲ့၏ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေဆုံးသူများစာရင်းသည် လူမှုကွန်ရက်များတွင် ဖော်ပြနေသော အခြေအမြစ်မရှိသည့် သတင်းတုများကိုအခြေခံ၍ မှားယွင်းစွာဖော်ပြထားသည့်အပြင် သေဆုံးသူအရေအတွက်မှာလည်း အဆမတန် ဖောင်းပွလျက်ရှိသဖြင့် အတည်ပြုနိုင်ခြင်း မရှိပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များအတိုင်း အကြမ်းဖက်သမားများကိုသာ အကန့်အသတ်ဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူများနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သေမှုသေခင်းဖွင့်၍ စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

(၁၄-၄-၂၀၂၁)

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၄ - ၂၀၂၁

ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၅၀၀၀ |

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၉၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀ | ကျပ် | ၉၁၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၈၅ | ကျပ် | ၈၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၃၀ | ကျပ် | ၁၀၀၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၉၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၁ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၅၀ | ၄၅၀၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၄၅၅ | ၁၅၁၉၇၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၆၆ | ၅၂၈၀၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀ | ၂၆၆၀၀၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁ | ၂၆၅၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၅ | ၁၅၂၅၀ |

ညီညီ - စုစည်းသည်




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပန်းခင်းစီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ တက်ရောက်

စစ်တွေ မေ ၂၈

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးမှ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စစ်တွေမြို့နယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်း ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်ငါးရပ်တွင်ပါဝင်သော အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား(ပြု)လက်မှတ် ကိုင်ဆောင်မဲပေးနိုင်ရေး အတွက် နိုင်ငံသားတိုင်း နိုင်ငံသား စိစစ်ရေးကတ်ပြားရရှိမည် ဟူသော ရည်မှန်းချက်ဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ရခိုင်ပြည်နယ်မှ တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေး ကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် မတ်လ ၁ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ကွင်းဆင်း ဆောင်ရွက်ရာတွင် ရာနှုန်းပြည့် အောင်မြင်နိုင်ရန် သက်ဆိုင်ရာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့များက ပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊နိုင်ငံသား စိစစ်ရေးကတ်ပြား မရှိသေးသူများ မကျန်ရှိစေရေး သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးများက စိတ်အားထက်သန်စွာ ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးလွင်က နိုင်ငံသားစိစစ်ရေး ကတ်ပြားကွင်းဆင်းဆောင်ရွက်ခြင်းကို ရှင်းလင်းပြောကြားပြီး ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စစ်တွေမြို့နယ်အတွင်းရှိ သင်ပုန်းတန်း ကျေးရွာအုပ်စု၊ ကျားမသောက်ကျေးရွာအုပ်စု၊ ရေချမ်းပြင်ကျေးရွာအုပ်စုနှင့် ကသဲရပ်ကွက်တို့မှ နိုင်ငံသားကတ် စုစုပေါင်း ၄၄၉ ကတ်အား ပြည်သူများထံ ပေးအပ်သည်။

ထို့ပြင် ရခိုင်ပြည်နယ်အတွင်း ၂၀၂၁ ခုနှစ် မတ်လ ၁ ရက်မှ စတင် ကွင်းဆင်းဆောင်ရွက်ရာ မေ ၂၃ ရက်အထိ ရပ်ကွက်ကျေးရွာပေါင်း ၇၇ ခုကို ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အသက် ၁၀ နှစ် နှင့် ၁၈ နှစ်ကြား နိုင်ငံသား ဆောင်ရွက်သူ ၁၁၄၂ ဦး၊ အသက် ၁၈ နှစ်အထက် နိုင်ငံသား ဆောင်ရွက်သူ ၁၁၆၃ ဦး၊ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားကတ်ပြားမှ အသက် ၁၈ နှစ်ပြည့် နိုင်ငံသား လဲလှယ်ဆောင်ရွက်သူ ၁၄၅ ဦးနှင့် နိုင်ငံသားကတ် ပျောက်ဆုံး/ ပျက်စီးမှုအတွက် မိတ္တူ ဆောင်ရွက်သူ ၁၅၇ ဦး စုစုပေါင်း ၂၆၀၇ ဦးအား ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

**ဝင်းမင်းစိုး**

**(ပြန်/ဆက်)**

# “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး




**ဟိုပန် မေ ၂၈**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်သည် အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး အောင်ကျော်စိုး၊ ဒုတိယရဲမှူးကြီးစိုးပိုင်၊ ဦးဘုန်းမော်မိုး (ဒုတိယညွှန်ကြားရေးမှူး)၊ ဦးကျင်ဝမ်းနှင့် ဦးစန်းလှိုင်(အတွင်းရေးမှူး) တို့ လိုက်ပါလျက် မေ ၂၇ ရက်က ဟိုပန်မြို့ ဖာလင်ကျေးရွာအုပ်စုရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရန်လျာထားသည့် အမကမူလွန်ကျောင်း ဆောက်လုပ်မည့် မြေနေရာကိုလည်းကောင်း၊ ပန်ကောက်ကျေးရွာရှိ ကုန်ထုတ်လမ်းဖောက်လုပ်မည့် နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပန်လုံမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပန်လုံမြို့ရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ **(ယာပုံ)** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ နိုင်ငံတော်အာဏာ ခေတ္တထိန်းသိမ်းရသည့် အကြောင်းရင်းတို့ကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ပန်လုံမြို့တွင် လျှပ်စစ်မီးရရှိရေးနှင့် ရေရရှိရေး အတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အထက(ပန်လုံ)မှ ဆရာ ဆရာမ လိုအပ်ချက်၊ ပန်လုံမြို့ စည်ပင်သာယာရေးဌာနမှ အမှိုက်သိမ်းယာဉ်နှင့် အမှိုက်ပုံးလိုအပ်ချက်ကို လည်းကောင်း၊ ပန်လုံရဲစခန်းမှူးက သေမှုသေခင်းဖြစ်ရပ်များတွင် ကျန်းမာရေးဌာနမှ ဆရာဝန်မရှိသည့်အတွက် အခက်အခဲကြုံတွေ့ရမှု အခြေအနေကို လည်းကောင်း၊ ရပ်မိရပ်ဖဦးကျောက်ဝူက ရပ်ကွက်(၃)ရှိ ရေမြောင်းဆယ်ယူပေးရေးတို့ကို တင်ပြကြရာ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ပန်လုံမြို့ရှိ ကျယ်ပန်ကျိုင်းကျေးရွာ၊ ရွှေကျင်ထုကျေးရွာ၊ စီပါကျိုင်းကျေးရွာ၊ အားဟိုပါးကျေးရွာတို့တွင် စာသင်ကျောင်းလိုအပ်ချက်၊ လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်တို့ကို ကြည့်ရှုစစ်ဆေးပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနတို့မှ ဆောင်ရွက်ထားရှိသောလမ်းများ၊ တံတားများ ဆောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ လမ်းညွှန်မှာကြားကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

မြန်မာ့အလင်း
အယ်ဒီတာ့ထံ ပေးစာ

## နိုင်ငံပိုင်ရတနာတန်းဝင်ပျဉ်းကတိုးပင်များ ဥပဒေမဲ့ ခုတ်လှဲနေခြင်းကို အမြန်ဆုံးတားဆီးပေးစေလို

**အယ်ဒီတာခင်ဗျာ –**

ကျွန်တော်သည် ငပုတောမြို့ပေါ်တွင် နေထိုင်သူတစ်ဦးဖြစ်ပါသည်။ ငပုတောမြို့နယ်သည် ကျွန်တော်၏ဇာတိချက်ကြွေမွေးရပ်မြေဖြစ်ပါသည်။ နေထိုင်လာသည်မှာ မွေးစမှ ယခုအသက်(၆၀)နှစ်အထိ ဖြစ်ပါသည်။ ၁၂.၃.၂၀၂၁ ရက်နေ့က ငပုတောမြို့နယ်၊ ပိုးလောင်းကျေးရွာအုပ်စုသို့ ရောက်ရှိစဉ် မြင်တွေ့ခဲ့ရသည့် မြင်ကွင်းကြောင့် တုန်လှုပ်မိပါသည်။ နိုင်ငံကိုယ်စား နှမြောတသဖြစ်မိပါသည်။ နိုင်ငံပိုင်ပျဉ်းကတိုးစိုက်ခင်းများမှ အရွယ်မရောက်သေးသည့် ပျဉ်းကတိုးပင်များအား ခုတ်လှဲပြီး ကားလမ်းဘေးတွင် စုပုံထားသည့် သစ်ပုံများ၊ လုံးပတ်နှစ်ထွာမျှသာရှိသေးသည့် ပျဉ်းကတိုးပင်များအားအရင်းမှ လွှဖြင့်ဖြတ်လှဲထားပုံများကို မြင်ရသည့်အတွက် အတော်စိတ်မကောင်းဖြစ်မိပါသည်။

သို့ဖြစ်ပါ၍ ပုသိမ်–မော်တင်စွန်းကားလမ်းမကြီးနံဘေး ပိုးလောင်းကျေးရွာအုပ်စု၊ ပိုးလောင်းရွာ အနောက်ဘက်ရှိ နိုင်ငံပိုင်ပျဉ်းကတိုး စိုက်ခင်းများမှ ပျဉ်းကတိုးပင်များ ခုတ်လှဲခံနေရမှုနှင့် ခုတ်လှဲနေသူများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူတားဆီးပေးပါရန် အယ်ဒီတာထံမှတစ်ဆင့် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

**ငပုတောသား**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ် ပြည်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

**စာတည်းအဖွဲ့**

# ဖြောင့်ဖြူးသောဘဝ ရည်မှန်းချက်များဖြင့်သာ

**သိန်းထွန်း (IR)**

လူ့မှုဘဝများဆိုသည်က များစွာကျယ်ဝန်းပါတယ်။ ထို့အတူ များစွာလည်း နက်နဲလှပါတယ်။ အဲဒီလို ကျယ်ဝန်းနက်နဲလွန်းတဲ့ ဘဝခရီးမှာ ကျွန်တော်တို့ သားသမီးတွေ၊ လူငယ်လူရွယ်လေးတွေ ဖြောင့်ဖြောင့်ဖြူးဖြူး ရှင်သန်ရပ်တည်ဖို့၊ ဘဝ ရည်မှန်းချက်တွေ ပြည့်ဝဖို့ဆိုတာက အပြောလွယ်သလောက် လက်တွေ့မှာ မလွယ်ကူတတ်ကြပါဘူး။

**လူငယ်ဘဝနှင့် ရည်မှန်းချက်**

ကျွန်တော်တို့ငယ်စဉ်ချိန်က မိမိဝါသနာပါရာ၊ မိမိရည်မှန်းချက်ဆိုတာတွေကို မသိနားမလည်ခဲ့ပါဘူး။ မိဘတွေက ကျွန်တော်တို့ မောင်နှမတစ်တွေကို ပထမအဆင့် တစ်နှစ်တစ်တန်းအောင်ဖို့၊ ဒုတိယအဆင့် ဆယ်တန်းအောင်ဖို့၊ တတိယအဆင့် တက္ကသိုလ်ကနေ ဘွဲ့ရဖို့အတွက်ပဲ ငွေကြေးမပြည့်စုံတဲ့ကြားက အပင်ပန်းခံ ကြိုးစားရုန်းကန်ပေးခဲ့ကြတာပါ။ ဖေဖေ၊ မေမေတို့ကိုယ်တိုင်က မူလတန်းပညာအထိပဲ သင်ကြားခဲ့ရတဲ့အတွက် သားသမီးတွေကို ပညာတတ်တွေ အလွန်ကိုပဲ ဖြစ်စေချင်ခဲ့ပါတယ်။ သားသမီးတွေပညာရေးအတွက် လိုအပ်တာ ပံ့ပိုးပေးဖို့အတွက်ပဲ သူတို့နားလည်ခဲ့၊ ရုန်းကန်ခဲ့ကြတာပါ။ မိဘတွေဘဝဆိုတာ ကျွန်တော်တို့ သားသမီးတွေအတွက်ပဲလို့ ဖေဖေရော မေမေက ခံယူထားကြပါတယ်။

မိဘတွေရဲ့ အဲဒီလိုမေတ္တာတွေကို ကျွန်တော်တို့ ငယ်စဉ်တုန်းက နားမလည်ခဲ့ပါဘူး။ ကိုယ်ကိုယ်တိုင် မိဘနေရာရောက်တော့မှ မိဘရဲ့မေတ္တာဆိုတာ ပိုပြီး နားလည်ခဲ့ရတာပါ။ ကျွန်တော်တို့ကိုယ်တိုင်ကတော့ ဘဝရည်မှန်းချက်တွေ၊ ကိုယ်ဝါသနာထုံရာတွေ၊ ပညာ့တန်ဖိုးတွေဆိုတာထက် ကျောင်းတစ်နှစ်တစ်တန်း မှန်မှန်အောင်ဖို့နဲ့ တတ်နိုင်ရင် ထူးချွန်ဖို့ဆိုတာလောက်ပဲသိပါတယ်။ အစ်ကိုကြီးရဲ့ သွန်သင်ဆုံးမမှု၊ လမ်းညွှန်မှုနဲ့ပဲ တက္ကသိုလ်ပညာရေးကို ရွေးချယ်ခဲ့တာပါ။ အဲဒီတော့ ဘဝရည်မှန်းချက်တွေ၊ အနာဂတ်စီမံကိန်းတွေမရှိဘဲနဲ့ လက်ရှိအခြေအနေပေါ်မူတည်ပြီး ဘဝကိုဖြတ်သန်းခဲ့တယ်၊ အသက်မွေးဝမ်းကျောင်းကို ရွေးချယ်ခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။

တက္ကသိုလ်ဝင်တန်းကိုရောက်လို့ နှစ်ဝက်ကျိုးချိန်လောက်မှာ ကိုယ့်ကိုယ်ကိုယ် သတိထားမိတာက ကိုယ်ဘာဖြစ်ချင်တယ်ဆိုတဲ့အတွေးပေါ်လာပါတယ်။ အဲဒီအချိန်က ကျွန်တော်တို့ဖတ်တဲ့ စာအုပ်တွေရဲ့လွှမ်းမိုးမှုကလည်း ကြီးမားပါတယ်။ စာအုပ်တွေထဲကလို တက္ကသိုလ်တက်ချင်တယ်၊ ကိုယ်ဝါသနာပါတာကိုလည်း ရိုပ်စားမိလာတယ်လို့ ဆိုရမှာပါ။ ဒါပေမယ့် ဆယ်တန်းစာမေးပွဲက ကပ်နေပြီဆိုတော့ ကျွန်တော့်အတွေးတွေ၊ ကျွန်တော်ဖြစ်ချင်တာတွေဟာ အချိန်မမီတော့ပါဘူး။ လွန်သွားခဲ့ပါပြီ။ နောက်ပြန်လှည့်လို့ မရတော့ပါဘူး။ အဲဒါရဲ့ နောက်ဆက်တွဲအကျိုးဆက်ကတော့ ကိုယ့်ရဲ့ဘဝလမ်းကြောင်းတွေ ပြောင်းလဲသွားတာပဲ ဖြစ်ပါတယ်။ ကိုယ်ဖြစ်ချင်တဲ့ ရည်မှန်း

ပံ့ပိုးပေးနိုင်မှုတွေတင်အရေးကြီးတာ မဟုတ်ပါဘူး။ သားသမီးတွေကိုယ်တိုင်က ကိုယ့်ဘဝရဲ့ ရည်မှန်းချက်၊ မိမိဝါသနာထုံရာ၊ မိမိနဲ့ကိုက်ညီရာ၊ ပညာရဲ့သဘောနဲ့တန်ဖိုး၊ မိမိဘဝအသက်မွေးဝမ်းကျောင်းဆိုတာတွေကို ခေတ်နဲ့အညီယှဉ်ပြီး စဉ်းစားတတ်ဖို့လိုပါတယ်။ အဲဒီလို စဉ်းစားတတ်ဖို့ဆိုတာ မိဘတွေရဲ့ သွန်သင်လမ်းညွှန်မှုတွေ၊ သင်ကြားပေးမှုတွေ အထူးလိုအပ်ပါလိမ့်မယ်။



ချက်မဖြစ်တာ၊ ကိုယ့်ဘဝလမ်းကြောင်း ပြောင်းသွားတာတွေအတွက် အခုချိန်မှာ ပြန်စဉ်းစားရင် ကိုယ်ကိုယ်တိုင်မှာ ဘဝရည်မှန်းချက်ခိုင်ခိုင်မာမာ မရှိခဲ့တာ၊ ကြိုတင်မပြင်ဆင်ခဲ့တာ၊ မကြိုးစားခဲ့တာ၊ စဉ်းစားဆုံးဖြတ်နိုင်စွမ်း အားနည်းခဲ့တာဆိုတဲ့ အားနည်းချက်တွေကို မြင်မိပါတယ်။ ဒါဟာ လက်တွေ့ဘဝကပေးတဲ့ သင်ခန်းစာပါပဲ။

**အနာဂတ်စီမံကိန်းများချမှတ်**

ကျွန်တော်တို့ရဲ့ အဲဒီခေတ် အဲဒီအခြေအနေ၊ ကိုယ့်မိသားစုအခြေအနေအရတော့ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့ အခြေအနေတွေဟာ မှန်ကောင်းမှန်နိုင်ပေမယ့် ဒီနေ့ခေတ်နဲ့ယှဉ်ရင်တော့ လိုအပ်ချက်တွေရှိလာပါပြီ။ ဒီနေ့ခေတ် မိသားစုတွေမှာ ကိုယ့်မိသားစုစီမံကိန်းတွေရှိသလို သားသမီးတွေကို ဘယ်လိုပြုစုပျိုးထောင်မယ်၊ ဘယ်လိုရည်မှန်းချက်တွေပေးမယ်ကအစ မိသားစုအနာဂတ်၊ သားသမီးတွေရဲ့ အနာဂတ်တွေကို ထည့်သွင်းစဉ်းစား စီစဉ်နေကြပါပြီ။ ဒီလိုမိသားစုအနာဂတ်တွေကို စီစဉ်တဲ့နေရာမှာ မိဘတွေရဲ့ ဦးဆောင်လမ်းညွှန်ပေးနိုင်မှု၊

**တွေးခေါ်မြော်မြင်တတ်မှု**

ဒီနေရာမှာ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်က ပါမောက္ခစတန်လေရဲ့ ထူးချွန်ထက်မြက်တဲ့ လူငယ်တွေဖြစ်လာဖို့ ပြုစုပျိုးထောင်ရေးဆိုင်ရာ လေ့လာတွေ့ရှိချက်ဟာ မိဘတွေအတွက် စဉ်းစားစရာတွေ ရစေနိုင်ပါတယ်။ ပါမောက္ခစတန်လေရဲ့ လူငယ်ပြုစုပျိုးထောင်ရေးနဲ့ပတ်သက်တဲ့ လေ့လာတွေ့ရှိချက်အဖြေက များများလေ့ကျင့်ရင် အရည်အသွေးပြည့်မီလာတယ်ဆိုတဲ့ ရှေးရိုးအယူအဆနဲ့ မကိုက်ညီပါဘူး။ သူ့ရဲ့ သုတေသနတွေ့ရှိချက်အဖြေက ပြဿနာကို ဘယ်လိုဖြေရှင်းမလဲ၊ ဆုံးဖြတ်ချက် ဘယ်လို မှန်မှန်ကန်ကန်ချမလဲဆိုတဲ့ တွေးခေါ်မြော်မြင်နိုင်စွမ်းဟာ အောင်မြင်မှုအတွက် လေ့ကျင့်မှုထက်ပိုပြီး အရေးပါတယ်ဆိုတာ တွေ့လာရပါတယ်။ ဒီအဖြေဟာ မိဘတွေအတွက်သာ မကပါဘူး ပညာရေးမှာလည်း ဒီသဘောလို့ပြောရမှာ ဖြစ်ပါတယ်။

**အတတ်ပညာနဲ့အသိပညာ**

ဒီတော့ ကိုယ့်ရဲ့သားသမီးတွေကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ရာမှာ အတတ်ပညာတွေ သင်ပေးသလို အသိပညာတွေကိုလည်း သင်ပေးဖို့လိုအပ်ပါတယ်။ အသိပညာ၊ အတတ်ပညာနဲ့ပတ်သက်လို့ ဆရာနန္ဒသိန်းဇံရဲ့ "အသွင်သဏ္ဍာန်တို့နောက်ကွယ်က" စာအုပ်ထဲက ခားသိုင်းဆရာကြီးနဲ့ သူ့သားသုံးယောက်အကြောင်းကို သတိရမိပါတယ်။ ခားသိုင်းကျွမ်းကျင်လှတဲ့ သိုင်းဆရာကြီးဟာ သူ့သားသုံးယောက်ကို နှစ်ရှည်လများ ခားသိုင်းတွေကို သင်ပေးခဲ့ပါတယ်။ အဲဒီလို သင်ပေးပြီးတဲ့နောက် ခားသိုင်းဆရာကြီးက သူ့သားသုံးယောက်ရဲ့ အရည်အသွေးကို စမ်းသပ်လိုတာကြောင့် သားသုံးယောက်ကို အစည်းအဝေးလုပ်ဖို့ ဖိတ်လိုက်ပါတယ်။ သိုင်းဆရာကြီးဟာ အစည်းအဝေးလုပ်မယ့် အခန်းအဝင်ဝတံခါးကို မပွင့်တပွင့်ဟထားပြီး အဲဒီတံခါးအထက် တံခါးပေါင်ပေါ်မှာ ရေအပြည့်ထည့်ထားတဲ့ ရေအိုးတစ်လုံးကို တင်ထားလိုက်ပါတယ်။ အခန်းထဲဝင်လာမယ့်သူက တံခါးကို တွန်းဖွင့်လိုက်ရင် ဝင်လာတဲ့သူအပေါ် ရေအိုးပြုတ်ကျဖို့ ရည်ရွယ်ထားတာပါ။

အစည်းအဝေးလုပ်တော့မယ့်အချိန်မှာ ပထမဆုံး ရောက်လာတဲ့ သားအကြီးက အစည်းအဝေးတံခါးပေါက်ကိုရောက်တော့ တံခါးမပွင့်တပွင့်ဖြစ်နေတာကို သတိထားမိပြီး ဘာကြောင့် တံခါးမပွင့်တပွင့်ဖြစ်နေရလဲ စဉ်းစားရင်း သတိနဲ့ စူးစမ်းလေ့လာတဲ့အခါ အမှတ်တမဲ့တံခါးဖွင့်ရင် တံခါးပေါင်ပေါ်က ရေအိုးပြုတ်ကျလာအောင် လုပ်ထားတာကို တွေ့ရပါတော့တယ်။ အဲဒါနဲ့ သားအကြီးက ရေအိုးကိုမကျအောင် အသာထိန်းပြီး တံခါးဖွင့်၊ အတွင်းဝင်၊ ရေအိုးကို မူလအတိုင်းပြန်ထားပြီး ခန်းမထဲဝင်လာခဲ့ပါတယ်။

ဒုတိယရောက်လာတဲ့ သားအလတ်ကတော့ အစည်းအဝေးအခန်းတံခါးဝ ဟတတ ဖြစ်နေတာကို တွေ့ပါတယ်။ ဒါပေမယ့် အမှတ်တမဲ့ပဲ တံခါးကို တွန်းဖွင့်လိုက်တော့ တံခါးပေါင်ပေါ်ကရေအိုး ရုတ်ခြည်းပြုတ်ကျလာတဲ့အခါ ထိတ်လန့်သွားပေမယ့် သူတတ်ထားတဲ့ သိုင်းပညာနဲ့ ရေအိုးကို ဖမ်းလိုက်ပါတယ်။ သားအလတ်လည်း ရေအိုးကို မူလအတိုင်း ပြန်ထားပြီး အစည်းအဝေးခန်းမထဲ ဣန္ဒြေမပျက် ဝင်လာခဲ့ပါတယ်။

နောက်ဆုံးမှရောက်လာတဲ့ သားအငယ်ဆုံး ခားသမားကတော့ အစည်းအဝေးတံခါးကို စောင့်တွန်းဖွင့်လိုက်ပါတယ်။ အပေါ်ကရေအိုး ကျွမ်းပြန်ကျလာတဲ့အခါ သားအငယ်ဟာ ရေအိုးကို ရန်သူအမှတ်နဲ့ ခားဆွဲထုတ်ပြီး လျှပ်ပြက်သလို ခုတ်ပိုင်းလိုက်ပါတယ်။ ရေအိုးလည်း ကြေမွလွင့်ကျဲသွားပြီး သူ့တစ်ကိုယ်လုံးလည်း ရေတွေရွှဲရွှဲစိုကုန်ပြီး ရေစိုနဲ့ပဲ အစည်းအဝေး တက်ရပါတော့တယ်။

အဲဒီနောက် ဖခင်သိုင်းဆရာကြီးက သားသုံးယောက်ကိုဆုံးမရာမှာ အတတ်ပညာထက် အခြေအနေတွေကို ချင့်ချိန်သုံးသပ်နိုင်တဲ့ အသိအမြင်က ပိုပြီးအရေးကြီးတာမျိုး ရှိကြောင်း၊ သားကြီး ခားသမားဟာ အခြေအနေတွေကို ချင့်ချိန်သုံးသပ်နိုင်တဲ့ အသိအမြင်ရှိလို့ သားငယ်လို တပင်တပန်းနဲ့ ရေအိုးကိုရန်သူထင်ပြီး ခုတ်ပိုင်းနေရတာမျိုးတွေ၊ သားအလတ်လို အထိတ်တလန့်ဆီးဖမ်း၊ ပြန်တင်နေရတာမျိုးတွေ လုပ်နေရာစရာမလိုကြောင်း၊ ဒါကြောင့် အတတ်ပညာထက် အသိပညာက ပိုပြီး နေရာများစွာမှာ အရေးကြီးကြောင်း သွန်သင်ဆုံးမပါတယ်။

*စာမျက်နှာ ၂၂ သို့*

❒ **ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်က ပါမောက္ခစတန်လေရဲ့ ထူးချွန်ထက်မြက်တဲ့ လူငယ်တွေဖြစ်လာဖို့ ပြုစုပျိုးထောင်ရေးဆိုင်ရာ လေ့လာတွေ့ရှိချက်ဟာ မိဘတွေအတွက် စဉ်းစားစရာတွေ ရစေနိုင်ပါတယ်။ ပါမောက္ခစတန်လေရဲ့ လူငယ်ပြုစုပျိုးထောင်ရေးနဲ့ပတ်သက်တဲ့ လေ့လာတွေ့ရှိချက်အဖြေက များများလေ့ကျင့်ရင် အရည်အသွေးပြည့်မီလာတယ်ဆိုတဲ့ ရှေးရိုးအယူအဆနဲ့ မကိုက်ညီပါဘူး။ သူ့ရဲ့ သုတေသနတွေ့ရှိချက်အဖြေက ပြဿနာကို ဘယ်လိုဖြေရှင်းမလဲ၊ ဆုံးဖြတ်ချက် ဘယ်လို မှန်မှန်ကန်ကန်ချမလဲဆိုတဲ့ တွေးခေါ်မြော်မြင်နိုင်စွမ်းဟာ အောင်မြင်မှုအတွက် လေ့ကျင့်မှုထက် ပိုပြီးအရေးပါတယ်ဆိုတာ တွေ့လာရပါတယ်**

*စာမျက်နှာ ၁၈ မှ*

ကော်မရှင်(SECM) မှ လိုင်စင်ရယူထားသည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ (၆) ခုရှိရာ တစ်ခုခုကို သွားရောက်၍ (သို့မဟုတ်) ဆက်သွယ်၍ ဖွင့်လှစ်ရမည် ဖြစ်ပါသည်။ ယခုအခါ ကော်မရှင်မှ Securities Account စတင်ဖွင့်လှစ်ခြင်းကို အများပြည်သူ အလွယ်တကူ လုပ်ဆောင်နိုင်စေရန်အတွက် Online မှတစ်ဆင့် ဖွင့်လှစ်ခြင်းအား ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် ခွင့်ပြုပေးထားပြီးဖြစ်၍ တစ်နိုင်ငံလုံးမှဖြစ်စေ၊ ပြည်တွင်း / ပြည်ပမှဖြစ်စေ အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ်မှုကို စိတ်ပါဝင်စားသူများ၊ စတင်စမ်းသပ်လိုသူ မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများအားလုံး လုပ်ဆောင်နိုင်ပြီဖြစ်ပါသည်။လတ်တလောတွင် Online မှတစ်ဆင့် စာရင်းဖွင့်လှစ်ရန် လျှောက်ထားခြင်းအား မြန်မာနိုင်ငံသားများသာ လျှောက်ထား၍ ရနိုင်ပါသည်။

သို့ဖြစ်၍ အသက်(၁၈) နှစ်ပြည့်ပြီးသူ နိုင်ငံသားများအနေဖြင့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုခုသို့ ယင်းတို့၏ ဝက်ဆိုက်ဘ်မှဖြစ်စေ၊ Mobile Phone Application မှ ဖြစ်စေ၊ ငွေချေးသက်သေခံလက်မှတ်စာရင်းတစ်ခုကို ဆက်သွယ်၍ ဖွင့်လှစ်နိုင်မည် ဖြစ်ပါသည်။ **တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူ နိုင်ငံသားဖြစ်ပါက နိုင်ငံသားမှတ်ပုံတင်ကတ်၊ အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် အစရှိသည်တို့နှင့် ဘဏ်စာရင်းစာအုပ်တို့ကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ ကုမ္ပဏီ/ အဖွဲ့အစည်းတစ်ခုအနေဖြင့် ဖွင့်လှစ်လိုပါက မှတ်ပုံတင်အထောက်အထားများ၊ စာရင်းဖွင့်လှစ်ခြင်းနှင့် သက်ဆိုင်သည့် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက် မိတ္တူတစ်စောင်၊ ဒါရိုက်တာများ၊ အစုရှယ်ယာရှင်များ၏ အမည်နှင့် နေရပ်လိပ်စာ စာရင်းအစရှိသည်တို့နှင့် ကုမ္ပဏီပိုင်ဘဏ်စာရင်းတစ်ခုကို ပြသရန် လိုအပ်ပါသည်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူဆိုပါက Passport၊ Stay Permit၊ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်ရန် ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းတစ်ခု ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတစ်ဦးအနေဖြင့် ဘဏ်တွင်အစုရှယ်ယာ အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ဆိုင်သည့် ဘဏ်စာရင်းတစ်ခုဖွင့်လှစ်နိုင်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ ထောက်ခံချက်ကို** ကြိုတင်ရယူရမည် ဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ တာဝန်ရှိသူများမှ လိုအပ်သည့် စိစစ်မှုများကို ပြုလုပ်ပြီးနောက် စာရင်းအမှတ်တစ်ခုနှင့် လျှို့ဝှက်နံပါတ်တစ်ခုကို ပြန်လည်ပေးပို့ပါသည်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ စာရင်းအမှတ်နှင့် လျှို့ဝှက်နံပါတ်တစ်ခု လက်ခံရရှိပြီးသည်နှင့် အစုရှယ်ယာအရောင်းအဝယ်ပြုလုပ်နိုင်ရန် အမှာစာများကို မိမိစာရင်းဖွင့်လှစ်ခဲ့သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှတစ်ဆင့် စတင်ပေးပို့နိုင်ပြီဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့ Mobile Phone ဖြင့် ဆက်သွယ်၍ဖြစ်စေ၊ မိမိတို့၏ Mobile Phone (သို့မဟုတ်) ကွန်ပျူတာများမှ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ Mobile Application (သို့မဟုတ်) Website များသို့ ဝင်ရောက်အသုံးပြု၍ဖြစ်စေ အရောင်းအဝယ်အမှာစာများပေးပို့၍ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်၌ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နိုင်ပါသည်။ ယင်းငွေချေးသက်သေခံလက်မှတ်စာရင်းတွင် မိမိတို့၏ငွေသားလက်ကျန်၊ အစုရှယ်ယာလက်ကျန်စာရင်းကိုလည်း အချိန်နှင့်တစ်ပြေးညီ အလွယ်တကူ ဝင်ရောက်ကြည့်ရှု၍ သိရှိနိုင်မည် ဖြစ်ပါသည်။

**အရောင်းအဝယ်ပြုလုပ်ရာတွင် ပေးဆောင်ရသည့် အကျိုးဆောင်ခ (သို့မဟုတ်) ဝန်ဆောင်ခများ**

ကော်မရှင်မှဈေးကွက်၏ အခြေအနေကို သုံးသပ်လေ့လာ၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တင်ပြပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာတစ်ရပ် ထုတ်ပြန်၍ ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေချောမွေ့စေရန် အကျိုးဆောင်ခ (သို့မဟုတ်) ဝန်ဆောင်ခများကို ပထမဦးဆုံးအကြိမ် လျှော့ချပေးခဲ့ပါသည်။ ထို့ပြင် ထပ်မံ၍ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ဒုတိယအကြိမ် ပြင်ဆင်ထုတ်ပြန်ပေးခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေနှင့် ဈေးကွက်ရှိ စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်သည့်အခါ ကျပ် ၁,၀၀၀,၀၀၀ အထိဆိုလျှင် အကျိုးဆောင်ခ (သို့မဟုတ်) ဝန်ဆောင်ခ ၁ရာခိုင်နှုန်း ပေးရမည်ဖြစ်ပါသည်။ ကျပ် ၁,၀၀၀,၀၀၁ နှင့် ကျပ် ၁၀,၀၀၀,၀၀၀ အကြား အရောင်းအဝယ် ပြုလုပ်မည်ဆိုလျှင် အကျိုးဆောင်ခ (သို့မဟုတ်) ဝန်ဆောင်ခ ၀.၇ ရာခိုင်နှုန်း ပေးရမည်ဖြစ်ပါသည်။ ကျပ် ၁၀,၀၀၀,၀၀၁ နှင့် ကျပ် ၁၀၀,၀၀၀,၀၀၀ အကြား အရောင်းအဝယ်ပြုလုပ်ပါက အကျိုးဆောင်ခ (သို့မဟုတ်) ဝန်ဆောင်ခ ၀.၅ ရာခိုင်နှုန်းပေးရမည် ဖြစ်ပါသည်။ ကျပ် ၁၀၀,၀၀၀,၀၀၁ ပမာဏအထက် အရောင်းအဝယ်ပြုလုပ်မည်ဆိုပါက အကျိုးဆောင်ခ (သို့မဟုတ်) ဝန်ဆောင်ခ ၀.၄ ရာခိုင်နှုန်းသာ ပေးရပါသည်။ **ဥပမာအားဖြင့် FMI ကုမ္ပဏီ၏ အစုရှယ်ယာတန်ဖိုးသည် ဈေးကွက်ပေါက်ဈေးတစ်စောင်လျှင် ကျပ် ၉,၉၀၀ ရှိနေချိန်တွင် (၁၀) စောင် ဝယ်ယူမည် (သို့မဟုတ်) ရောင်းချမည်ဆိုပါက ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့ အကျိုးဆောင်ခ (သို့မဟုတ်) ဝန်ဆောင်ခကျပ် ၉၉၀ သာ ပေးဆောင်ရမည် ဖြစ်ပါသည်။**

အရောင်းအဝယ်ဖြစ်မြောက်သည့်အခါ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ ယင်းအကျိုးဆောင်ခ (သို့မဟုတ်) ဝန်ဆောင်ခများကို အစုရှယ်ယာဝယ်ယူသူနှင့် ရောင်းချသူနှစ်ဦးစလုံးကို ကောက်ခံပါသည်။ ဝယ်ယူသူအနေနှင့် မိမိဝယ်ယူသည့် စုစုပေါင်းငွေပမာဏ၏ ၀.၁ ရာခိုင်နှုန်းကို တံဆိပ်ခေါင်းခွန် (Stamp Duty) အဖြစ် ထပ်ပေါင်းပေးရပါသည်။ ယခင်ကမူ မည်သည့်စာရင်းဝင်ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာကို ဝယ်ယူမည် (သို့မဟုတ်) ရောင်းချမည်ဖြစ်စေ တစ်စောင်လျှင် အကျိုးဆောင်ခ (သို့မဟုတ်) ဝန်ဆောင်ခ ကျပ် ၅,၀၀၀ ပေးရပါသည်။ ဥပမာအားဖြင့် EFR ကုမ္ပဏီ၏ အစုရှယ်ယာတန်ဖိုးသည် ဈေးကွက်ပေါက်ဈေးတစ်စောင်လျှင် ကျပ် ၃,၃၀၀ ရှိနေချိန်တွင် (၁)စောင်ဝယ်မိသူသည် ဝန်ဆောင်ခ ကျပ် ၃၃၀ အပြင် တံဆိပ်ခေါင်းခွန်နှင့် ကျပ် ၁,၇၀၀ ထပ်မံအရှုံးခံရမည့်ပုံစံဖြစ်၍ အများပြည်သူအဆင်ပြေချောမွေ့စေရေး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ သုံးသပ်၍ ဖြေလျှော့ခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုအခါ ယင်းပေးဆောင်ရသည့် အကျိုးဆောင်ခ (သို့မဟုတ်) ဝန်ဆောင်ခနှုန်းထားများသည် ရင်းနှီးမြှုပ်နှံသူတစ်ဦး၊ အရောင်းအဝယ်ပြုလုပ်သူတစ်ဦးအတွက် သင့်လျော်မျှတမှုရှိပြီး အစုရှယ်ယာရှင်များအကြား အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ်ခြင်း၊ လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ပိုမိုအဆင်ပြေချောမွေ့စေပါသည်။

**ရင်းနှီးမြှုပ်နှံသူများကိုကောက်ခံသည့်အကျိုးဆောင်ခနှုန်းထားများ**

| စဉ် | ရောင်းဝယ်မှုပမာဏ | အကျိုးဆောင်ခ |
|---|---|---|
| (က) | ကျပ် ၁,၀၀၀,၀၀၀ ထိ | ရောင်းဝယ်မှုပမာဏ၏ ၁.၀ ရာခိုင်နှုန်း |
| (ခ) | ကျပ် ၁,၀၀၀,၀၀၁ မှ ကျပ် ၁၀,၀၀၀,၀၀၀ ထိ | ရောင်းဝယ်မှုပမာဏ၏ ၀.၇ ရာခိုင်နှုန်း |
| (ဂ) | ကျပ် ၁၀,၀၀၀,၀၀၁ မှ ကျပ် ၁၀၀,၀၀၀,၀၀၀ ထိ | ရောင်းဝယ်မှုပမာဏ၏ ၀.၅ ရာခိုင်နှုန်း |
| (ဃ) | ကျပ် ၁၀၀,၀၀၀,၀၀၁ ထက် ကျော်လွန်ပါက | ရောင်းဝယ်မှုပမာဏ၏ ၀.၄ ရာခိုင်နှုန်း |

နိဂုံးချုပ်အားဖြင့်ဆိုသော် ရင်းနှီးမြှုပ်နှံသူများအနေနှင့် စာရင်းဝင်ကုမ္ပဏီ (၆) ခု၏ အစုရှယ်ယာများကို ရန်ကုန်စတော့အိတ်ချိန်း၌ တစ်ရက်လျှင် အကြိမ်အရေအတွက် ၇ ကြိမ်တိတိ **(၁၀:၀၀ နာရီ၊ ၁၀:၃၀ နာရီ၊ ၁၁:၀၀ နာရီ ၊ ၁၁:၃၀ နာရီ ၊ ၁၂:၀၀ နာရီ ၊ ၁၂:၃၀ နာရီ နှင့် ၁:၀၀ နာရီ)** အရောင်းအဝယ် ပြုလုပ်နိုင်ပါသည်။

**ကိုးကား** – www.secm.gov.mm
www.ysx-mm.com

*စာမျက်နှာ ၂၁ မှ*

**ပတ်ဝန်းကျင်လွှမ်းမိုးမှု**

ဒီလိုပါပဲ။ **ကျွန်တော်တို့ မိဘတွေဆိုတာက သားသမီးကို အတတ်ပညာတွေပေးသလို ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်း အသိပညာတွေကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးဖို့ လိုအပ်ပါတယ်။ ကလေးတွေ ကိုယ်တိုင် အတတ်ပညာတွေ သင်ယူမှုနဲ့အတူ အသိပညာပါ တစ်ပြေးညီတိုးတက်လာမှ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်မှာဖြစ်သလို ကိုယ့်ဝါသနာတွေ၊ အတတ်ပညာတွေနဲ့ ကိုက်ညီမယ့် ဘဝလမ်းကြောင်း ရွေးချယ်မှုတွေ မှန်ကန်ပါလိမ့်မယ်။ ဒီလိုရွေးချယ်ဆုံးဖြတ်ရာမှာ ပတ်ဝန်းကျင်ရဲ့ ဂယက်တွေ၊ အခြေအနေတွေကလည်း ကလေးတွေ၊ လူငယ်တွေရဲ့ အနာဂတ်ဘဝလမ်းကြောင်း ရွေးချယ်ဆုံးဖြတ်ရာမှာ လွှမ်းမိုးတတ်တာကို သတိပြုကြရမှာပါ။**

ကိုယ့်သားသမီးက သူများယောင်လို့ ယောင်နေတာလား၊ သူများမိုးခါးရေသောက်လို့ လိုက်သောက်နေတာလား၊ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်လား၊ ပတ်ဝန်းကျင်တိုက်တွန်းမှုလားဆိုတာ မိဘတွေ၊ အုပ်ထိန်းသူတွေက အကဲခတ်သိရှိဖို့လိုပါတယ်။ တစ်ချိန်တည်းမှာပဲ ကိုယ့်သားသမီးကိုလည်း အသိပေးလမ်းညွှန်ပြမယ်ဆိုရင် ကလေးတွေရဲ့ အနာဂတ်မှာ လွဲချော်မှုတွေ၊ တိမ်းစောင်းမှုတွေ၊ မှားယွင်းမှုတွေကင်းပြီး သူတို့လိုလားတဲ့၊ သူတို့ဖြစ်ချင်တဲ့ ရည်မှန်းချက်တွေ အောင်မြင်နိုင်ပါလိမ့်မယ်။

**ငယ်စဉ်ကတည်းက စဉ်းစားတွေးခေါ်နည်းသင်ကြား**

ငယ်စဉ်ကလေးဘဝ စဉ်းစားတွေးခေါ်ပုံ သင်ကြားတာနဲ့ပတ်သက်လို့ အမေရိကန်နိုင်ငံက နာမည်ကျော် နိုဘယ်ဆုရ ရူပဗေဒသိပ္ပံပညာရှင် ရစ်ချက်ဖိုင်းမန်းအကြောင်းက စိတ်ဝင်စားစရာပါ။ ရစ်ချက်ဖိုင်းမန်းတို့ မိသားစုဟာ လူလတ်တန်းစားများပဲ ဖြစ်ပါတယ်။ ဖိုင်းမန်းရဲ့ အဖေကလည်း သာမန်စီးပွားရေးသမားသာ ဖြစ်ပါတယ်။ ဖိုင်းမန်းက သူ့အဖေက သူ့ကိုသင်ကြားပေးပုံနဲ့ ပတ်သက်လို့ အခုလိုပြောပြပါတယ်။

ဘယ်အရာဟာ အရေးကြီးဆုံးလဲဆိုတာနဲ့ ပတ်သက်လို့ အဖေက ကျွန်တော့်ကို သင်ကြားပေးခဲ့ပါတယ်လို့ ဖိုင်းမန်းက ပြောပါတယ်။ ကျွန်တော်ငယ်ငယ်က အဖေနဲ့ လမ်းလျှောက်ရင်း အဖေက ငှက်ကလေးရဲ့နာမည်ကို ကျွန်တော့်ကို ပြောပြပါတယ်။ (တကယ်တော့ ငှက်ရဲ့ အမည်မှန်ကို အဖေမသိတာ ကျွန်တော်သိပါတယ်)၊ အဲဒီ ငှက်ကလေးရဲ့အမည်ကို ဂျပန်လို၊ တရုတ်လို၊ အီတလီလို အခေါ်တွေ အဖေက ပြောပါတယ်။ ကမ္ဘာပေါ်က အခြားဘာသာစကားမျိုးစုံနဲ့ ငှက်ကလေးရဲ့အမည်ကို သိပြီမဟုတ်လား၊ ဒါပေမယ့် ငှက်အကြောင်းနဲ့ ပတ်သက်လို့တော့ မင်းဘာမှ သိမှာမဟုတ်ဘူး။ ဒီတော့ ငှက်ကလေးကို ကြည့်လိုက်၊ သူဘာလုပ်နေတယ်ဆိုတာ တွေ့လား၊ အဲဒါက မှတ်ထားရမယ့်ဟာပဲ။ ကျွန်တော့်အနေနဲ့ ငယ်စဉ်ကတည်းက တစ်စုံတစ်ခုရဲ့အမည်ကိုသိခြင်းနဲ့ တစ်စုံတစ်ခုအကြောင်း သိခြင်းအကြား ကွာခြားချက်ကို လေ့လာသင်ယူခဲ့ရပါတယ်လို့ ဖိုင်းမန်းက ပြောပါတယ်။ ဒါဟာ မိဘက သားသမီးကို ငယ်စဉ်ကတည်းက စဉ်းစားတွေးခေါ်မှု၊ စူးစမ်းလေ့လာတတ်မှု၊ ခွဲခြားဆုံးဖြတ်နိုင်စွမ်းစတဲ့ တွေးခေါ်မြော်မြင်နိုင်စွမ်းတွေ သင်ပေးခြင်းပဲ ဖြစ်ပါတယ်။

**❒ ကိုယ့်သားသမီးက သူများယောင်လို့ ယောင်နေတာလား၊ သူများ မိုးခါးရေသောက်လို့ လိုက်သောက်နေတာလား၊ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်လား၊ ပတ်ဝန်းကျင်တိုက်တွန်းမှုလားဆိုတာ မိဘတွေ၊ အုပ်ထိန်းသူတွေက အကဲခတ်သိရှိဖို့လိုပါတယ်။ တစ်ချိန်တည်းမှာပဲ ကိုယ့်သားသမီးကိုလည်း အသိပေးလမ်းညွှန်ပြမယ်ဆိုရင် ကလေးတွေရဲ့ အနာဂတ်မှာ လွဲချော်မှုတွေ၊ တိမ်းစောင်းမှုတွေ၊ မှားယွင်းမှုတွေကင်းပြီး သူတို့လိုလားတဲ့၊ သူတို့ဖြစ်ချင်တဲ့ ရည်မှန်းချက်တွေ အောင်မြင်နိုင်ပါလိမ့်မယ်**

**ဘဝမျှော်မှန်းချက်ခရီး ဖြောင့်ဖြူးဖို့**

ရစ်ချက်ဖိုင်းမန်းလိုပါပဲ။ **ကျွန်တော်တို့ရဲ့ သားသမီးတွေ၊ အခြားအခြားသော ကလေးငယ်တွေ၊ လူငယ်တွေ သူတို့ရဲ့ ရည်မှန်းချက်တွေ၊ လိုလားချက်တွေ၊ အိပ်မက်တွေ ချောချောမွေ့မွေ့အောင်မြင်ဖြစ်လာဖို့ဆိုတာ အတတ်ပညာတွေအပြင် အခြေအနေ အချိန်အခါနဲ့အညီ ဝေဖန်စဉ်းစားသုံးသပ်နိုင်တဲ့ အသိပညာတွေပါ သင်ကြားလမ်းညွှန်ပေးဖို့ လိုအပ်မှာပါ။** သူ့အလိုလိုတော့ မရနိုင်ပါဘူး။ လူငယ်လေးတွေ ဝေဖန်စဉ်းစားနိုင်စွမ်း မြင့်မားလာတဲ့အမျှ သူတို့ရဲ့ ဘဝရည်မှန်းချက်ခရီးလမ်းလည်း ဖြောင့်ဖြူးသာယာလာမှာ သေချာပါတယ်။

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ရပ်/ကျေးဥက္ကဋ္ဌ နေအိမ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနေအိမ်တို့ကို ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်တိုက်ခိုက်

နေပြည်တော် မေ ၂၈

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရပ်/ကျေးဥက္ကဋ္ဌ ၏ နေအိမ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့ မြို့ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး နေအိမ်တို့ကို ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။**

ကလေးမြို့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ရပ်/ကျေးဥက္ကဋ္ဌ၏ နေအိမ်ကို ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ အမျိုးသမီး ၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၆ ရက် ည ၈ နာရီခွဲတွင် ကလေးမြို့နယ် တင်သားကျေးရွာနေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ရပ်/ကျေးဥက္ကဋ္ဌဖြစ်သူ ဦးအောင်မောင်း (ဘ) ဦးအောင်မော်၏ နေအိမ်ကို ဆူပူအကြမ်းဖက်သူအင်အား ၂၀၀ ခန့်က ဆူပူအော်ဟစ်ရောက်ရှိလာပြီး ခဲ၊ လေးခွ၊ တူမီးသေနတ်များဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့သဖြင့် နေအိမ်အတွင်းရှိနေသူ ဦးအောင်မောင်း၏ တူမဖြစ်သူ မညိုမေ (ဘ) ဦးသာအောင် သေဆုံးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သူများ၏ အကြမ်းဖက်ရန်ပြုပစ်ခတ်မှုများကြောင့် မညိုမေတွင် ဦးခေါင်း သေနတ်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး ဦးအောင်မောင်း၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နှစ်ထပ်အိမ်၊ ဆိုင်ကယ် နှစ်စီးနှင့် ရေမော်တာတစ်လုံးတို့ ဖျက်ဆီးခံထားရပြီး နေအိမ်အောက်ထပ်၌ အကြမ်းဖက်သူများ ပစ်ခတ်တိုက်ခိုက်ရာတွင် မပေါက်ကွဲဘဲကျန်ရှိသည့် လက်လုပ်မိုင်း တစ်လုံးနှင့် ၁၂ ဗို့ကျည်ခွံ နှစ်ခုတို့ကို သိမ်းဆည်းရရှိကာ ဦးအောင်မောင်းပါမိသားစု၄ဦးအားထိခိုက်ဒဏ်ရာအနည်းငယ်ရရှိထားသည်ကို တွေ့ရှိခဲ့ရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုလုပ်ရပ်တွင် ပူးပေါင်းပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်ခဲ့ရာ ၎င်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူ ခင်မောင်ထူး (ဘ) ဦးသန်းရွှေ ကို ဖမ်းဆီးရမိခဲ့ပြီး ဦးအောင်မောင်း ပါ မိသားစုဝင် ၄ ဦးကို ၎င်းတို့၏လုံခြုံရေးအတွက် နယ်မြေခံတပ်က စောင့်ရှောက်ထားရှိပြီး ကျန်ရှိသည့် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ မေ ၂၇ ရက် ညပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့ မြို့ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းပေါ်(ဘ)ဦးသာအေး နှင့် ဦးဟိန်းဇော်ဦး(ဘ) ဦးသိန်းရွှေ တို့ ၂ ဦးသည် နေအိမ်၌ရှိစဉ် လင်းနိုင်ထွန်း၊ ထွန်းအေးနှင့် ဝင်းနိုင်တို့ ၃ ဦးရောက်ရှိလာပြီး စကားပြောဆိုရန်ရှိသည်ဟုဆိုကာ အိမ်အပြင်ခေါ်ဆိုပြီး စကားများကြရာမှ လင်းနိုင်ထွန်းက အသင့်ပါလာသည့် လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဦးထွန်းပေါ်နှင့် ဦးဟိန်းဇော်ဦးတို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး လင်းနိုင်ထွန်းတို့ သုံးဦးမှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။



ကလေးမြို့၌ ရပ်/ကျေးဥက္ကဋ္ဌ၏ နေအိမ်ကို ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်ဖျက်ဆီးခဲ့သည်ကို တွေ့ရစဉ်။

အဆိုပါ လက်နက်ငယ်ကျည်ထိမှန် ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်ဆေးရုံသို့ပို့ဆောင်ဆေးကုသမှုခံယူစေရာ ဦးဟိန်းဇော်ဦးမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

လက်နက်ငယ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသူများ၏ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ရှာဖွေရာ လင်းနိုင်ထွန်းနှင့် ဝင်းနိုင်တို့ နှစ်ဦး မှာထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး လင်းနိုင်ထွန်း၏ နေအိမ်မှ UEC တံဆိပ်တုံး တစ်ခု၊ ဆန္ဒမဲစာရင်းပုံစံ(၁၆)နှင့် ကန့်ကွက်လွှာပုံစံ (၄) စာရွက်စာတမ်းများ၊ NLD တံဆိပ်ပါ ရှပ်အင်္ကျီများနှင့် ဦးထုပ်များကို သိမ်းဆည်းရမိခဲ့ပြီး ထွန်းအေး (ဘ)ဦးရှင်လာ အား ၎င်း၏ နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူအား ဖယ်ခုံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံများအား ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ရှိ လုံခြုံရေးရဲကင်းစခန်းနှင့် မွန်ပြည်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်သောင်းကျန်းသူများမှ လာရောက်တိုက်ခိုက်

**နေပြည်တော် မေ ၂၈**

ကရင်ပြည်နယ်ရှိ လုံခြုံရေးရဲကင်းစခန်းနှင့် မွန်ပြည်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်သောင်းကျန်းသူများမှ လာရောက်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်ခိုက်ခဲ့ရာ မေ ၂၇ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ကရင်ပြည်နယ် ဖာပွန်မြို့ရှိ ကူးဆိပ်ရဲကင်းစခန်းအား (စိစစ်ဆဲ) လက်နက်ကိုင်သောင်းကျန်းသူ အင်အား ၅၀ ခန့်သည် အရှေ့မြောက်ဘက်ရှိတောင်ကြောပေါ်မှ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ညနေ ၅ နာရီ မိနစ် ၄၀ တွင် အဆိုပါ သောင်းကျန်းသူများသည် လာလမ်းအတိုင်း ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ည ၉ နာရီခွဲတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာအနီးရှိ ရန်ကုန်-မော်လမြိုင်ကားလမ်း "ရွှေသံလွင်" တိုးဂိတ်အဟောင်းတွင် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ကိုက် ၁၀၀ ခန့်အကွာရှိ တောင်ကုန်းပေါ်မှ (စိစစ်ဆဲ) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ သောင်းကျန်းသူများမှာ ဒေါက်ရပ်ကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေဖြူမြို့နယ်တွင် ငွေကျပ်သိန်း ၁၀၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၇ ရက် နံနက် ၁၁နာရီခွဲတွင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ အလယ်စခန်းကျေးရွာအနီး ရေး-ကလိန်အောင်သွားကားလမ်း မလွှဲတောင်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်၌ လူမဲ့တန်ဆာဖြင့် တင်ဆောင်လာသည့် စုစုပေါင်း ငွေကျပ်သိန်း ၁၀၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ထိုနေ့ ညနေ ၅ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် ပြင်ဦးလွင်-မန္တလေးသွားကားလမ်း ကျောက်ချောကျေးရွာ ၁၆ မိုင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် နေလင်းဦး မောင်းနှင်လာသည့် TOYOTA WISH အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၆နာရီတွင် ပုသိမ်ကြီးမြို့နယ် ထုံးဘိုလမ်းခွဲတွင် သန်းကျော်ဌေး အား မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# မန္တလေး-မြစ်ကြီးနားလမ်းပိုင်း တံတားအမှတ်(၆၂၇)ကို သောင်းကျန်းသူ(စိစစ်ဆဲ) အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွား

**နေပြည်တော် မေ ၂၈**

မြန်မာ့မီးရထား၊ တိုင်းအမှတ်(၁) နယ်မြေ၊ မန္တလေး - မြစ်ကြီးနား လမ်းပိုင်း ဟိုပင်ဘူတာနှင့် နန်းခွင်ဘူတာကြား မိုင်တိုင် ၆၅၄ /၇-၈ ရှိ ပေ ၂၀ ဂါဒါ လေးလုံးတင်ထားသည့် ပေ ၈၀ အရှည်ရှိသော တံတား အမှတ် (၆၂၇)ကို မေ ၂၇ရက် ည ၁၁နာရီ မိနစ် ၄၀ တွင် သောင်းကျန်းသူ (စိစစ်ဆဲ) အကြမ်းဖက်အဖွဲ့မှ မိုင်းခွဲဖျက်ဆီးမှုဖြစ်ပွားခဲ့သည်။ **(ဓါတ်ပုံ)**

မိုင်းခွဲခံရမှုကြောင့် အဆိုပါ တံတား၏ ရေလယ်တိုင်အမှတ် (၃)၊ ပေ ၂၀ ဂါဒါ နှစ်ခု၊ တံတား ဇလီဖားတုံး ၅၀ နှင့် Guard Rail ၃၉ ပေ ၅ ချောင်း ပျက်စီးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဟိုပင် - မြစ်ကြီးနား လမ်းပိုင်းသည် လက်ရှိအချိန်တွင် လူစီးရထား၊ ကုန်ရထားများ ပြေးဆွဲမှု ရပ်တန့်ထားသော လမ်းပိုင်းဖြစ်၍ တံတားအမြန်ဆုံး ပြုပြင်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# လူမှုကွန်ရက်အား အသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကိုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်ခဲ့သည့် တက္ကသိုလ်/ ကောလိပ်/ ကျောင်းများရှိ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များအား ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

နေပြည်တော် မေ ၂၈

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအားထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအား ဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ပါကျောင်းသားသမဂ္ဂအဖွဲ့ဝင်များနှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

## လူမှုကွန်ရက်အား အသုံးချ၍ တရားဥပဒေချိုးဖောက်မှုကြောင့် ပုဒ်မ ၅၀၅ – က ဖြင့် အရေးယူထားသည့် ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်များ

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | December Aung San (Y P E) https://www.facebook.com/december.aungsan | ရဲရင့်ဘုန်းအောင်  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Paing Phyo Zin https://www.facebook.com/profile.php?id=100013227516734 | ပိုင်ဖြိုးဇင်  | ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | Thiri Moe https://www.facebook.com/mthirimoelwin | သီရိမိုး  | ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | Aung Nyi Nyi Thwin https://www.facebook.com/konyinyithwin | အောင်ညီညီသွင်  | အင်းတကော်မြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | C Thu Naing Dawei https://www.facebook.com/dailymaster.tu | စည်သူနိုင်  | ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | Hpone Myat Moe https://www.facebook.com/melvinkwin | ဖုန်းမြတ်မိုး  | မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၇ | Zin Maung Phyo https://www.facebook.com/zinmaung.phyo.98 | ဇင်မောင်ဖြိုး  | သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | May Thazin Oo https://www.facebook.com/uri.zin.5 | နန်းမြသဇင်ဦး  | လွိုင်လင်မြို့၊ ရှမ်းပြည်နယ် | ၅၀၅-က |  |
| ၉ | Nwae Ei Ei Kyaw https://www.facebook.com/nwae.ei.92 | နွေးအိအိကျော်  | မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | Aye Chan Ko https://www.facebook.com/profile.php?id=100016583042562 | အေးချမ်းကို  | မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၁၁ | Htet Aung Linn http://www.facebook.com/hteaung.linn.3110 | စောထက်အောင်လင်း  | ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၂ | Wai Yan Phyoe https://www.facebook.com/aye.ayechan.7393 | ဝေယံဖြိုး  | မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၃ | Khun Si Thu https://www.facebook.com/profile.php?id=100018956291681 | စည်သူအောင်  | လွိုင်ကော်မြို့၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၁၄ | Phue Pwint Soe https://www.facebook.com/phue.pwint.9421450 | ဖူးပွင့်စိုး  | ဟိုပင်မြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၁၅ | Oggar Myat (တာရာ) https://www.facebook.com/wilkinson.taryar | ဥဂ္ဂါမြတ်  | ကန်ကြီးဒေါင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၆ | Yamîn https://www.facebook.com/waterlily.waterlily.5036 | သီရိယမင်းအောင်  | မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၁၇ | May Thin Khaing(Tracy) https://www.facebook.com/tracymay.K | မေသင်းခိုင်  | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၈ | Myo Min Htet https://www.facebook.com/profile.php?id=100041605221360 | မျိုးမင်းထက်  | မိုင်းယောင်းမြို့၊ ရှမ်းပြည်နယ် | ၅၀၅-က |  |
| ၁၉ | U Zaw Myo Lwin (နွေဦးလွင်) https://www.facebook.com/zaw.m.lwin.528316 | ဇော်မျိုးလွင်  | တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂၀ | Min Thu Shein (James) https://www.facebook.com/mr.james.96 | မင်းသူရှိန်  | နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |

အထက်ဖော်ပြပါ ပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

သတင်းစဉ်


❖ **တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

# မုံရွာမြို့နယ်အတွင်း ဆူပူဆန္ဒပြမှုများ၊ အကြမ်းဖက်မှုများဆောင်ရွက်ရာတွင် ဦးဆောင်ပါဝင်ခဲ့သည့် တရားခံ ဝေမိုးနိုင်ကို ဖမ်းဆီးအရေးယူ

**နေပြည်တော် ဧပြီ ၂၈**

မုံရွာမြို့နယ်အတွင်း ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများတွင် ဦးဆောင်ပါဝင်သည့် မုံရွာတက္ကသိုလ် ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌဟောင်း ဝေမိုးနိုင်ကို ဧပြီ ၁၅ ရက်တွင် မုံရွာမြို့ ဘုန်းစိုးရပ်ကွက်အတွင်း ဆူပူဆန္ဒပြနေစဉ် ဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့် ဆက်စပ်တရားခံများအား ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားခံ ဝေမိုးနိုင်သည် အစိုးရ၏ အုပ်ချုပ်မှုယန္တရားရပ် တန့်စေရန်၊ တရားဥပဒေ စိုးမိုးရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၆ ရက်တွင် မုံရွာလူထုသပိတ်တိုက်ပွဲ ဦးဆောင် ကော်မတီကို ၎င်းအပါအဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဧပြီ ၁၅ ရက်အထိ ၆၈ ရက်တိုင်တိုင် မုံရွာမြို့နယ်အတွင်း နေရာအနှံ့အပြား၌ သပိတ်ပုံစံအမျိုးမျိုးဖြင့် ဆူပူဆန္ဒပြခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုပြုလုပ်ရန် ဖိအားပေးအကျပ်ကိုင်ခြင်း၊ CDM မပြုလုပ်သည့် ဝန်ထမ်းများကို ပြစ်မှုကျူးလွန်လာစေရန် လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သူဖြစ်သည်။




ထို့အပြင် ဝေမိုးနိုင်သည် နိုင်ငံတော်အစိုးရမှ မတရားအသင်း ကြေညာထားသည့် CRPH နှင့် ဆက်သွယ်ခြင်း၊ ဖမ်းဝရမ်းထုတ်ပြန်ထားရှိသော လွင်ကိုလတ်၊ ဇင်မာအောင်တို့၏ ညွှန်ကြားချက်အရ မုံရွာမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကို NLD ပါတီမှ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) ကိုယ်စားလှယ်ဟောင်း ဒေါ်အမာကြည် အပါအဝင် ၉ ဦးဖြင့် ဦးဆောင်ဖွဲ့စည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်နိုင်ရန်**

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တုံ့ပြန်တိုက်ခိုက်နိုင်စေရန်နှင့် ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မတ် ၄ ရက်တွင် Defence Team အဖွဲ့အား အောင်ကျော် (မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသားများ သမဂ္ဂအဖွဲ့ဝင်ဟောင်း)နှင့် ခန့်ဝေဖြိုး (မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသားများ သမဂ္ဂအဖွဲ့ဝင်ဟောင်း)တို့ဦးဆောင်၍ အဖွဲ့ဝင်အင်အား ၁၅၀ ခန့်ဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါ Defence Team ရန်ပုံငွေရရှိရေးအတွက် facebook လူမှုကွန်ရက် စာမျက်နှာတွင် **“မုံရွာလူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီ”** Page မှ ခုခံကာကွယ်ရေးလုပ်ငန်းအတွက် အလှူငွေကောက်ခံခဲ့ရာ ဂျပန်နိုင်ငံရောက် မြန်မာများက ငွေကျပ်သိန်း ၅၀၊ ကိုရီးယားနိုင်ငံရောက် မြန်မာများက ငွေကျပ် ၁၀ သိန်း၊ ပြည်တွင်းရှိ စုပေါင်းအလှူရှင်များက KBZ pay နှင့် Wave Pay တို့မှတစ်ဆင့် လှူဒါန်းငွေကျပ်သိန်း ၂၅၀ ခန့် စုစုပေါင်းငွေကျပ်သိန်း ၃၁၀ ခန့် ကောက်ခံရရှိခဲ့ပြီး အလှူရှင်များထံမှ ကောက်ခံရရှိသည့်ငွေများကို မေသန့်ဇင် (ဘဏ္ဍာရေးမှူး) နှင့် အောင်ကျော် (မုံရွာမြို့နယ် Defence Team ခေါင်းဆောင်)တို့က တာဝန်ယူဆောင်ရွက်ခဲ့သည်။

ယင်းငွေများဖြင့် မုံရွာမြို့တွင်း ပစ်ခတ်ဖောက်ခွဲနေသော အသံမိုင်း၊ လက်လုပ်ဗုံး၊ ဂက်စ်သေနတ်နှင့် လေသေနတ်များကို အောင်ကျော်မှ ဒီပဲယင်းမြို့နယ်တွင်နေထိုင်သူ ခင်ဇော် (မုံရွာမြို့၊ နည်းပညာတက္ကသိုလ် တကသအတွင်းရေးမှူးဟောင်း) နှင့် ချိတ်ဆက်၍ မင်းကင်းမြို့နယ်၊ လောင်းပြည့် ကျေးရွာတွင် ကိုထူး (ခ)ကိုအောင် (ရန်ကုန်မြို့တွင် နေထိုင်သူ)မှ လာရောက်ပြုလုပ်သင်ကြားပေးသည်ဟု သိရှိရသည်။

ပြုလုပ်ပြီးသည့် လက်နက် ၄၀၊ အသံမိုင်းနှင့် လက်လုပ်ဗုံး ၅၀ တို့ကို မုံရွာမြို့ ဘုန်းစိုးရပ်ကွက်၊ မေတ္တာဦးဆေးရုံ အနောက်ဘက်လမ်းရှိ ဦးကံဆွေ၏ နေအိမ်တွင် သိုလှောင်ထားရှိပြီး Defence Team အဖွဲ့ဝင်များအနေဖြင့် ၎င်း ဂက်စ်သေနတ်၊ လေသေနတ်များ၊ အသံမိုင်းနှင့် လက်လုပ်ဗုံးကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ရှိစဉ် ပစ်ခတ်တိုက်ခိုက်ရာတွင် အသုံးပြုခဲ့ကြောင်း သိရှိရသည်။

မတရားအသင်းအဖြစ် သတ်မှတ်ကြေညာထားသည့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြုကော်မတီ (CRSH)ဥက္ကဋ္ဌဖြစ်သည့် ဦးမြင့်ထွေး (စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တိုင်း(၂) လွှတ်တော် ကိုယ်စားလှယ်ဟောင်း) ၏ ဦးဆောင်မှုဖြင့် ဝေမိုးနိုင် ဦးဆောင်ဖွဲ့စည်းပေးခဲ့သည့် Defence Team မှ အဖွဲ့ဝင်များသည် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန် မုံရွာမြို့ မြန်မာ့စီးပွားရေးဘဏ်ရှေ့၊ နာရီစင်ရှေ့၊ မြို့တော်ခန်းမရှေ့နှင့် မုံရွာတက္ကသိုလ်ရှေ့တို့တွင် ဒေသန္တရလက်လုပ်ဗုံးများဖြင့် ဖောက်ခွဲခြင်း၊ မတ် ၂၆ ရက်တွင် မုံရွာမြို့မှ ရဲတပ်ဖွဲ့ဝင် ၂ ဦးကို ဆားကျင်းသုသာန်အနီး၌ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ထို့ပြင် ဝေမိုးနိုင် သည် ဦးမြင့်ထွေးနှင့် ဆက်သွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(ပကဖများ ဖွဲ့စည်းရန်၊ တစ်မြို့နယ်လျှင် ၅ ဦးစီဖြင့် စစ်အခြေခံသင်တန်းတက်ရောက်နိုင်ရေး မြောက်ပိုင်း လက်နက်ကိုင်အဖွဲ့များနှင့် ချိတ်ဆက်ထားရှိရန်နှင့် သင်တန်းပြီးဆုံးပါက တိုက်ခိုက်ရေးနှင့် ဖောက်ခွဲရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ပြုလုပ်ဆောင်ရွက်နိုင်ရန် ဆွေးနွေးပြောကြားခဲ့ပြီးနောက် ဧပြီလအတွင်း၌ ပြည့်ဖြိုးကျော် (မုံရွာနည်းပညာတက္ကသိုလ်ကျောင်းသားများ သမဂ္ဂအဖွဲ့ဝင်ဟောင်း) အပါအဝင် လူ ၃၀ အား KIA လက်နက်ကိုင်အဖွဲ့ထံသို့လည်းကောင်း၊ ထင်ရှားပြည့်လျှံ အပါအဝင် ၁၅ ဦး အား KNU တပ်မဟာ(၅) နယ်မြေသို့ လည်းကောင်း ပို့ဆောင်စေလွှတ်ခြင်းဖြင့် တည်ဆဲအစိုးရအပေါ် ပုန်ကန်ထကြွနိုင်စေရေး ပါဝင်ဆောင်ရွက်ခဲ့သည်။

**အမှုဖွင့်အရေးယူနိုင်ရေးဆောင်ရွက်**

သို့ဖြစ်၍ ဆူပူအကြမ်းဖက်မှုများတွင် ဦးဆောင်ပါဝင်ခဲ့သည့် တရားခံ ဝေမိုးနိုင်ကို ဆူပူအကြမ်းဖက်လှုပ်ရှားမှုများနှင့် ပတ်သက်၍ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း မုံရွာမြို့နယ်၊ မြို့မရဲစခန်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာဥပဒေ ပုဒ်မ ၂၅၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၁၄၊ ၃၀၂၊ ၃၂၅၊ ၃၄၂၊ ၃၉၅၊ ၅၀၅-က တို့ဖြင့် အမှုဖွင့်လှစ်ထားရှိခဲ့ပြီး ဝေမိုးနိုင်၏ ထွက်ဆိုချက်များအရ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၇(၁)၊ ၁၂၄ နှင့် ၅၁၁ တို့ဖြင့် ထိရောက်စွာ ဆက်လက်အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်သည့် ဖော်ပြပါဆက်စပ်တရားခံ ၂၃ ဦးကို ဆက်လက်အမှုဖွင့်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်သည်။

**(က) မုံရွာလူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီတွင် ပါဝင်သူများ**

(၁) ခန့်ဝေဖြိုး(မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသားသမဂ္ဂဟောင်း၊ မုံရွာလူထုသပိတ်တိုက်ပွဲ ဒုတိယဦးဆောင်သူ)။

(၂) သန်းကျော်ဦး(မုံရွာတက္ကသိုလ်လက်ရှိကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ)

(၃) ဟိန်းဇော်ဝင်း(မုံရွာ ဗကသဟောင်း)။

(၄) နွေဦးကို(မုံရွာ ဗကသဟောင်း)။

(၅) ဦးခင်မောင်စိုး(နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် မျိုးဆက်သစ်အင်အားစုများအဖွဲ့)။

(၆) ဦးစိုးဝင်းဆွေ (ဒီမိုကရေစီလိုလားသူများကွန်ရက်ဥက္ကဋ္ဌ)။

(၇) ဦးအောင်နေမျိုး (အရပ်ဘက်အဖွဲ့အစည်းများကိုယ်စားပြု ကော်မတီ)။

(၈) အောင်ကျော်(မုံရွာစီးပွားရေးတက္ကသိုလ်တကသဟောင်း)

(၉) ဒေါ်နု (၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)။

*စာမျက်နှာ ၂၆ သို့*

# ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရန် အသင့်ရောစပ်ထားသော ပြင်းအားမြင့်ပျော်ရည်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရန် အသင့်ရောစပ်ထားသော ပြင်းအားမြင့်ပျော်ရည်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဧပြီ ၂၇ ရက် ည ၇ နာရီခွဲတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် မိုင်းတွမ်း တောင်ပေါ်ကျေးရွာအုပ်စု ဝမ်မိုင်(အာခါ)ကျေးရွာအနီး၌ လော်ဂျေး(ခ)အားဂျေး (၄၂နှစ်) မောင်းနှင်လာသည့် FORTUNER မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ငွေကျပ်သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရန် အသင့်ရောစပ်ထားသည့် နီညိုရောင်နှင့် လိမ္မော်ရောင်ပြင်းအားမြင့်ပျော်ရည် (Concentrated) ၁၀၀ လီတာခန့် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော ဆေးရည်များကို မိုင်းဆတ်မြို့နယ် မဟုန်ကန်ကျေးရွာမှ နားယောင်းကျေးရွာသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**



လော်ဂျေး(ခ)အားဂျေး အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရန် အသင့်ရောစပ်ထားသော ပြင်းအားမြင့်ပျော်ရည်များနှင့်အတူ တွေ့ရစဉ်။

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အများပြည်သူပိုင် အဆောက်အအုံများကို မီးရှို့ဖျက်ဆီး

နေပြည်တော် ဧပြီ ၂၈

**မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အများပြည်သူပိုင် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။**

ထိုသို့လုပ်ဆောင်ရာတွင် ဧပြီ ၂၇ ရက် ညနေ ၆ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး တမူး မြို့နယ် ကွန်းတောင်ကျေးရွာရှိ ခေတ္တရပ်သိမ်းထားသည့် လုံခြုံရေးရဲကင်းစခန်းကို လက်နက်များ ကိုင်ဆောင်ထားသည့် ဆူပူအကြမ်းဖက်သူအင်အား(စိစစ်ဆဲ)မှ ဖျက်ဆီးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဆူပူအကြမ်းဖက်သူများမှာ ကျေးရွာမြောက်ဘက်တောအတွင်းသို့ ထွက်ပြေးသွားသည်ကို တွေ့ရှိရပြီး ရဲကင်းစခန်းဆိုင်းဘုတ်နှင့် ရဲကင်းစခန်းရုံးရှေ့ရှိ ခုံတန်းရှည်တို့ကို ရိုက်ချိုးဖျက်ဆီးသွားသည်ကို တွေ့ရှိရကြောင်း။




အလားတူ ဧပြီ ၂၈ ရက် နံနက် ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ် (၈၉)ရပ်ကွက် ကွမ်အပ်မင်းသားကြီးလမ်းရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို အကြမ်းဖက်သူ(စိစစ်ဆဲ)က မီးရှို့ခဲ့သဖြင့် မီးလောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် မီးငြိမ်းသတ်ခဲ့ရာ ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါ ရုံးအတွင်းရှိ ပြတင်းတံခါး ၁ ချပ်၊ လျှပ်စစ်မီတာ ၁ လုံး၊ TV ၁ လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

အထက်ပါ ဖြစ်စဉ်များမှ ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဧပြီ ၂၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဖြူးမြို့တွင် ၃ ဒသမ ၅၉ လက်မ၊ ဖားဆောင်းမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ကန့်ဘလူမြို့တွင် ၂ ဒသမ ၀၄ လက်မ၊ လွိုင်ကော်မြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၁ ဒသမ ၅၄ လက်မ၊ မိုးမိတ်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ သပိတ်ကျင်းမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၃၃ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ဘားအံမြို့တွင် ၁ ဒသမ ၀၆ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

*စာမျက်နှာ ၂၅ မှ*

(၁၀) မသေနံ့ဇင် (မုံရွာတက္ကသိုလ်ကျောင်းသားများသမဂ္ဂဘဏ္ဍာရေးမှူး)။

(ခ) **မုံရွာမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်သူများ**

(၁၁) ဒေါ်အမာကြည် (မုံရွာမြို့နယ်၊ အမှတ်(၁) မဲဆန္ဒနယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)။

(၁၂) ဒေါ်အောင်ကြည် (မုံရွာမြို့နယ်၊ အမှတ်(၂)မဲဆန္ဒနယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)။

(၁၃) ဦးသန်းအေး (ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ဂရက်)။

(၁၄) ဦးညီပု (နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ နာယက)

(၁၅) ဦးသော်တာ (ရာသက်ပန်လူမှုကူညီရေးအသင်း)။

(၁၆) ဦးညွန့်အောင် (၂၀၁၇-၂၀၂၀ NLD ပါတီ မုံရွာမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)။

(၁၇) ဦးချန်စိန် (မုံရွာမြို့နယ် NLD ပါတီ နာယက)။

(၁၈) ဒေါ်မီမီခိုင်(အထက်တန်းပြဆရာမ)။

(ဂ) **Defence Team ခေါင်းဆောင်များ**

(၁၉) ခန့်ဝေဖြိုး(မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသားသမဂ္ဂဟောင်း၊ မုံရွာလူထုသပိတ်တိုက်ပွဲ ဒုတိယဦးဆောင်သူ)။

(ဃ) **ဒေသန္တရလက်လုပ်ဗုံးများပြုလုပ်မှုနှင့် ပတ်သက်၍ ဆက်နွယ်သူများ**

(၂၀) ဦးမြင့်ထွေး(စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တိုင်း(၂) လွှတ်တော်ကိုယ်စားလှယ်ဟောင်း)

(၂၁) ခင်ဇော်(မုံရွာနည်းပညာတက္ကသိုလ်တသကအတွင်းရေးမှူးဟောင်း)။

(၂၂) ကိုထူး(ခ)ကိုအောင် (ရန်ကုန်မြို့တွင်နေထိုင်သူ)။

(၂၃) ဦးကံဆွေ (မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်)

မိဘပြည်သူများအနေဖြင့် အဆိုပါတရားခံများကို ဝိုင်းဝန်းဖမ်းဆီးပေးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးနိုင်ပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၌ နယ်မြေလှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူများက လက်နက်ငယ်များဖြင့် အကြမ်းဖက်ရန်ပြုတိုက်ခိုက်

**နေပြည်တော် ဧပြီ ၂၈**

မြန်မာနိုင်ငံအတွင်းရှိ အချို့မြို့များတွင် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များဖြစ်ပွားလျက်ရှိပြီး ဆန္ဒပြဖြစ်စဉ်များတွင် အေးချမ်းစွာ ဆန္ဒဖော်ထုတ်လိုသူများအကြား၌ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်သမားများလည်း ရောနှောပါဝင်လျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများသည် လူအများ ထိခိုက်ဒဏ်ရာ ရရှိစေနိုင်သည့် လက်လုပ်သေနတ်များ၊ လက်လုပ်ဗုံးများဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာခဲ့ပြီး ယခုအခါတွင် လက်နက်၊ ခဲယမ်း၊ ဗုံးသီးအစစ်များကိုပင် အသုံးပြု၍ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပိုမိုတိုးမြှင့်လုပ်ဆောင်လာခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဧပြီ၂၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၌ နယ်မြေလှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူများက လက်နက်ငယ်များဖြင့် အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် ခုခံပစ်ခတ်စဉ် အမျိုးသား တစ်ဦးသေဆုံး၍ လက်နက်ငယ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တမူးမြို့နယ်အတွင်း နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် နံနက် ၅ နာရီအချိန် ကွန်းတောင်ကျေးရွာအနီး ဒေသအခေါ် ဂေါ်ဘရန်အပေါက်အရောက် ဆူပူအကြမ်းဖက်သူအင်အား ၁၀ ဦးခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ၄၅ မိနစ်ခန့်အကြာတွင် ဆူပူအကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများ အနက်မှ အနက်ရောင်ဝတ်စုံနှင့် ခေါင်းစွပ်ဝတ်ဆင်ထားသည့်အမျိုးသားတစ်ဦးသေဆုံးလျက်တွေ့ရှိရပြီး ၎င်းလက်အတွင်းမှ AK 47 သေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၇.၆၂ ကျည် အတောင့်၂၀ နှင့် လက်ပစ်ဗုံး တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အား လုံခြုံမှုရရှိစေရေး လုံခြုံရေးလုပ်ငန်းများကို ထိရောက်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်သည့် ပြစ်မှုကျူးလွန်သူများကို သက်ဆိုင်ရာတရားရုံးအသီးသီးက ပြစ်ဒဏ်များချမှတ်

**နေပြည်တော် ဧပြီ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

**ပြစ်ဒဏ်များ အသီးသီး ချမှတ်**

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်က ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ကြသူများကိုလည်း စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ပြစ်ဒဏ်များချမှတ်ရာ၌ ရာဇသတ်ကြီး ပုဒ်မ (၁၈၈) အရ **ကယားပြည်နယ်အတွင်း** လွိုင်ကော်မြို့နယ်တရားရုံးမှ တရားခံလေးဦး၊ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်း** စစ်ကိုင်းမြို့နယ် တရားရုံးမှ တရားခံ ၁၆ ဦး၊ မြောင်မြို့နယ်တရားရုံးမှ တရားခံလေးဦးနှင့် ရွှေဘိုမြို့နယ် တရားရုံးမှ တရားခံကိုးဦး၊ **တနင်္သာရီတိုင်းဒေသကြီးအတွင်း** ထားဝယ်မြို့နယ် တရားရုံးမှ တရားခံ ၃၇ ဦး၊ သရက်ချောင်းမြို့နယ်တရားရုံးမှ တရားခံနှစ်ဦး၊ ရေဖြူမြို့နယ် တရားရုံးမှ တရားခံသုံးဦး၊ မြိတ်မြို့နယ်တရားရုံးမှ တရားခံ ၇၉ ဦး၊ ပုလောမြို့နယ်တရားရုံးမှ တရားခံနှစ်ဦး၊ ကော့သောင်းမြို့နယ်တရားရုံးမှ တရားခံ ၄၂ ဦးနှင့် ဘုတ်ပြင်းမြို့နယ် တရားရုံးမှ တရားခံငါးဦးတို့ကို ပြစ်ဒဏ်များ အသီးသီး ချမှတ်ခဲ့သည်။

**ကယားပြည်နယ်** လွိုင်ကော်မြို့နယ် တရားရုံး အနေဖြင့် တရားခံ ပြည့်စုံအောင် (ခ) ပြည့်စုံ၊ ကျော်ဖြိုးဝေ (ခ) အလီ၊ ကျော်ခိုင်ငြိမ်း (ခ) ပေါက်စီနှင့် မာဂရီးတာတို့ကို **ရာဇသတ်ကြီး ပုဒ်မ (၁၈၈) အရ အလုပ်မဲ့ထောင်ဒဏ် တစ်လစီ** ကျခံရန် အမိန့်ချမှတ်ခဲ့သည်။

**စစ်ကိုင်းတိုင်းဒေသကြီး** စစ်ကိုင်းမြို့နယ် တရားရုံးက မတ် ၆ ရက် ညပိုင်းတွင် စစ်ကိုင်းမြို့ ဇေယျာရပ်ကွက်လမ်းဆုံတွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံသူရပါ လေးဦး၊ မတ် ၁၂ ရက် ညပိုင်းတွင် တကောင်းရပ်ကွက် လမ်းမပေါ်တွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ တင်အောင်စိုး ပါနှစ်ဦး၊ အလားတူ မရှိခဏဘုရားလမ်းမပေါ်တွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ ရဲနောင်စိုး (ခ) ကိုနောင်ပါ လေးဦး၊ မတ် ၂၁ ရက် ညပိုင်းတွင် ထူပါရုံလမ်းတွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ ကျော်ဇင်ခန့်၊ မတ် ၂၀ ရက် ညပိုင်းတွင် ပြည်တော်သာကျေးရွာလမ်းမပေါ်တွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ ငပိန်၊ အလားတူ ညောင်ပင်ဝန်းကျေးရွာ လမ်းမပေါ်တွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ စံလွင်၊ မတ် ၂၃ ရက် ညပိုင်းတွင် ဘုရားဖြူဘုရားအနီးတွင် ဆိုင်ကယ်ဖြင့် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့် အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ မိုးသူနှင့် ဖိုးဇော်၊ မတ် ၂၉ ရက် ညပိုင်းတွင် နန္ဒဝန်ရပ်ကွက်အတွင်း အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ မင်းဇော်တို့ကို **ရာဇသတ်ကြီး ပုဒ်မ ၁၈၈ (ဒု)အရ အလုပ်နှင့် ထောင်ဒဏ် ၃ လစီ** ကျခံရန် အမိန့်ချမှတ်ခဲ့သည်။

**အလုပ်နှင့် ထောင် ဒဏ် ၃ လစီ ကျခံ**

ထို့အတူ မြောင်မြို့နယ်တရားရုံးက မတ် ၁၉ ရက် ညပိုင်းတွင် မြောင်မြို့နယ် ရွှေဂူနီဘုရားအနီး လမ်းကြားမှ လုံခြုံရေးယာဉ်တန်းအား ခဲများဖြင့် ပစ်ပေါက်ပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်ရာ၌ ပါဝင်သူ တရားခံ စံလင်းနှင့် နန်းစိုးအောင်၊ မတ် ၂၆ ရက် ညပိုင်းတွင် မြို့သစ်ရပ်ကွက်အတွင်း လူ ၅၀ ခန့်က ဆူပူဆန္ဒပြ၍ ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်ရာ၌ ပါဝင်သူ တရားခံ နောင်ရဲဇော်နှင့် ဝင်းမြင့်နိုင်တို့ကို **ရာဇသတ်ကြီး ပုဒ်မ ၁၈၈ (ဒု)အရ အလုပ်နှင့် ထောင်ဒဏ် ၃ လစီ** ကျခံရန် အမိန့်ချမှတ်ခဲ့သည်။

ရွှေဘိုမြို့နယ်တရားရုံးက မတ် ၈ ရက် ညပိုင်းတွင် ရွှေဘိုမြို့ အမှတ် ၁၀ လမ်းပေါ်တွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ ပြေငြိမ်း၊ ဦးစိုးစိုးဦးနှင့် တင်ထွန်း၊ အမှတ် (၁၀) ရပ်ကွက် စစ်သားစုဆောင်းရေးတပ်အနီး အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ ကျော်နိုင်ဦး၊ တင်နိုင်ထွန်း၊ ဟိန်းကျော်ထွန်း၊ မင်းအောင်၊ လွှမ်းမိုးနှင့် မစန်းစန်းမိုးတို့ကို **ရာဇသတ်ကြီး ပုဒ်မ ၁၈၈ (ဒု)အရ အလုပ်နှင့် ထောင်ဒဏ် ၃ လစီ** ကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**အလုပ်နှင့် ထောင်ဒဏ် တစ်လစီ ကျခံ**

**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် တရားရုံး**က တရားခံ သူရိန်၊ ကောင်းမြတ်ကျော်၊ အောင်ကျော်ဦး၊ တင်ကိုထူး၊ ငွေစိုး၊ အောင်မြတ်ဟိန်း၊ ဝင်းသိန်း၊ နေထူးအောင်၊ မောင်နီနီကျော်၊ အောင်သူဖြိုး၊ ညီဝင်းနိုင်၊ ဟိန်းဆက်အောင်၊ ကြည်စိုး၊ မြတ်သူ၊ မျိုးငြိမ်းအောင်၊ စိုးနိုင်၊ ကိုကို၊ ညီလေး၊ မြင့်သိန်း၊ ကောင်းမြတ်ဇော်၊ မောင်လေး၊ မင်းစိုးလွင်၊ ဘိုဘိုအောင်၊ လှဋ္ဌေးကို၊ လွင်ဖိုးဝင့်၊ စိုးမြိုင်၊ ပြည့်စုံအောင်၊ သက်လေး၊ သက်ဇင်၊ အောင်ခန့်၊ အောင်ကျော်၊ ကိုဦး၊ သက်ဝေလတ်၊ စိုးသူရနိုင်၊ မိုးကျော်သူ၊ ကျော်စိုးနိုင်နှင့် ဖြိုးအောင်၊ **ရေဖြူမြို့နယ်တရားရုံး**က ဦးကိုညွှန့်၊ သက်ကိုနှင့် တင်ထွန်းအောင်၊ **သရက်ချောင်းမြို့နယ်တရားရုံး**က ဦးအောင်ဋ္ဌေးနှင့် ဦးနေလင်း၊ **မြိတ်မြို့နယ်တရားရုံး**က ဦးဝင်းညွှန့်၊ အောင်အောင်၊ ဇော်ကို၊ ကျော်မျိုးနိုင်၊ မျိုးဟိန်းထက်၊ လှဋ္ဌေး၊ ချစ်သိန်း၊ ကျော်လှိုင်၊ သာယာ၊ ခိုင်လှဖြူ၊ အောင်ချမ်းသာ၊ မျိုးငယ်၊ ဝေဇင်၊ အောင်ကျော်မျိုး၊ သီဟ၊ ရန်ပိုင်စိုး၊ မအေးအေးလတ်၊ ကျော်ဇင်မိုး၊ စောရန်နိုင်၊ အောင်ကိုကို၊ ထွန်းငယ်၊ ကျော်ဇင်လင်း၊ ထွန်းငယ်၊ လင်းသူရိန်၊ မြင့်စိုး၊ အာကာလွင်၊ ညီညီပိုင်စိုး၊ စံဝင်း၊ ကိုပေါက်၊ လွှမ်းဝေဦး၊ ဇော်ဝင်း၊ အောင်မြင့်ဦး၊ မောင်မောင်၊ သက်ဇော်အောင်၊ သန်းထွန်းအောင်၊ မင်းမင်းထွန်း၊ မိုးကျော်သူ၊ မိုးမြင့်အောင်၊ ပြည့်စုံ၊ ဇော်မျိုးလွင်၊ စိုင်းတင့်စိုး၊ ကိုမွန်လေး၊ ကိုထိန်းလင်း၊ မင်းသူလွင်၊ အောင်ကျော်ဖြိုး၊ ထူးဇင်လင်း၊ လှိုင်ဖြိုး၊ ကျော်ထူး၊ ဟိန်းစိုး၊ ဇင်မင်းသူ၊ စိုးသော်၊ ဦးအောင်သန်း၊ တင်ကိုကို၊ သန်းနိုင်ဦး၊ ဝင်းအောင်၊ ဇင်မင်း၊ စိုးသူ၊ ဝင်းကျော်စိုး၊ ခင်ဇော်လတ်၊ မြင့်သန်း၊ ဇော်မျိုးထက်၊ နေမျိုး၊ ထိန်လင်းအောင်၊ ပြည့်ဖြိုးအောင်၊ ထွန်းသက်ပိုင်၊ ဇေယျာကိုကို၊ သီဟဇော်၊ ငြိမ်းချမ်းအောင်၊ ကျော်စိုးနိုင်၊ အောင်ဆန်းလွင်၊ ရဲကျော်ခိုင်၊ မိုးဇော်ဦး၊ အတာဦး၊ ကောင်းမြတ်သူ၊ မျိုးမင်းအေး၊ ဟိန်းဇော် ဖြိုး၊ ကျော်ကျော်၊ ရာဇာထွန်း၊ ဝဏ္ဏလင်း၊ ဇင်ဝင်းအောင်နှင့် ဇော်ဇော်ထိုက်၊ **ကော့သောင်းမြို့နယ်တရားရုံး** က ထင်လင်းကျော်၊ စိုးလွင်၊ ကျော်ဇောမြင့်၊ တင်လတ်၊ ဋ္ဌေးအောင်၊ ကျော်ဇင်လင်း၊ နိုင်နိုင်ကျော်၊ သက်နိုင်ဦး၊ အောင်မြတ်နိုး၊ သန်းဇော်၊ ထက်လှဇော်၊ အောင်နိုင်ဦး၊ ကိုကိုဦး၊ အောင်ကျော်မိုး၊ သားထွေး၊ သန်းစိုး၊ မအိအိဖြိုး၊ ကိုကိုလွင်၊ ဇော်ဇော်ထက်၊ ဇော်ဇော်၊ အောင်နိုင်စိုး၊ မျိုးဇော်ဦး၊ သောင်းအေး၊ သန်းဇော်ထွေး၊ သောင်းဋ္ဌေး၊ အောင်သက်ပိုင်၊ ကျော်မင်းသန့်၊ ရှိုင်းထက်၊ ကျော်ထွေး၊ ဇင်ကိုလွင်၊ ဖြိုးသော်ဒွေး၊ အောင်သန်းဦး၊ စိုးလေး၊ သက်ဇော်၊ အောင်ကျော်စိုး၊ နေမျိုး၊ ကိုကိုလွင်၊ မင်းထက်၊ မျိုးသက်ထွန်း၊ ထွန်းကိုကို၊ ကျော်သူထွေးနှင့် ကျော်ကျော်ထွေး၊ **ဘုတ်ပြင်းမြို့နယ် တရားရုံး**က ဇင်မင်းပိုင်၊ အောင်မင်းထွေး၊ အောင်အောင်ဦး၊ ထွန်းမင်းလတ်နှင့် ထွန်းထွန်းဦးတို့ကို **ရာဇသတ်ကြီး ပုဒ်မ ၁၈၈ အရ အလုပ်နှင့် ထောင်ဒဏ် တစ်လစီ** ကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ **ရခိုင်ပြည်နယ် အမ်းမြို့နယ် တရားရုံး**က ဖေဖော်ဝါရီလ ၉ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ် – ၁၉ ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာမှုမရှိဘဲ လူစုလူဝေးဖြင့် ဆိုင်းဘုတ်များကိုင်ဆောင် လှည့်လည်ခြင်းများ ပြုလုပ်ခဲ့သည့် ဒေါ်လမင်းကျော်၊ မစိုးကလျာထွန်း၊ မရတနာအောင်၊ မင်းထိုက်အောင်၊ မတင်တင်ချိုထွေး၊ မျိုးအောင်ချို နှင့် မသင်းမြတ်ခိုင် (ခ) ဖြူဖွေး တို့အား **သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေပုဒ်မ ၃၀ (က) အရ ဒဏ်ငွေကျပ် သုံးသောင်းစီ ပေးဆောင်ရန်နှင့် မပေးဆောင်နိုင်ပါက ထောင်ဒဏ် ၁၅ ရက်စီ ကျခံရန်၊ ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ အရ ဒဏ်ငွေကျပ် ငါးသောင်းစီ ပေးဆောင်ရန်နှင့် မပေးဆောင်နိုင်ပါက ထောင်ဒဏ် ၃ လစီ ကျခံရန်** အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုး**

# မြို့နယ်အချို့၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသား ရေးသားသူများနှင့် ဆန့်ကျင်ရေးစာသားပါ ဗီနိုင်း၊ ပိုစတာကိုင်ဆောင်ဆန္ဒပြသူများကို ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၈**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများ ဖြစ်ပေါ်စေရေးအတွက် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖျက်အမှောင့် ဆောင်ရွက်လိုသူအချို့မှလည်း နိုင်ငံတော်ဆန့်ကျင်ရေးစာသားများကို အများပြည်သူသုံး လမ်းမကြီးများ၊ နိုင်ငံတော်ပိုင်နှင့် အများပြည်သူပိုင် အဆောက်အဦများပေါ်တွင် ရေးသားခြင်း၊ ဆန့်ကျင်ရေးစာသားပါ ဗီနိုင်းစများ၊ ပိုစတာများ၊ စာရွက်များအား ချိတ်ဆွဲခြင်း၊ လမ်းများပေါ်တွင် ဖြန့်ကြဲခြင်းတို့ဖြင့် နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များအား ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းလျက်ရှိသကဲ့သို့ ဆန့်ကျင်စာ၊ လှုံ့ဆော်စာ၊ ရေးသားလှုံ့ဆော်ဖြန့်ဝေသူများကိုလည်း နိုင်ငံတော်တည်ငြိမ်ရေးအတွက် ရှေးရှုကာ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၇ ရက် ညနေ ၄ နာရီတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ဆင်းရွှေလီ(၄) လမ်းမပေါ်၌ အမျိုးသား ငါးဦး ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အမှတ်(၁)ရပ်ကွက်နေ အောင်ဖြိုးဦး(ခ) အန်းကုန်း(၁၉)နှစ် (ဘ)ဦးထွန်းနိုင်ကို နိုင်ငံတော်ဆန့်ကျင်ရေးလှုံ့ဆော်စာသားများပါ A–4 စာရွက်များ၊ ဆိုင်းဘုတ်များနှင့်အတူ တွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြဝတီမြို့၌ အမျိုးသားတစ်ဦးအား ဆန့်ကျင်စာများနှင့်အတူ ဖမ်းဆီးရမိမှု။

# ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) တတိယလှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး / သတိပေးနှိုးဆော်ချက် (၂)

**နေ့စွဲ- (၂၆-၄-၂၀၂၁)**

ကမ္ဘာ့တစ်ဝန်းလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(COVID-19)ကပ်ရောဂါသည် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက် ပြန့်ပွားလျက်ရှိနေပြီး လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ရောဂါကူးစက်ဖြစ်ပွားသူဦးရေ (၅.၂) သန်းကျော်ရှိခဲ့ရာ **ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ရက်သတ္တပတ်**အဖြစ် စံချိန်တင်ဖြစ်ပွားခဲ့ပါသည်။

အိမ်နီးချင်း အိန္ဒိယနိုင်ငံတွင် နေ့စဉ်ဆက်လက်၍ ရောဂါဖြစ်ပွားသူဦးရေ (၃) သိန်းကျော်ရှိခဲ့ပြီး ထိုသို့ကူးစက်မှုများ အတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများအနေဖြင့် ကူးစက်မှုနှုန်း (၇၀%) အထိ ပိုမိုမြန်ဆန်နိုင်သည့် UK Variant (B.1.1.7) နှင့် ကူးစက်မှုနှုန်းမြန်၍ အချို့ကာကွယ်ဆေးများ၏ထိရောက်မှုကို လျော့ကျစေနိုင်ဖွယ်ရှိသည့် South Africa Variant (B.1.351) တို့ကိုလည်း လေ့လာတွေ့ရှိရကြောင်း သိရှိရပါသည်။ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ခုနစ်သိန်းလေးသောင်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်သောင်းတစ်ထောင်ကျော် ရှိနေပြီဖြစ်ပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင်လည်း ရောဂါကူးစက်မှု တတိယလှိုင်းအဖြစ် ကူးစက်ဖြစ်ပွားသူဦးရေ သိသာစွာ မြင့်တက်လျက်ရှိပါသည်။

အထက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်နေသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် အောက်ဖော်ပြပါအခြေခံကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **"ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ"** ဟူသည့်ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေလိုက်နာဆောင်ရွက်ကြပါရန် အသိပေး/ သတိပေးနှိုးဆော် ပန်ကြားအပ်ပါသည်-

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျတပ်ဆင်ထားပါ၊ လူအများနှင့်ထိတွေ့ ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့် (၂၀) ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက် မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက်(၆၀) နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/ နှလုံး စသည့်...နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့် တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ပါ၊

(၁၂) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခမ်းခြင်း ရုတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်များအတွင်းရှိ ကျေးရွာ/ ရပ်ကွက် အချို့တို့မှ ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဧပြီ ၂၈**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ညောင်ရွာကျေးရွာ၊ ရေဥက္ကံကျေးရွာ၊ အမှတ် (၇) ရပ်ကွက်၊ အမှတ် (၈) ရပ်ကွက်၊ အမှတ် (၉) ရပ်ကွက်၊ အမှတ် (၁၆) ရပ်ကွက်၊ အမှတ် (၂၀) ရပ်ကွက်၊ ရွှေလင်ဗန်းစက်မှုဇုန်နှင့် ရွှေပြည်သာမြို့နယ်အတွင်းရှိ အမှတ် (၁) ရပ်ကွက်၊ အမှတ် (၆) ရပ်ကွက်၊ အမှတ် (၁၈) ရပ်ကွက်၊ အမှတ် (၂၃) ရပ်ကွက်၊ အုတ်ဖိုရပ်ကွက်၊ လှော်ကားရပ်ကွက်များရှိ အိမ်ထောင်စု စုစုပေါင်း ၃၆၈၄၀ တို့အတွက် ဆန်၊ ဆီ၊ ပဲများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အလားတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်နှင့် အမရဌာနီအရှေ့ရပ်ကွက်များအတွင်းရှိ အိမ်ထောင်စု စုစုပေါင်း ၃၀၀ တို့အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိနယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းမှာ ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေရန် ဆန့်ကျင်ရေးစာများ ရေးသားသည့် နေရာများအပေါ် အဖြူရောင်ဆေးများဖြင့် ပြန်လည်သုတ်ပေးလျက်ရှိ

**ရန်ကုန် ဧပြီ ၂၈**

နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေရန် ဆန့်ကျင်ရေးစာများရေးသား၍ လှုံ့ဆော်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများမှ နေ့စဉ်ပူးပေါင်း ရှင်းလင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ မြို့ / အိုး အိမ်ရာစီမံကိန်း သွပ်ခြံစည်းရိုးတွင် လည်းကောင်း၊ အင်းစိန်မြို့နယ် အောင်ဇေယျတံတား ဘေးကာနံရံနှင့် ကြိုးထိန်းတိုင်များတွင် လည်းကောင်း၊ ဆေးများဖြင့် ရေးထားခြင်းများအား ဖျက်သိမ်းခဲ့ခြင်း၊ ဆေးများဖြင့် နိုင်ငံရေးဆန့်ကျင်စာသားများ ဖျက်သိမ်းဆောင်ရွက်ခြင်းအား ဆောင်ရွက်ခဲ့ပြီး စမ်းချောင်းမြို့နယ် ဗဟိုလမ်းမပေါ်မှ ဆန္ဒပြသူများမှ နိုင်ငံတော်ဆန့်ကျင်သည့် စာသားများ၊ ဆူပူမှုအား လှုံ့ဆော်သည့် စာသားများ ရေးသားထားမှုများကိုလည်း သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ လက်ထောက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရုံးဝန်ထမ်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဝန်ထမ်းများပူးပေါင်း၍ ၎င်းဆူပူမှုအား လှုံ့ဆော်သည့် စာသားများအပေါ်တွင် အဖြူရောင်ဆေးသုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**


### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ (၆၇၄၀၀၀)ဂါလန်အား မြန်မာကျပ်ငွေ ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | D.D.P |
|---|---|---|
| (က) | 033/DHPI/Fuel/2020-2021 | At Site |

၂။ ပစ္စည်းများ၏ နည်းပညာအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အားသီးခြားစီချိပ်ပိတ်၍ ၂၄-၅-၂၀၂၁ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ပြည်လုံးနိုင်ကွက်၊ ဦးပိုင်အမှတ်(၅၇-က)၊ ဧရိယာ ၀ ဒသမ ၁၀၃ ဧကအနက်မှ ၀ ဒသမ ၀၄၁ဧကရှိ ဝိုင်းမြေကို ဒေါ်စကီနာမှ ဦးညွန့်လွင်အား ရောင်းချခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ဦးညွန့်လွင်မှ ၎င်းဝိုင်းမြေကို ဦးပိုင်စိုးနောင်အား အပြီးအပိုင်ရောင်းချခဲ့ပါသည်။ ၎င်းမြေကွက်ကို ဦးပိုင်စိုးနောင်မှ ၎င်း၏အမည်ပေါက် ဂရန်ရရှိရေးအတွက် ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ဒေါ်စကီနာနှင့်ပတ်သက်သူများမှ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၁၄ ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးပိုင်စိုးနောင်**
ဖုန်း-၀၉-၅၀၆၁၀၉၉


## ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး


### ရုပ်သံကျွမ်းကျင်(၂) (သတင်းကြေညာသူ)၊ ရုပ်သံကျွမ်းကျင်(၂) (Myanmar International)၊ ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား)၊ အသံလွှင့်ကျွမ်းကျင်(၂)(သတင်း/အစီအစဉ်ကြေညာသူ)၊ အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား)(ရခိုင်)၊ အငယ်တန်းအင်ဂျင်နီယာ(၂)နှင့် အနုပညာရှင်(၂)ရာထူးများ စာမေးပွဲစစ်ဆေးမည့်နေရာအား ထပ်မံဖြည့်စွက်ကြေညာခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရုပ်သံကျွမ်းကျင်(၂)(သတင်းကြေညာသူ)၊ ရုပ်သံကျွမ်းကျင်(၂) (Myanmar International)၊ ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား)၊ အသံလွှင့်ကျွမ်းကျင်(၂)(သတင်း/အစီအစဉ်ကြေညာသူ)၊ အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား)(ရခိုင်)၊ အငယ်တန်းအင်ဂျင်နီယာ(၂)နှင့် အနုပညာရှင်(၂)(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ခေါ်ယူထားသော ရာထူးများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများအား ရေးဖြေစစ်ဆေးခြင်းကို (၁၁-၅-၂၀၂၁)ရက်နေ့တွင် နေပြည်တော်-တပ်ကုန်း၌ ပြုလုပ်မည်ဖြစ်ကြောင်း ကြေးမုံသတင်းစာတွင် (၂၂-၄-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့အလင်းသတင်းစာတွင် (၂၃-၄-၂၀၂၁)ရက်နေ့တွင် လည်းကောင်း ထည့်သွင်းကြေညာပြီး ဖြစ်ပါသည်။

၂။ လျှောက်ထားသူများ သွားရေးလာရေး အဆင်ပြေချောမွေ့စေရန်အတွက် ဖြေဆိုရမည့်နေရာကို နေပြည်တော်-တပ်ကုန်းမြို့နှင့် ရန်ကုန်မြို့ (၂)နေရာတို့၌ (လျှောက်ထားသူများ၏ လိပ်စာအတိုင်း သတ်မှတ်ထားရှိ၍) ဖြေဆိုရန် စီစဉ်ထားရှိပါသည်။

၃။ လျှောက်ထားသူများကို ဖြေဆိုရမည့်နေရာအလိုက် ခုံအမှတ်များအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရန်ကုန်နှင့် နေပြည်တော်-တပ်ကုန်းတို့တွင် ကြေညာထားမည်ဖြစ်ပြီး စုံစမ်းမေးမြန်းလိုပါက နေပြည်တော်-တပ်ကုန်း ဖုန်း-၀၆၇-၈၀၇၉၁၈၅ သို့ လည်းကောင်း၊ ရန်ကုန် ဖုန်း-၀၁-၅၃၇၆၁၂ သို့ လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော်**

### အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်ဟေမာအေးမြင့် ၉/လဝန(နိုင်)၁၂၄၉၂၃သို့ ပုဗ္ဗသီရိမြို့နယ်၊ မြေကွက်အမှတ် (ပ-၃၁၄၁၉)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေနှင့်ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၂၈၂၅)၊ (၁၄-၈-၂၀၁၉)ရက်စွဲဖြင့် ဒေါ်ခင်စိန်မြင့် ၉/ပမန(နိုင်)၀၅၈၉၂၃မှ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို (၂၉-၄-၂၀၂၁)ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းကြောင်း အသိပေးကြေညာလိုက်ပါသည်။

ဒေါ်ဟေမာအေးမြင့် ၉/လဝန(နိုင်) ၁၂၄၉၂၃
ဖုန်း-၀၉-၄၂၃၃၂၂၀၁၁


## စာအုပ်စာပေ လူ့မိတ်ဆွေ


### ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၃/ပဒေသာ)၊ ဦးပိုင်အမှတ်(၅)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးမာဟာဒေ့(မ်)၉/မမန(ဧည့်)၀၀၀၃၈၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက် အမှတ် ၁၃၊ မြေကွက်အမှတ် ၈၆၆၊ မြေကွက်တည်နေရာ အမှတ်-၅/ခ၊ အောင်မာဃလမ်း၊ (၁)ရပ်ကွက် လှိုင်မြို့နယ် (ငယ်စာရင်း) အမည်ပေါက် ဒေါ်နုနု ၁၂/ဥကမ(နိုင်)၀၇၄၀၁၄ ကိုယ်တိုင်မှ မြေပိုင်ဆိုင်မှု အရပ်ကတိစာချုပ် အထောက်အထား၊ အမှတ်(၁)ရပ်ကွက် ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့ (၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်စုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၉-၄၃၀၁၉၁၆၂၊ ၀၉-၄၃၀၂၇၃၃၇
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ၀၉-၄၅၀၅၃၉၅၅၃၊ ၀၉-၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၉-၄၄၈၀၄၂၂၁၄၊ ၀၉-၄၃၀၃၆၀၃၀၊
  ၀၉-၄၂၀၁၄၅၆၁၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၉-၄၅၀၀၂၅၅၇၀၊ ၀၉-၄၅၀၀၂၅၁၄၅၊
  ၀၉-၇၇၃၀၉၄၉၃၁
- The Global New Light of Myanmar(ရန်ကုန်)
  ၀၉-၂၅၀၂၀၄၆၅၃၊ ၀၉-၇၇၀၆၇၇၅၁၃၊
  ၀၉-၉၈၃၉၂၄၉၉၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၄၄၂၂၇၁၁၀၇
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၄၂၂၁၇၀၁၀၄
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၉-၆၈၇၉၀၂၇၁၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၉-၉၇၅၃၂၈၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၉-၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၉-၇၈၁၉၀၇၈၀၇

သင့် လုပ်ငန်းများအောင်မြင်ဖို့
အမျိုးမျိုးအနယ်နယ်ပျံ့သည့်
မြန်မာ့အလင်း
ကြေးမုံ
The Global New Light of Myanmar
သတင်းစာတွင် ကြော်ငြာထည့်ကြစို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ မိုးကုတ်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မဲရုံ ၂၆၆ ရုံ | ၂၀၃၇၃၈ | ၁၆၉၂၂၆ | ၂၁၂၃၇ | ၂၂၆၂ | ၂၆၃၇၂ |
| ၂ | မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် မဲရုံ ၁၄၄ ရုံ | ၁၄၇၁၂၁ | ၁၁၁၁၇၄ | ၂၁၇၆၅ | ၁၆၈၅ | ၁၆၅၈၀ |
| ၃ | မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မဲရုံ ၃၁၈ ရုံ | ၁၉၅၅၄၈ | ၁၆၀၇၈၂ | ၁၆၁၉၂ | ၁၈၀၂ | ၂၃၂၁၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ မိုးကုတ်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၇၂၈ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၁၉၃၇၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၁၆၂၃၁ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၀၃၁၄၅ ၊ မြေပြင်လက်ကျန် ၁၈၄၆၅၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်း ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၂၃၇၆၉ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၂၈၂ ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❍

## ဂျပန်နိုင်ငံတွင် အသွင်ပြောင်း ကိုဗစ်–၁၉ မျိုးစိတ်သစ်ကြောင့် ကိုဗစ်–၁၉ ကူးစက်မှု ပိုမိုဖြစ်ပွားကြောင်း ကျွမ်းကျင်သူများပြော

နိုင်ငံတကာသတင်း စာ ၁၃

## ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် မှန်ကန်မှုမရှိသည့် သေဆုံးမှုစာရင်းများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ပြည်တွင်းသတင်း စာ ၁၆



ရန်ကုန်မြို့ သခင်မြပန်းခြံတွင် လာရောက်အပန်းဖြေသူများကို တွေ့ရစဉ်။ ဓာတ်ပုံ–အာကာလင်း

## ရန်ကုန်မြို့ရှိ ပန်းခြံများ၌ ပြည်သူများ အေးချမ်းစွာ လာရောက်အပန်းဖြေ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်မြို့ရှိ ပန်းခြံများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ခဲ့ရာ ဧပြီ ၂၈ ရက်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်အပန်းဖြေလျက်ရှိသည်။

"ကိုဗစ်ရောဂါ လျော့နည်းလာပြီး ပန်းခြံတွေပြန်ဖွင့်တော့ အပန်းဖြေမှုတွေ၊ အားကစားလှုပ်ရှားမှုတွေ လုပ်ရတာပေါ့။ ကျွန်မတို့မိသားစု ကိုဗစ်မဖြစ်ခင်ကလည်း သခင်မြပန်းခြံမှာ ကိုယ်လက်လှုပ်ရှားမှုတွေ လာရောက်ပြုလုပ်ပါတယ်"ဟု အလုံမြို့နယ်မှ မထွေးထွေးက ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ပန်းခြံပေါင်း ၆၁ ခုနှင့် အားကစားကွင်းပေါင်း ၁၆၁ ခုရှိရာ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်–၁၉ ရောဂါ အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏

စာမျက်နှာ ၈ ကော်လံ ၅ ❄



မန်ယူအသင်းသားများအား တွေ့ရစဉ်။

## ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် မန်ယူနှင့် ရိုးမား၊ ဗီလာရီးရဲနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားမည်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့အဖြစ် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနှင့် စီးရီးအေကလပ် ရိုးမားအသင်း၊ လာလီဂါကလပ် ဗီလာရီးရဲအသင်းနှင့် ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းတို့ ပွဲစဉ်များကို ဧပြီ ၃၀ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မန်ယူအသင်းသည် ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွင် လာလီဂါကလပ် ဂရန်နာဒါအသင်းနှင့် တွေ့ဆုံခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက် ရိုးမားအသင်းကအဆိုပါအဆင့်တွင် နယ်သာလန်ကလပ် အိုင်းယက်စ်အသင်းနှင့် တွေ့ဆုံခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်ခြေက်ပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ နှစ်ပွဲသရေကျပြီး လေးပွဲအထိ နိုင်ပွဲရရှိထားသည်ကို တွေ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●